# ကြေးမုံ
# The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 9 March 2025 ၁၁၇၅၆


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ချစ်ကြည်ရေးခရီးစဉ်တွင်လိုက်ပါလာသည့် အမျိုးသမီးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဆာမားရား၌တွေ့ဆုံဆွေးနွေးစဉ် ပါဝင်သည့်အမျိုးသမီးများအား ဂုဏ်ပြု

နေပြည်တော် မတ် ၈

ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆာမားရားမြို့သို့ အထူးလေယာဉ်ဖြင့် သွားရောက်ခဲ့သည်။ စာမျက်နှာ ၃ ကော်လံ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆာမားရားမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံမှ အမျိုးသမီးများအား အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုစကားပြောကြားစဉ်။




ကြေးမုံ

# မြန်မာ - ဘယ်လာရုစ် ရင်းနှီးချစ်ကြည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတအပါအဝင် ခေါင်းဆောင်များနှင့်တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် ကုန်းတွင်းနိုင်ငံများတွင် အကြီးဆုံးနိုင်ငံဖြစ်သည်။ ကမ္ဘာ့လူဦးရေအများဆုံးဖြစ်သော တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံကြီး နှစ်နိုင်ငံကြားတွင် ဆက်စပ်တည်ရှိနေသည့် နိုင်ငံဖြစ်သကဲ့သို့ အရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံများအကြားတွင်လည်း ပေါင်းကူးတံတားသဖွယ်ရှိသည့် နိုင်ငံဖြစ်သည်။ ကမ္ဘာပေါ်တွင် အဓိကဆန်တင်ပို့သည့် ထိပ်တန်းနိုင်ငံများတွင် ပါဝင်ပြီး ကမ္ဘာ့ပဲတင်ပို့မှုတွင်လည်း ဒုတိယအမြင့်ဆုံးနိုင်ငံဖြစ်သည်။

ပထဝီအနေအထားအရ ဆက်စပ်တည်ရှိနေသော ဘယ်လာရုစ်နိုင်ငံသို့ မြန်မာနိုင်ငံမှ နိုင်ငံတော်အကြီးအကဲနှင့်ခေါင်းဆောင်များသည် ဘယ်လာရုစ်နိုင်ငံ သမ္မတ၏ ဖိတ်ကြားချက်အရ ယခုဒုတိယအကြိမ်မြောက် နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိခဲ့ခြင်းဖြစ်ပြီး ဘယ်လာရုစ်နိုင်ငံ၏ ခေတ်မီတိုးတက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ နည်းစနစ်များ၊ ယန္တရားများ၊ အထောက်အကူပြုစနစ်များနှင့် လက်တွေ့ပေါင်းစပ်ကျင့်သုံးသွားမည်ဆိုလျှင် မြန်မာနိုင်ငံအတွက်သာမက နှစ်နိုင်ငံစလုံးအတွက် အကျိုးရလဒ်များ အပြည့်အဝရရှိခံစားနိုင်မည်ဟု ယုံကြည်သည်။ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ နယ်ပယ်စုံကဏ္ဍစုံတွင် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရန် ယခုခရီးစဉ်တွင် နိုင်ငံတော်အကြီးအကဲက ဖိတ်ခေါ်ထားသည်။

ဘယ်လာရုစ်နိုင်ငံသည် နိုင်ငံတကာမျက်နှာစာတွင် ဘယ်လာရုစ်နိုင်ငံအစိုးရ၊ ပြည်သူများက မြန်မာနိုင်ငံအပေါ်တွင် အပြုသဘောဆောင်ရပ်တည်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ထိုက်သည့်နိုင်ငံဖြစ်သည်။ ထို့ကြောင့် နှစ်နိုင်ငံဆက်ဆံရေးတွင်သာမက နိုင်ငံတကာမျက်နှာစာတွင်လည်း ပူးပေါင်းလက်တွဲမှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်၌ အဓိကကျသည့် ရေနက်ဆိပ်ကမ်းများရှိရာ အထူးသဖြင့် သီလဝါအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းသုံးခုသည် ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် အခွင့်အလမ်းကောင်းများစွာရှိသဖြင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်သည်။

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ရာ၌ စီးပွားရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို တိတိကျကျဆွေးနွေးနိုင်ခဲ့သည်။ လူသားချင်းစာနာထောက်ထားရေးကဏ္ဍများကိုလည်း ဆွေးနွေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံမှထွက်ရှိသော စားသောက်ကုန်လုပ်ငန်းများနှင့်ပတ်သက်၍ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးကဏ္ဍတွင် အထောက်အကူပြုနိုင်ရန်အတွက် ဘယ်လာရုစ်နိုင်ငံက နည်းပညာပိုင်းဆိုင်ရာတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးရေးကဏ္ဍ၊ ဆေးဝါးကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ဘယ်လာရုစ်နိုင်ငံသည် မြင့်မားသည့်နည်းပညာများပိုင်ဆိုင်ထားသောနိုင်ငံဖြစ်သည်။ ယခုနှစ်အတွင်း နှစ်နိုင်ငံစီးပွားရေးဆိုင်ရာကော်မရှင်အစည်းအဝေးများ ကျင်းပသွားမည်ဖြစ်သည်။ နှစ်နိုင်ငံ သိပ္ပံနှင့် နည်းပညာကဏ္ဍနှင့်ပတ်သက်၍ ကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်သွားရန်ရှိသည်။ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံမှ ပညာသင်များ လာရောက်သည့်အခါ ဘယ်လာရုစ်နိုင်ငံက အစစအရာရာကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မကြာမီကာလတွင် ဘယ်လာရုစ်နိုင်ငံမှ ဝန်ကြီးများ၊ တာဝန်ရှိအဆင့်မြင့်ပုဂ္ဂိုလ်များ မြန်မာနိုင်ငံသို့လာရောက်မည်ဖြစ်သည်။ မြန်မာနိုင်ငံမှ သက်ဆိုင်ရာကျွမ်းကျင်သူများ၊ တာဝန်ရှိသူများအပြန်အလှန်သွားရောက်ကြမည်ဖြစ်သည်။ ထိုသို့ အပြန်အလှန်သွားရောက်ကြပြီး နှစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရနိုင်သည့် အခွင့်အလမ်းများကိုလေ့လာပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ နားလည်မှုစာချွန်လွှာများ၊ စာချုပ်များကို အမြန်ဆုံးချုပ်ဆို ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများရှိနေသည်။ ယခုခရီးစဉ်အတွင်း မြန်မာနိုင်ငံအကြီးအကဲက ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတအား မြန်မာနိုင်ငံသို့ လာရောက်ရန်ဖိတ်ခေါ်ထားပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများမှ နှစ်နိုင်ငံအကျိုးရှိမည့်ရလဒ်ကောင်းများကို ဖော်ထုတ်နိုင်မည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဆင့်မြင့်ခေါင်းဆောင်များ ဘယ်လာရုစ်နိုင်ငံသို့ တရားဝင်သွားရောက်ခဲ့သည့် ခရီးစဉ်တွင် နှစ်နိုင်ငံချစ်ကြည်ရေး၊ နှစ်နိုင်ငံစီးပွားရေးနှင့် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများကို တိတိကျကျဆွေးနွေးညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ခဲ့သောကြောင့် မြန်မာ- ဘယ်လာရုစ်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်စေမည့်ကဏ္ဍများစွာတို့ကို လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့သည်ကို ရှုမြင်ရပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

**(က)** ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

**(ခ)** နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

**(ဂ)** နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

**(ဃ)** ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပုဗ္ဗသီရိမြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

နေပြည်တော် မတ် ၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပုဗ္ဗသီရိမြို့နယ်အတွင်း နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း ရန်ပုံငွေ / ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေ/ ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးသွားသည့် လမ်းများ ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ယမန်နေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်တိုင်းတာဝန်ခံ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးထွန်းဝေက တိုင်း/ ခရိုင် / မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများနှင့်အတူ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစေရေး၊ အချိန်မီပြီးစီးစေရေးတို့ကို အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

အောင်ကို (ပြန်/ဆက်)

## သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲ ကျင်းပ

မော်လမြိုင် မတ် ၈

မွန်ပြည်နယ်အတွင်း သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျင်းပသည့် ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ပြည်နယ်သမဝါယမဦးစီးဌာန (မော်လမြိုင်) ၌ ကျင်းပသည်။ ဆွေးနွေးပွဲတွင် ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့မှ ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို မွန်ပြည်နယ်သမဝါယမဦးစီးဌာနတွင် မတ် ၅ ရက်မှ ၇ ရက်အထိ Virtual System ဖြင့် ပြုလုပ်မည်ဖြစ်ရာ ပြည်နယ်အတွင်းရှိ သမဝါယမအသင်းအဆင့်ဆင့်တို့မှ အသင်းအမှုဆောင်နှင့် အသင်းဝန်ထမ်း ၅၀ တက်ရောက်မည်ဖြစ်သည်။ သင်တန်းတွင် သမဝါယမဦးစီးဌာနက လက်ရှိဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် နိုင်ငံတော်ဘတ်ဂျက်ဖြင့် လူမှုစီးပွားမြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မိုးစပါး၊ ဝါ၊ ဆောင်းသီးနှံ(နေကြာ) စိုက်ပျိုးရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုနှင့် သီးနှံများ အထွက်နှုန်းတိုးတက်ပြီး ပန်းတိုင်ရည်မှန်းချက်ရရှိရေးအတွက် စနစ်တကျဆောင်ရွက်မှု၊ သမဝါယမအသင်းများ စာရင်းဇယားများ စနစ်တကျရှိစေရန်နှင့် ဘဏ္ဍာငွေများ စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန် အချက်များနှင့်ပတ်သက်၍ ရှင်းလင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၈ - ၃ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၄၉၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်နိုင်ငံမှ ပြန်လည်ထွက်ခွာ၊ ရုရှားနိုင်ငံဆာမားရားမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်းသို့ သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် မတ် ၈**

ဘယ်လာရုစ်နိုင်ငံသမ္မတ မစ္စတာ လူကာရှန်းကော့၏ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့သို့ နိုင်ငံတော်အဆင့် (Official State Visit) ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာရာ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Maxim Ryzhenkov၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာစဉ် ဘယ်လာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူစဉ်။

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာစဉ်ဘယ်လာရုစ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရုရှား နိုင်ငံ ဆာမားရားမြို့ Kurumoch အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိရာ ဆာမားရားမြို့

**စာမျက်နှာ ၄ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားနိုင်ငံ ဆာမားရားမြို့ Kurumoch အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဆာမားရားမြို့ ဒေသအစိုးရအဖွဲ့အကြီးအကဲ Mr. A.V Fedorishchev၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားနိုင်ငံ ဆာမားရားမြို့ Kurumoch အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရိုးရာအစားအစာဖြင့် ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ်လိုက်ပါသွားကြသည့် အမျိုးသမီးကိုယ်စားလှယ် အဖွဲ့ဝင်များအား ဆာမားရားမြို့မှ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုပန်းစည်းများ ပေးအပ်စဉ်။

**☆ ရှေ့ဖုံးမှ**

ထိုသို့သွားရောက်နေစဉ်အတွင်း နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် အမျိုးသမီးကိုယ်စားလှယ်အဖွဲ့ဝင်များအား အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် အထူးလေယာဉ်ပေါ်၌ ဂုဏ်ပြုစကား ပြောကြားခဲ့သည်။

အလားတူ ဆာမားရားမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံသို့ သွားရောက်လေ့လာစဉ်၌လည်း JSC Progress စက်ရုံမှ အမျိုးသမီးများအား အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် အမျိုးသမီးကိုယ်စားလှယ် အဖွဲ့ဝင်များအား ဆာမားရားမြို့မှ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုပန်းစည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ် Mr. Dmitry Bakanov တို့ တွေ့ဆုံဆွေးနွေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံအတွင်း ဂြိုဟ်တုများတပ်ဆင်ထုတ်လုပ်မှုနှင့် ဒုံးပျံထုတ်လုပ်မှုများအား လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ဖြည့်စွက်ဆွေးနွေးစဉ်။


☆ စာမျက်နှာ ၃ မှ

ဒေသအစိုးရအဖွဲ့အကြီးအကဲ Mr. A.V Fedorishchev၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဆာမားရားမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံသို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ် Mr. Dmitry Bakanov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အစည်းအဝေးခန်းမတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ် Mr. Dmitry Bakanov နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား အာကာသနည်းပညာကို ငြိမ်းချမ်းစွာအသုံးချရေး ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံနှင့်ပြည်သူအတွက် အကျိုးရှိမည့် ဂြိုဟ်တုလွှတ်တင်ရေး ဆိုင်ရာ ကိစ္စရပ်များ၊ အာကာသနည်းပညာသင်တန်းများ တက်ရောက်နိုင်ရန်အတွက် မြန်မာနိုင်ငံမှ ပညာတော်သင်များ ပိုမိုစေလွှတ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဆာမားရားမြို့တို့အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် အခြားပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

၎င်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက State Space Corporation မှ ဂြိုဟ်တုများအား အသုံးပြု၍ သဘာဝဘေးအန္တရာယ်များ စောင့်ကြည့်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေး သုတေသနပြုဆောင်ရွက်နိုင်မှုအခြေအနေများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ဂြိုဟ်တုဓာတ်ပုံရိုက်ကူးရေးနှင့် ဂြိုဟ်တုဆက်သွယ်ရေး ဆိုင်ရာ ကိစ္စရပ်များ၊ ဂြိုဟ်တုလွှတ်တင်မှုဆိုင်ရာကိစ္စရပ်များ၊ ဒုံးပျံတပ်ဆင်ထုတ်လုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ အာကာသစခန်း တည်ဆောက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင် အာကာသပြတိုက်



စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation “Roscosmos” ညွှန်ကြားရေးမှူးချုပ် Mr. Dmitry Bakanov တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဆာမားရားမြို့ Kurumoch အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဆာမားရားမြို့ ဒေသအစိုးရအဖွဲ့အကြီးအကဲ Mr. A.V Fedorishchev နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။

☆ စာမျက်နှာ ၄ မှ
အဆင့်မြင့်တင် ဖွင့်လှစ်နိုင်ရေးအတွက် ရုရှားနိုင်ငံမှ ကူညီဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံအတွင်း ဂြိုဟ်တုများ တပ်ဆင်ထုတ်လုပ်မှုနှင့် ဒုံးပျံထုတ်လုပ်မှုများအား လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation “Roscosmos” ညွှန်ကြားရေးမှူးချုပ်က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation “Roscosmos” ညွှန်ကြားရေးမှူးချုပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် အဖွဲ့ဝင်များသည် ဆာမားရားဒေသဆိုင်ရာ အစိုးရဒုတိယအကြီးအကဲ၊ ဒေသဆိုင်ရာပညာရေးဝန်ကြီး၊ စက်မှုစီးပွားရေးဇုန်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ Space Rocket ဆိုင်ရာ Progress မှ တာဝန်ရှိသူများနှင့် သီးခြားတွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ဆာမားရားဒေသနှင့် တာလီကာတီဒေသ တို့အကြား စက်မှုကဏ္ဍ၊ ဓာတ်မြေဩဇာထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆေးဝါးထုတ်လုပ်မှုကဏ္ဍ၊ ပညာရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ဆာမားရားမြို့မှ မီဒီယာများက ချစ်ကြည်ရေးခရီးစဉ်နှင့်ပတ်သက်၍ မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဆာမားရားမြို့ Kurumoch အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ကြပြီး ဒေသစံတော်ချိန် ညပိုင်းတွင် နိုဗာစီဗစ်မြို့ သာမာချဲဗာလေဆိပ်သို့ရောက်ရှိကြရာ နိုဗာစီဗစ်ဒေသ အစိုးရအဖွဲ့အကြီးအကဲ၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




## ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုဗာစီဗစ်မြို့ သာမာချဲဗာလေဆိပ်၌ နိုဗာစီဗစ်ဒေသ အစိုးရအဖွဲ့အကြီးအကဲ၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်စဉ်။



# ဟင်္သာတမြို့ Family Hotel ၌ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ်မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြ

**ဟင်္သာတ မတ် ၈**

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတမြို့တွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် အရေးပေါ် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ရုံးကြီးရပ်ကွက် မန်းဘခိုင်လမ်းရှိ Family Hotel ၌ ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် ဟင်္သာတမြို့နယ် မီးသတ်ဦးစီးမှူး ဦးဥက္ကာက မီးလောင်ခြင်းအကြောင်းရင်းနှင့် အရေးပေါ် မီးလောင်မှု ဖြစ်ပွားလာပါက မီးငြိမ်းသတ်ရေး ပစ္စည်းများအား စနစ်တကျ ကိုင်တွယ်ငြိမ်းသတ်နိုင်ရေး နည်းလမ်းများကို လက်တွေ့ ရှင်းလင်းပြောကြားသည်။ ထို့နောက် Family Hotel မန်နေဂျာ ဦးဝင်းနိုင်ဦးနှင့် တာဝန်ရှိသူများက မီးဘေးကြိုတင်ကာကွယ်ရေး အတွက် တပ်ဆင်ထားသော မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ၊ မီးသတ်ဆေးဘူးများ အသင့်တပ်ဆင်ထားရှိမှုတို့ကို လိုက်လံရှင်းလင်းပြသရာ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ဆီမီးလောင်စာငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူးအသုံးပြု၍ အရေးပေါ် မီးငြိမ်းသတ်နည်းများကို ဟိုတယ်ဝန်ထမ်းများနှင့်အတူ လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံများသို့ သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်များတွင် နိုင်ငံတော်အတွက် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် မတ်လ ၃ ရက်နေ့တွင် သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သော ကောင်းမွန်သည့်ရလဒ်များရအောင် ဆွေးနွေးနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မြန်မာနိုင်ငံ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း-YMBA (ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ ဇေံဂေလိ ခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တ ဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)တို့မှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

**၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့်အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်းအတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားများအတွက် အောင်မြင်မှုများစွာ ဖော်ဆောင်နိုင်ခဲ့ခြင်းအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဂုဏ်ယူဝမ်းမြောက်ခြင်း

**၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့ပြီး မြန်မာ-ရုရှား၊ မြန်မာ-ဘယ်လာရုစ် မိတ်ဖက်နိုင်ငံအစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာများ၊ အားကစားကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လဲလှယ်နိုင်ခဲ့မှုအပေါ် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

**၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးတို့၏ အထူးဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားများကို အပြုသဘောဆောင်သည့် တိုးတက်မှုများရရှိအောင် ဆွေးနွေးနိုင်ခဲ့မှုအပေါ် သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားကြေညာအပ်ပါသည်။

သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်
၂၀၂၅ ခုနှစ်၊ မတ် ၈ ရက်

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော် အဆင့်ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း ရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုများအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားအတွက် ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

နာယက၊ ဥက္ကဋ္ဌ နှင့်
အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ်(UMFCCI)

## မြန်မာနိုင်ငံ ဇေံဂေလိ ခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ် ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

**၂၀၂၅ ခုနှစ်၊ မတ် ၈ ရက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် သမိုင်းဝင်အောင်မြင်မှုများ ရရှိခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နိုင်ငံတော်တာဝန်များကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း မြန်မာနိုင်ငံဇေံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံ ဇေံဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံများမှအကြီးအကဲများ၏ ချစ်ကြည်ရင်းနှီးစွာ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံနှင့် လူမျိုးတို့အတွက် လူမှုစီးပွားဘဝတိုးတက်အောင် သမိုင်းဝင်အောင်မြင်မှုများ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း ရုရှား-မြန်မာနှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာသဘောတူစာချွန်လွှာများအား ဆွေးနွေးညှိနှိုင်းလက်မှတ်ရေးထိုးခြင်းများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့မှုအပေါ် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)
(၈.၃.၂၀၂၅)

# လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ခြင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်း သမ္မတနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စများကို ခိုင်ခိုင်မာမာ ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါသည်။

နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များအတွင်း နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုများမှရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုရလဒ်များအတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌ၊**
**ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်ကောင်စီဝင်များ**
**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ(MPC)**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဝမ်းမြောက်ဂုဏ်ယူဆုမွန်စကား

၂၀၂၅ ခုနှစ်၊ မတ် ၈ ရက်

၁။ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တို့၏ အောင်မြင်မှုခရီးစဉ်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

၂။ မြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးနှင့် စီးပွားတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည်များကို နှစ်ထောင်းအားရဝမ်းသာပီတိဖြစ်ရသည်နှင့်အတူ ဆတက်ထမ်းပိုးအောင်မြင်မှုရပါစေကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက လှိုက်လှိုက်လှဲလှဲ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

# မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၅ ခုနှစ်၊ မတ် (၈)**
**ဂုဏ်ယူဝမ်းမြောက်ခြင်း**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာများ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့မှု၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုများမှရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုရလဒ်များအတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေကြောင်း **မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)**က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

# ပြင်ဆင်ဖတ်ရှုနိုင်ပါရန်

နေပြည်တော် မတ် ၈

၈-၃-၂၀၂၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၆ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ မီဒီယာများနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအပြန်အလှန်ပူးတွဲကြေညာချက်များနှင့် ပြောကြားချက်များ"မှ အဆက် စာမျက်နှာ ၇ ကော်လံ ၄ တွင်ပါဝင်သည့် **"Sanctions လုပ်တယ်ဆိုလို့ရှိရင် Sanctions လို့ခေါ်တဲ့ အဖွဲ့အစည်းတွေ၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက အတိုက်အခိုက်ခံရတဲ့ Software တွေက အင်အားစုစည်းမှုကို ပိုမိုရရှိစေပြီးတော့မှ ပြိုင်ဆိုင်မှုတွေကို ပြင်းထန်လာစေမယ်ဆိုတာကိုလည်း သတိပြုစေလိုပါတယ်"** ဟူသည့် စာသားအစား **"Sanctions လုပ်တယ်ဆိုလို့ရှိရင် Sanctions လုပ်ခံရတဲ့ အဖွဲ့အစည်းတွေ၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက အင်အားစုစည်းမှုကို ပိုမိုရရှိစေပြီးတော့မှ ပြိုင်ဆိုင်မှုတွေကို ပိုမိုပြင်းထန်လာစေမယ်ဆိုတာလည်း သတိပြုမိဖို့လိုပါတယ်"** ဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။

# ချောင်းဆုံမြို့နယ်၌ မြေပြင်ကွင်းဆင်းစာရင်းတိုက်ဆိုင်စိစစ်ခြင်းနှင့် လူဦးရေစိစစ်အတည်ပြုနိုင်ရေးလုပ်ငန်းစဉ်များရှင်းလင်းခြင်း အခမ်းအနားကျင်းပ



**ချောင်းဆုံ မတ် ၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မွန်ပြည်နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီမှ မြေပြင်ကွင်းဆင်း စာရင်းတိုက်ဆိုင်စိစစ်ခြင်းနှင့် မြေပြင်လူဦးရေ စိစစ်အတည်ပြုနိုင်ရေးအတွက် လုပ်ငန်းစဉ်များ ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ကျွန်းသာယာခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးက မြေပြင်လူဦးရေစာရင်းကောက်ယူရာတွင် မှန်ကန်မှုရှိစေရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးများမှာ အရေးကြီးကြောင်း၊ မှန်ကန်သော မြေပြင်လူဦးရေစာရင်းရရှိမှသာ ပြည်သူများ၏နေ့စဉ်လူမှုဘဝဖူလုံမှုရှိစေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ မြေပြင်လူဦးရေစာရင်း စနစ်တကျမှန်ကန်စွာရရှိရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် လိုအပ်သည်များကိုလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းက မြေပြင်ကွင်းဆင်းစာရင်း တိုက်ဆိုင်စိစစ်ခြင်းနှင့် မြေမြင်လူဦးရေ စိစစ်အတည်ပြုနိုင်ရေးအတွက် လုပ်ငန်းစဉ်များရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပေးကြသည်။

ချောင်းဆုံမြို့နယ်အတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးနှင့် ရပ်ကွက်/ ကျေးရွာအုပ်စု မြေပြင်ကွင်းဆင်းလူဦးရေစာရင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီတို့ပူးပေါင်းကာ မတ် ၈ ရက်မှ ၃၁ ရက်အထိ ပြန်လည်အတည်ပြုစစ်ဆေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

# ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၁၄၂၈ ဒသမ ၄၃ တန် ပေးပို့

**နေပြည်တော် မတ် ၈**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် M.V Moe Hein (မိုးဟိန်း)ရေယာဉ်သည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံး၊ ပြည်နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ ပေးပို့သည့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများနှင့် ခွဲကျောက်များ၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ မှာယူသည့် ဆန် (40 Kg) ၃၂၁၂ အိတ်၊ ဓာတ်မြေဩဇာ အိတ် ၁၅၄၀ နှင့် ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်း ၁၄၂၈ ဒသမ ၄၃ တန် တင်ဆောင်၍ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရေယာဉ်ဖြင့် ပို့ဆောင်သည်။

**ပို့ဆောင်**

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ၂၀၂၃ ခုနှစ် မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော်စစ်ရေယာဉ်များ အပါအဝင် ရေယာဉ်၄၉ စင်းဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့်ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၇၂၃၀၀ ဒသမ ၂၂ တန်နှင့် ဒီဇယ်၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန်အား ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဝန်ကြီးဌာနလက်အောက်ရှိဌာနများက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဝန်ကြီးဌာန လက်အောက်ရှိ ဌာနများက မန္တလေးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် မတ် ၆ ရက် မွန်းလွဲပိုင်းက ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်မှ မန္တလေးသို့ အမှတ်(၂၇) အဆန် လေအိတ်ရထားဖြင့် ထွက်ခွာ၍ ရထားလမ်းပိုင်းကြံ့ခိုင်မှုကို စစ်ဆေးပြီး ပိုမိုကောင်းမွန်စေရေးအတွက် ဆောင် ရွက်ရန်များကို တာဝန်ရှိသူများအား မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မတ် ၇ ရက်နံနက်ပိုင်းတွင် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်) စက်ရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ အစည်းအဝေးခန်းမတွင် အထွေထွေမန်နေဂျာ (စက်ရုံ)က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံအနေဖြင့် လူစီးတွဲနှင့် ကုန်တွဲများကို လမ်းပိုင်းများတွင် အသုံးပြုရန် လိုအပ်ချက်နှင့် ဝန်ထမ်းများ၏စွမ်းဆောင်နိုင်မှုအပေါ် မူတည်၍ ပြင်ဆင်ရေး၊ ကုန်သေတ္တာတင်ဆောင်နိုင်သောတွဲ (Flat Wagon)များအပါအဝင် ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်မှုပမာဏကို အမြဲမပြတ်လေ့လာသုံးသပ်၍ ဖြည့်တင်းရေး၊ စက်ရုံအတွက် ဝန်ထမ်းများ ဖြည့်တင်းရေးနှင့် အရည်အသွေးမြင့်မားစေရန် လေ့ကျင့်ပျိုးထောင်ရေးမှာကြားပြီး စက်ရုံအတွင်း လူစီးတွဲများနှင့် ကုန်တွဲများ ပြုပြင်မှု၊ တွဲအရန်ပစ္စည်းများ ထုတ်လုပ်မှု၊ ရိုးရိုးတန်း လူစီးတွဲများကို စာတိုက်တွဲများအဖြစ် ပြောင်းလဲမွမ်းမံတည်ဆောက်မှု၊ ကုန်သေတ္တာတင်တွဲ တည်ဆောက်ရေးအတွက် လေ့လာဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အနီးစခန်းလေဆိပ်သို့ရောက်ရှိရာ လေဆိပ်ဧည့်ခန်းမ၌ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လေဆိပ်အဆင့်မြှင့်တင်ရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေး မှာကြားကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြင်ဦးလွင်ဘူတာသို့ သွားရောက်စစ်ဆေးပြီး ပြည်ထောင်စု ဝန်ကြီးက ရှေးဟောင်းအဆောက်အအုံများဖြစ်သည်နှင့်အညီ ရေရှည်တည်တံ့စေရန် စနစ်တကျပြုပြင် ထိန်းသိမ်းမွမ်းမံရေးနှင့် အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သင့်သည်များကို အစီအမံရေးဆွဲတင်ပြရန် မှာကြားပြီး ဘူတာယာဒ်ဝင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မတ် ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း စမုံဘူတာနှင့် သပြေတောင်းဘူတာကြားရှိ ရာဂီမုန်တိုင်းကြောင့် ပျက်စီးသွားသော စမုံမြစ်ကူး တံတားသစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က စမုံမြစ်ကူးတံတားလုပ်ငန်းခွင် ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် တံတားကြံ့ခိုင်ရေးအတွက် ကမ်းထိန်းနံရံတည်ဆောက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သာစည်ဘူတာသို့ RBE ရထားဖြင့် ဆက်လက်ထွက်ခွာပြီး ဘူတာယာဒ်ဝင်းအတွင်း လူစီးတွဲ/ ကုန်တွဲများ၊ စက်ခေါင်းများထားရှိမှု၊ ဘူတာယာဒ်ဝင်းအတွင်း ခရီးသည်များ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သတင်းမီဒီယာသင်တန်းအမှတ်စဉ်(၁) ဖွင့်လှစ်

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက စီစဉ်ဖွင့်လှစ်သည့် သတင်းမီဒီယာသင်တန်းအမှတ်စဉ်(၁)ကို မတ် ၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံသတင်းဒီမီယာကောင်စီရုံး သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းမှူးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို မတ် ၇ ရက်မှစ၍ အပတ်စဉ်သောကြာနေ့တိုင်း ဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်းတွင် အခြေခံသတင်းစာပညာ၊ သတင်းစာပညာသုံးအင်္ဂလိပ်စာ၊ လူထုဆက်သွယ်ရေးသတင်းပညာ၊ သတင်းစာပညာသစ်၊ အွန်လိုင်းသတင်းစာပညာ၊ ပုံနှိပ်သတင်းစာပညာ စသည့်ဘာသာရပ်များကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ဘာသာရပ်ဆိုင်ရာဆရာများက အခမဲ့သင်ကြားပေးသွားမည်ဖြစ်သည်။

ယခုသင်တန်းတွင် ပုံနှိပ်မီဒီယာများ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ရုပ်သံလွှင့်မီဒီယာများ၊ အွန်လိုင်းမီဒီယာများမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ပြီး သတင်းမီဒီယာလောက၌ အတွေ့အကြုံရှိသော ဝါရင့်ပညာရှင်များဖြစ်သည့် ဦးခင်မောင်ကျော်ဒင်၊ ဦးအေးချမ်း၊ ဒေါက်တာခင်မောင်လွင်နှင့် ဦးမောင်မောင်ဦးတို့က ဆွေးနွေးပို့ချပေးမည်ဖြစ်သည်။ ထပ်မံဖွင့်လှစ်မည့်သင်တန်းများတွင် အဆိုပါဆရာများအပြင် ကောင်စီဝင်ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာပြင်ပပညာရှင်များက ဆွေးနွေးသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**



# ဒေါပုံမြို့နယ်၌ အခမဲ့ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်



ဒေါပုံ မတ် ၈

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်၌ ကျန်းမာရေးအသိပညာပေးခြင်းနှင့် ဆေးကုသပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက ဇေယျာသီရိရပ်ကွက် ဓမ္မာရုံ၌ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဌာနမှူး ဒေါက်တာမျိုးမျိုးခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက ပြည်သူများအား ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ မျက်စိရောဂါဝေဒနာရှင်များ၊ ကူးစက်တတ်သောရောဂါနှင့် မကူးစက်တတ်သောရောဂါဝေဒနာရှင်များ ရှာဖွေခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကုသခြင်းများကိုဆောင်ရွက်ပေးပြီး ရောဂါဝေဒနာရှင်များအား သက်ဆိုင်သည့်ဆေးဝါးများ အခမဲ့ပေးဝေခဲ့သည်။

**ဖြည့်ဆည်းဆောင်ရွက်**

အဆိုပါ အခမဲ့ကွင်းဆင်းဆေးကုသရာသို့ ဗိုလ်တထောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး လှဘုန်းကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးထက်နှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် NGO အဖွဲ့အစည်းများက ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**




❒ **မိုချန်ဂလာဘတ်ချ်မှ**

မိုချန်ဂလာဘတ်ချ်အသင်းအတွက် ချေပဂိုး တစ်ဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၇၃ မိနစ်မှာ နောက်ခံလူ စတီဖန်လိုင်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

မိန့်ဇ်အသင်းဟာ မိုချန်ဂလာဘတ်ချ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဘွန်ဒက်လီဂါပွဲစဉ်(၂၅) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄၄ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၃)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီး မိုချန်ဂလာဘတ်ချ်အသင်းကတော့ ရမှတ် ၃၇ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၈)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

မတ် ၈ ရက်ညပိုင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ဘွန်ဒက်လီဂါပွဲစဉ်တွေမှာတော့ ဝါဒါဘရီမင်အသင်းက လေဗာကူဆင်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဘိုချွမ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ အော့စ်ဘတ်အသင်းက ဒေါ့မွန်အသင်းကို တစ်ဂိုး-ဂိုးမရှိ စသဖြင့် ရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော်  မတ်  ၈**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မန္တလေးတိုင်းဒေသကြီးအတွင်း နွေသီးနှံများစိုက်ပျိုးမှုနှင့် စမုံရေထိန်းတမံနှင့် ရေငုပ်ပြွန်အသစ် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများစစ်ဆေး

**နေပြည်တော်  မတ်  ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးရွှေဇင်နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့နယ် တောမအုပ်စု ဥယျာဉ်ကျေးရွာရှိ မိတ္ထီလာတောင်ကန် ဥယျာဉ်မြောင်းရေသောက်စနစ်အတွင်း နွေနှမ်း (ဆင်းရတနာ ၃) မျိုးများကို ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသောတောင်သူများ၏ ဧက ၅၀ စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာစည်မြို့နယ်ရှိ စမုံရေထိန်းတမံ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး သဲထုတ်ရေတံခါး၊ ပင်မရေပိုလွှဲနှင့် ရေတံခါးတပ်ရေပိုလွှဲများ ပြုပြင်ဆောင်ရွက်နေမှု၊ အရေးပေါ်အခြေအနေတွင် ရေကျော်စီးထွက်စေမည့် အလျားပေ ၅၀၀ ရှိအကူရေပိုလွှဲ ထည့်သွင်းဆောင်ရွက်နေမှုနှင့် ရေစစ်သဲခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မိတ္ထီလာစက်မှုဇုန်ရှိ ပုဂ္ဂလိကတိရစ္ဆာန်အစာထုတ်လုပ်ရေးစက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ပြည်တွင်းတိရစ္ဆာန်အစာလိုအပ်ချက် ပြည့်မီစွာထုတ်လုပ်နိုင်ရေးအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု၏ အရေးပါမှု၊ တိရစ္ဆာန်အစာစဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစွမ်းအင်စနစ်ကို အသုံးပြု၍ စက်ရုံလည်ပတ်နိုင်ရေး စီမံဆောင်ရွက်နိုင်မှု အခွင့်အလမ်းများကို တာဝန်ရှိသူများနှင့် ဆွေးနွေးပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဝမ်းတွင်းမြို့နယ်ရှိ စမုံရေငုပ်ပြွန်အသစ် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ၊ စမုံချောင်းရေလွှဲမြောင်းဖောက်လုပ်ခြင်းနှင့် စမုံရေထုတ်ပြွန်အောက်ပိုင်းရှိ ရေသောက်ဧရိယာ ဧက ၂၀၀၀၀ ကျော်ခန့်ကို ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ရေပေးဝေရန်အတွက် ယာယီရေပေးမြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးဖြစ်သည့် ယာယီရေတားတမံမှ နွေသီးနှံ ရေပေးဝေမည့် ယာယီရေပေးမြောင်းကို သံဖရိုန်၊ သံပြားကာ၊ ကွန်ကရစ်ခင်းဖြင့် ဆောင်ရွက် ပြီး မတ် ၆ ရက်မှစတင်၍ ရေစမ်းသပ်ပေးဝေလျက်ရှိ သည်။

ဆက်လက်၍ ဝမ်းတွင်းမြို့နယ် ရာသချာကျေးရွာအုပ်စု ကျွဲတပ်ကျေးရွာ တောင်သူဦးသန်းထွန်း၏ ငါးမွေးကန် ၁၃ ကန်ဖြင့် ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် မြစ်သားမြို့နယ် ရွာသစ်ကျေးရွာရှိ ဆောင်းကြက်သွန်နီ(ရွှေဖလား) ဧက ၁၀၀ စံပြကွက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော်  မတ်  ၈**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်ရှိ သုခတော်ဝင်အိမ်ရာအပိုင်း(၁) အတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။




ထို့နောက် ဒက္ခိဏသီရိမြို့နယ် ကူနှစ်လုံးဆည်စု ကျေးရွာအုပ်စု ကျေးစာဥ ကျေးရွာအနီးတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အင်းနီကန်ကို ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း လယ်ဝေးမြို့နယ်၊ ကံလှ- ကန်သာ- ကုန်းပေါ်စု- မဒေါ့ပင်- ဂုဏ်မင်းမြောင်- ထိန်တော- ခြင်ပစ်- ဥသျှစ်လှိုင်းဆက်သွယ်သည့်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းသို့ လည်းကောင်း၊ လယ်ဝေးမြို့နယ် ရှမ်းစုကျေးရွာအုပ်စု ကွင်းအမှတ် (၁၈၄၅)တောင်သူဦးကိုရီ၏နွေစပါးစိုက်ခင်းတွင် သမန်းနှိုးသရုပ်ပြခြင်းနှင့် နေပြည်တော်အတွင်း သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ချောင်းမငယ်ဆည်ရေအား ဆင်အုံကန်မှတစ်ဆင့် တစ်နေ့လျှင် ရေဂါလန် ခြောက်သန်း ရေပေးဝေရေးစနစ်ဆောင်ရွက်ခြင်း လုပ်ငန်းအတွက် 11/0.4 KV 1000 KVA Transformer နှစ်လုံး တပ်ဆင်တည်ဆောက်နေမှု အခြေအနေများ ရေပိုက်များသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့ ကြွရောက်တော်မူမည့် ဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ ယာယီတည်းခိုသီတင်းသုံးမည့် နေပြည်တော်စည်ပင်ဧည့်ရိပ်သာသို့ သွားရောက်၍ ဆွမ်းစားဆောင်များ၊ အိပ်ဆောင်များ၊ ဆေးပေးခန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များက အဖွင့်သီချင်းဖြင့်သီဆိုကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဇနီး နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ နာယကတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနား Video Clip ကိုပြသပြီး နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်၊ ဥတ္တရခရိုင်၊ ဇေယျာသီရိခရိုင်တို့မှ ကလေးငယ်များက အကများဖြင့် သီဆိုဖျော်ဖြေကြကာ စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)က အမျိုးသမီးများဘဝနှင့် တန်းတူအခွင့်အရေးရရှိဖို့ အမျိုးသမီးများ စွမ်းရည်မြှင့်တင်စို့ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ လယ်ဝေးခရိုင် နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာန ပျဉ်းမနားခရိုင်တို့မှ ကလေးငယ်များက သီဆိုကပြ ဖျော်ဖြေကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နာယက၊ နေပြည်တော် အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (၅)
# (ကုန်ထုတ်သမဝါယမအသင်းများနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ)

**မြင့်စိုး(နတလ)**

**ပျဉ်းမနားကြီး၊ ရေနံမြေဒေးဗစ်နှင့် မောင်တို့ကျိုက်လတ်**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတည်းဟူသော ခေါင်းစဉ်ကြီးအောက်မှာ ကုန်ထုတ်သမဝါယမအသင်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများအကြောင်းကို ကလောင်ရှင် ကျွန်တော် မြင့်စိုး(နတလ)က ရေးသားတင်ပြရန် အစပျိုးလိုက်ချိန်မှာတော့ တစ်ခါကတစ်ဘဝ ရုပ်ရှင်ဇာတ်ကားထဲကလို စိတ်အလျဉ်၏ ခေါ်ဆောင်ရာ အတိတ်ကာလတစ်ခုဆီသို့ ဖျတ်ခနဲရောက်သွားပါတော့သည်။

တစ်ခါက တပ်မတော်သားဖြစ်ခဲ့ဖူးသော ကျွန်တော်၊ ၁၉၉၁ ခုနှစ်မှာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အမှတ် (၁) လှုပ်ရှားစစ်ဗျူဟာ (တန့်ယန်း) ၏ စစ်ဦးစီးမှူး (တတိယတန်း) ကနေ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးသို့ ဦးစီးအရာရှိ(တတိယတန်း) တာဝန်ဖြင့် ပြောင်းရွှေ့ထမ်းဆောင်ခဲ့ရပါသည်။ ကျွန်တော်မကြာခဏ ရေးပြခဲ့ဖူးသည့်အတိုင်း ထိုအချိန်က ကျွန်တော်တို့ဌာန (ကကနယ်)တွင် ညွှန်ကြားရေးမှူးမရှိသေး။ ဒုတိယညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွေး(အဘထွေး၊ ကွယ်လွန်)ကပဲ အနီးကပ်ကွပ်ကဲပြီး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်း (နောင်တွင်ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)က တွဲကိုင်နေချိန်ဖြစ်၏။

ဆိုရသော် ကကပြည်နှင့် ကကနယ်တို့သည် ညီအစ်ကိုဌာနများသဖွယ် ရင်းရင်းနှီးနှီးပြောဆိုဆက်ဆံနေထိုင်ခဲ့ကြသည်မှာ ကာလအတန်ကြာခဲ့၏။ နံနက်ပိုင်း briefing လုပ်လျှင်လည်း အတူတူ၊ ကျွန်တော်တို့ ကကနယ်ကဦးစီးအရာရှိ (ဒုတိယတန်း) ဗိုလ်မှူးဒေါ်ခင်မျိုးနွယ်က ခင်မျိုးနွယ် (မန်းတက္ကသိုလ်) ဖြင့် စာတွေရေးနေသည်။ အင်္ဂလိပ်စာကောင်းသဖြင့် ဘာသာပြန်တွေလည်း ရေး၏။ ဟိုဘက်ဌာန ကကပြည်ကတော့ အနုပညာရှင်တွေ စုဝေးရောက်ရှိရာ ဌာနကြီးဖြစ်သည်။ နိုင်ငံကျော်စာရေးဆရာ၊ ဒါရိုက်တာတင်သန်းဦး (ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး-ကွယ်လွန်)၊ ပျဉ်းမနားမြင့်လှိုင် (ဗိုလ်ကြီးမြင့်လှိုင်-ကွယ်လွန်)၊ တေးရေးမြသန်းစံ (ဗိုလ်မှူးမြသန်းစံ၊ ယခု အမျိုးသားစာပေဆုရ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒ)၊ စာရေးဆရာ ချမ်းမြအောင် (ဗိုလ်မှူးမြင့်အောင်)၊ ဒုတိယဗိုလ်မှူးကြီး အောင်ကျည်ထွဏ်း (ဗပဆ) တို့အပြင် မြဝတီရုပ်မြင်သံကြားလည်း တည်ဆောက်ထုတ်လွှင့်နေပြီဖြစ်၍ တပ်မှူးတွေ briefing လာတက်ကြရ၏။

briefing မစခင်မှာ အကြောင်းသင့်ရာများ ပြောကြသည်။ ရင်းရင်းနှီးနှီးစကြနောက်ကြသည်။ အစ်မကြီး ဗိုလ်မှူးဒေါ်ခင်မျိုးနွယ်က ပျဉ်းမနားမြင့်လှိုင်ကို မကြာခဏ နောက်ပြောင်တတ်သည်။ ပျဉ်းမနားကြီးရယ် - ဒီနေ့ရုံးကို လာခါနီး အစ်မ ရေဒီယိုနားထောင်လိုက်ရတယ် သီလား၊ သီချင်းလွှင့်ခါနီး ကြေညာတာက ဘာတဲ့ …… ပျဉ်းမနားမြင့်လှိုင် ရေးစပ်သီကုံးပြီး ရေနံမြေဒေးဗစ် သီဆိုထားတဲ့ မောင်တို့ကျိုက်လတ် …ဆိုပဲ။ ရေးတဲ့သူက ပျဉ်းမနားဇာတိ၊ ဆိုတဲ့သူက ရေနံချောင်းကလားချောက်ကလား၊ ထားပါတော့ ဒီအထိ ငါလက်ခံနိုင်တယ်၊ သီချင်းနာမည်ကျမှ မောင်တို့ကျိုက်လတ်ဆိုတာကတော့ မဟုတ်သေးဘူး ထင်တယ်နော်….. တဲ့။ ပျဉ်းမနားကြီးက ဘာမျှပြန်မပြော၊ ဆံပင်တွေပါးစပြုနေသော ခေါင်းကိုပွတ်၍ ပြုံးပြုံးကြီးလုပ်နေတာကို ပြန်လည်မြင်ယောင်မိ၏။

အမှတ်ရစရာများက မနေ့တစ်နေ့ကလို ဖြစ်နေ၏။ လွမ်းမိပါတယ် နောင်တော်ကြီး ကိုတင်သန်းဦးနှင့် ပျဉ်းမနားကြီးတို့ရေ…၊ အမှတ်ရမိပါတယ်… အစ်မကြီးနှင့် လုပ်ဖော်ကိုင်ဖက်များတို့ရေ။ ယခုလည်း နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ငြိမ်းချမ်းရေးလုပ်ငန်းများအကြောင်း ရေးရင်း(နတလ) အမည်ကို မပြောင်းမလဲယူလာခဲ့သည့် ကျွန်တော်မြင့်စိုး (နတလ) MSME ခေါင်းစဉ်ကို အကြောင်းပြုလျက် ဝန်ကြီးဌာနပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ ကုန်ထုတ်သမဝါယမအသင်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများအကြောင်းကို ရေးရချေပြီတမုံ့။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၁၄-၂-၂၀၂၅ ရက်နေ့က ကုန်ထုတ်သမဝါယမအသင်းစွမ်းဆောင်ရည်ဆုရ ညောင်ဦးမြို့နယ် သမဝါယမအသင်းစု၏ အနော်ရထာဆီစက်လုပ်ငန်းအား ဆုချီးမြှင့်ပေးအပ်စဉ်။

**ပြည်ပသို့တင်ပို့နေသော ကုန်ထုတ်သမဝါယမအသင်းများ**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကြီးတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ ကုန်ထုတ်သမဝါယမအသင်းများ လာရောက်ပါဝင်ယှဉ်ပြိုင် ခင်းကျင်းပြသလျက်ရှိရာ ယင်းတို့အနက် ပြည်ပနိုင်ငံများသို့ ပို့ကုန်တင်ပို့နေသော ကုန်ထုတ်သမဝါယမအသင်းများ ပါဝင်လာပေသည်။ ၎င်းတို့မှာ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုရောက်ရှိလာကြသော ရွှေပြည်သာမြို့နယ်မှ တံမြက်စည်းလုပ်ငန်းလုပ်ကိုင်နေသော ကျေးဇူးတော်နှင့် တင့်တယ်ခြင်း အထွေထွေစီးပွားရေးသမဝါယမအသင်း၊ ကြည့်မြင်တိုင်မြို့နယ်မှ သီရိစန္ဒာအထည်ချုပ်လုပ်ငန်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း၊ ရှမ်းပြည်နယ်ကိုယ်စားပြု ဟိုပုံးမြို့နယ်အခြေစိုက် Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းတို့ဖြစ်ကြသည်။

လွန်ခဲ့သော သုံးနှစ်အချိန်ကာလ ၂၀၂၂ မှ ၂၀၂၄ ခုနှစ်အတွင်း ကျေးဇူးတော်နှင့် တင့်တယ်ခြင်း တံမြက်စည်းလုပ်ငန်းက တောင်ကိုရီးယားနိုင်ငံသို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၅၃၄ သန်း၊ သီရိစန္ဒာအထည်ချုပ်လုပ်ငန်းက ဂျပန်နိုင်ငံသို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၃၀ သန်း၊ Green Gold ကော်ဖီလုပ်ငန်းက ဆွစ်ဇာလန်နိုင်ငံသို့ ပို့ကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၈၉၅ သန်း စုစုပေါင်း ၇ ဒသမ ၆၅၉ သန်း၊ မြန်မာငွေအားဖြင့် ကျပ်သန်းပေါင်း ၁ ဒသမ ၅၇၈ ဘီလီယံ နိုင်ငံအတွက် ရှာဖွေပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ယခုပြပွဲပြိုင်ပွဲကြီး ကျင်းပပြုလုပ်ရခြင်း၏ မူလရည်ရွယ်ချက်များထဲတွင် အောက်ပါရည်ရွယ်ချက်က ပါရှိပြီးဖြစ်သည် -

> **"MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်စေရန်၊ တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန်အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ ဈေးကွက်ချဲ့တွင်နိုင်ရန်"**

ကုန်ထုတ်သမဝါယမအသင်းများထဲတွင် ပြည်ပဈေးကွက်များထိ ထိုးဖောက်နေရာယူနိုင်သော အသင်းများ ပေါ်ပေါက်နေပြီဖြစ်သကဲ့သို့ ယခုပွဲတော်ကြီးအပြီးတွင် နိုင်ငံတကာနှင့် ချိတ်ဆက်နိုင်မည့်အသင်းများ ပေါ်ပေါက်လာဦးမည်ဟု ယုံကြည်မိပါသည်။

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြခန်း ၂၂ ခန်းတာဝန်ယူ**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ခြေတော်ရင်း၊ တပေါင်းကွင်း၌ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကြီးကို ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ ၁၆ ရက်နေ့ထိ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပြီး ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ ကုန်ထုတ်သမဝါယမအသင်းပြခန်းများ၊ အသေးစားစက်မှုလက်မှုပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာ ရောင်းချသည့်ပြခန်းများ စသည်ဖြင့် ပြခန်းစုစုပေါင်း ၉၆ ခန်း ခင်းကျင်းပြသထားပေရာ ထိုအထဲတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တာဝန်ယူခင်းကျင်းပြသရသည့် ပြခန်း ၂၂ ခန်းရှိပါသည်။

ပေ ၅၀ x ပေ ၃၀ တစ်ခန်းက ဝန်ကြီးဌာနပြခန်းအနေဖြင့် ခင်းကျင်းပြသရပြီး သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပေ ၂၀ ပတ်လည် အခန်း ၁၀ ခန်းတွင် ကုန်ထုတ်သမဝါယမအသင်းများကလည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပေ ၂၀ ပတ်လည်အခန်း ၁၁ ခန်းတွင် အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်များက လည်းကောင်း ခင်းကျင်းပြသထားသောကြောင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တာဝန်ယူ ခင်းကျင်းပြသရသော ပြခန်းစုစုပေါင်း ၂၂ ခန်းရှိပါသည်။

> **"ပေ ၅၀ x ပေ ၃၀ တစ်ခန်းက ဝန်ကြီးဌာနပြခန်းအနေဖြင့် ခင်းကျင်းပြသရပြီး သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပေ ၂၀ ပတ်လည် အခန်း ၁၀ ခန်းတွင် ကုန်ထုတ်သမဝါယမအသင်းများကလည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပေ ၂၀ ပတ်လည် အခန်း ၁၁ ခန်းတွင် အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်များက လည်းကောင်း ခင်းကျင်းပြသထားသောကြောင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက တာဝန်ယူခင်းကျင်းပြသရသော ပြခန်းစုစုပေါင်း ၂၂ ခန်းရှိ"**

**သမဝါယမဆိုသည့် အနှစ်သာရနှင့်အညီ**

သမဝါယမဟူသောဝေါဟာရကို သမဝါယမဝန်ထောက်မင်း ဦးမောင်မောင်ပြား (၁၉၀၄) ကစတင်တီထွင်ခဲ့ခြင်းဖြစ်သည်။ Co-operation အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဆိုသည့် ဝေါဟာရကို မြန်မာမှုပြု၍ "သမဝါယမ" ဆိုသည့် ပါဠိပျက်ဝေါဟာရအသစ်တစ်ခုဖြင့် တီထွင်ပြန်ဆိုခဲ့သည်။ သမဆိုသည့် ပါဠိစကားသည် မျှမျှတတ၊ ညီတူညီမျှ ဟူသော အနက်ကိုပေးသည်။ ဝါယမ(ဝါယာမ)က လုံ့လပြုသည်၊ ကြိုးပမ်းသည်။ အားထုတ်သည်ဟု အဓိပ္ပာယ်ရသည်။ Co-operation က အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဟု ယေဘုယျအဓိပ္ပာယ်ကိုသာ ဖော်ဆောင်သော်လည်း သမဝါယမအဓိပ္ပာယ်ကမူ ပို၍လေးနက်သည်။ **စာမျက်နှာ ၁၁ သို့** ❂

❂ စာမျက်နှာ ၁၀ မှ

“**လုပ်ငန်းတစ်ခုခုကို လူအများပူးပေါင်းဆောင်ရွက်ကြရာ၌ ပါဝင်သောပုဂ္ဂိုလ်တိုင်းသည် မိမိ၏ကာယဉာဏလုပ်အားများဖြင့် မိမိစွမ်းဆောင်နိုင်သည့် နေရာအသီးသီးမှ ရေသာမခို လှေကြုံမလိုက်ဘဲ အများနှင့်ညီတူညီမျှ တက်ညီလက်ညီ အတူတကွပူးပေါင်းဆောင်ရွက်ခြင်း**” ဟု အနက်အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။ (တွဲဖက်သမဝါယမမင်းကြီး ဦးလှမောင်ရေးသားသည့် သမဝါယမနိဒါန်းမှ)

အထက်ပါစကားရပ်နှင့်အညီ စုစည်းညီညွတ်စွာ စုဝေးရောက်ရှိလာကြသော နေပြည်တော်မှ ကုန်ထုတ်သမဝါယမအသင်း သုံးသင်း၊ ပဲခူးတိုင်းဒေသကြီးမှ တစ်သင်း၊ မကွေးတိုင်းဒေသကြီးမှ တစ်သင်း၊ မန္တလေးတိုင်းဒေသကြီးမှ ငါးသင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ နှစ်သင်း၊ ရှမ်းပြည်နယ်မှ လေးသင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ တစ်သင်း၊ စုစုပေါင်း ၁၇ သင်းတို့ကို ပြခန်း ၁၀ ခန်းတွင် ခွဲဝေနေရာချထားပေးခဲ့သည်။ ပြပွဲတွင် ခင်းကျင်းပြသမည့်ပစ္စည်းအမည်များမှာ မြေပဲဆီ၊ နေကြာဆီ၊ မှျစ်ချဉ်၊ သစ်အချောထည်ပစ္စည်းများ၊ နို့ဆီ၊ ဒိန်ချဉ်နှင့် အားဖြည့်အချိုရည်များ၊ နှမ်းရိုးအခြေခံသဘာဝမြေသြဇာများ၊ ပြောင်း၊ စပါးအခြောက်ခံစက်အပါအဝင် စက်ကိရိယာအမျိုးမျိုး၊ ဆန်နှင့် နန္နင်း၊ ချင်း၊ ငရုတ် စသော စားသောက်ကုန်အမျိုးမျိုး၊ ဝါးလက်မှုထည်များ၊ တံမြက်စည်းအမျိုးမျိုး၊ အဝတ်အထည်မျိုးစုံ၊ တိုင်းရင်းသားရိုးရာဝတ်စုံများနှင့် အသုံးအဆောင်ပစ္စည်းများ၊ သင်ဖျာအမျိုးမျိုး၊ ကော်ဖီမှုန့်မျိုးစုံ အစရှိသည်တို့ဖြစ်ကြသည်။

ပြပွဲတွင် ပြသရောင်းချမည်ဖြစ်သကဲ့သို့ ပြိုင်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်ကြရန် ပြင်ဆင်လာကြသည်။ ကုန်ထုတ်သမဝါယမအသင်း ပြခန်းများတွင် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ဖြစ်သော **“ပစ္စည်းချင်းတူလျှင် ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူလျှင် အရည်အသွေး ပိုကောင်းရမည်”** ဆိုသည့် ဆောင်ပုဒ်ကို ချိတ်ဆွဲထားသကဲ့သို့ အမည်သစ်များအဖြစ် ဝါး၊ ဝါ၊ ရော်ဘာ၊ ကော်ဖီ၊ သစ်သီးထုတ်ကုန်များ ပြသနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

**ဆုရွေးချယ်ရေးအတွက် စံသတ်မှတ်ချက်များ**

သမဝါယမ ကုန်ထုတ်လုပ်ငန်းများအတွက် ဆုရွေးချယ်ရန် အောက်ပါအမှတ်ပေးစည်းမျဉ်းများအား သတ်မှတ်ခဲ့ပါသည် –

(က) ထုတ်လုပ်ရောင်းချသည့် ပစ္စည်းများသည် သမဝါယမအသင်း/ အသင်းသား ကိုယ်တိုင် ထုတ်လုပ်ဆောင်ရွက်မှု၊

(ခ) ထုတ်ကုန်များသည် အရည်အသွေးမှန်ကန်မှု၊ သန့်ရှင်းသပ်ရပ်မှု၊ အမှတ်တံဆိပ်နှင့် ထုပ်ပိုးမှုကောင်းမွန်မှု၊

(ဂ) ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းနှင့် ဒေသခံလူထုအကျိုးစီးပွားအပြန်အလှန်ဖြစ်ထွန်းစေမှု၊

(ဃ) ဆန်းသစ်တီထွင်နိုင်မှုနှင့် တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မှု၊

(င) ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် ထောက်ခံအားပေးမှု၊

(စ) လုပ်ငန်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ ရရှိထားမှု (ဥပမာ– FDA ထောက်ခံချက်၊ စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်၊ ပိုးသတ်ဆေးထောက်ခံချက်)၊

(ဆ) သမဝါယမအသင်းအကျိုးပြုမှု၊

(ဇ) လှည့်ပတ်ရင်းနှီးငွေကျပ် သိန်း ၁၀၀၀ အထက်ဖြစ်မှု၊

(ဈ) ကုန်ထုတ်သမဝါယမအသင်းများ၏ နှစ်စဉ် ထုတ်လုပ်နိုင်မှုပမာဏ၊ ပြည်တွင်းရောင်းချနိုင်မှုပမာဏ၊ ပြည်ပသို့တင်ပို့ရောင်းချနိုင်မှုပမာဏ။

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ဝင်ငွေတိုးစီမံကိန်း**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ ဖွဲ့စည်းပုံက တစ်မျိုးဖြစ်သည်။ ဦးစီးဌာန(ရုံးချုပ်) ဖွဲ့စည်းပုံပြီးလျှင် ပြည်နယ်/ တိုင်းဒေသကြီးရုံးများ ရှိသည်။ ခရိုင်အဆင့်ရုံးများ ဖွဲ့စည်းထားသည်။ မြို့နယ်ဖွဲ့စည်းပုံမရှိ၊ မြို့နယ်ဦးစီးမှူးမရှိ၊ သို့ရာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက နိုင်ငံတစ်ဝန်း အကောင်အထည်ဖော်နေသော **“ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပေါ်များရေးနှင့် မိသားစုဝင်ငွေတိုးရေး စီမံကိန်း”** အောင်မြင်အောင်၊ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးအောင်၊ ဒေသထွက်ကုန်များအပေါ်အခြေခံ၍ တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် လုပ်ငန်းရှင်များ ပေါ်ပေါက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ရာ (၃) နှစ်ပြည့်မြောက်လာသည့်စီမံကိန်းကာလအတွင်း ထိုက်သင့်သောအောင်မြင်မှုတစ်ခုကို ရရှိထားပြီးဖြစ်သည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ဒေသခံပြည်သူများ၏ ဌာနအပေါ် ယုံကြည်ကိုးစားမှုကိုလည်း ရရှိခဲ့ပြီဖြစ်သည်။ ယခုလည်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကြီးသို့ ပြည်နယ်နှင့် တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများသည် မိမိတို့၏ဒေသတာဝန်ခံများအဖြစ် စီးပွားရေးဝန်ကြီးများနှင့်အတူ လိုက်ပါလာခဲ့ကြပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီး ပြခန်းများတွင်လည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးကြပ်ရသည့် ပြခန်း ၁၁ ခန်းတွင်လည်းကောင်း ခင်းကျင်းပြသခဲ့ကြသည်။

**နိုင်ငံခြားပို့ကုန်ဆောင်ရွက်နေသော လုပ်ငန်းရှင်များ**

နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိရာ ဝမ်းမြောက်စွာ ဂုဏ်ပြုဖော်ပြပေးလိုပါသည်။

(က) **နေပြည်တော်။** ဦးကျော်ထူး၏ “Oma” အသင့်စားခေါက်ဆွဲခြောက်လုပ်ငန်း၊ ဒေါ်ဟေမာစံ၏ “HEIN SHWE YAUNG” လူသုံးကုန်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း၊ ဒေါ်ခင်မိုးဖြူ၏ “ချမ်းမြေ့မေတ္တာ” ကျောက်မျက်ရတနာအလှဆင်ပစ္စည်းနှင့် ရွှေပန်းထိမ်လုပ်ငန်း၊ ဒေါ်သန္တာဦး၏ “သန္တာ” မြန်မာ့အစားအစာလုပ်ငန်း၊ ဒေါ်အိဇင်ဦး၏ “အိလက်ရာ” စားသောက်ကုန်လုပ်ငန်း၊ ဒေါ်စုစုရီ၏ “ငွေစန္ဒာ” လက်ရက်ကန်းလုပ်ငန်း။

(ခ) **ပဲခူးတိုင်းဒေသကြီး။** ဦးအောင်ကျော်ဆန်း၏ “ပန်းကမ္ဘာ” မြန်မာ့လက်မှုထည်လုပ်ငန်း၊ ဦးကျော်လင်းဇော်၏ “ယောက်ျားကြီးငါးပိလုပ်ငန်း”၊ ဒေါ်ခင်စန်းမော်၏ “မခန်းလေး” ထမင်းသုပ်၊ ဒေါ်ခင်ရတနာလှိုင်၏ “ရိုးရာမောင်” ချည်ထည်လုပ်ငန်း။

(ဂ) **မကွေးတိုင်းဒေသကြီး။** ဦးမင်းသက်ဝေ၏ “မြန်မာ့သဘာဝဒန့်သလွန်ထုတ်ကုန်များလုပ်ငန်း” Myanmar Organic Moringa၊ ဒေါ်နီလာ၏ “ဂဠုန်မင်းညီနောင်” ချည်ထည်လုပ်ငန်း၊ ဒေါ်သက်ဆုဌေး၏ JUMJEL ဆီး၊ မန်ကျည်းဖျော်ရည်လုပ်ငန်း၊ ဒေါ်မိုးသူဇာ၏ “ခါတော်ဦး” စားသောက်ကုန်လုပ်ငန်း။

(ဃ) **မန္တလေးတိုင်းဒေသကြီး။** ဒေါ်လုကွေဆင်း၏ Super Hero ငှက်သိုက်လုပ်ငန်း၊ ဒေါ်မေနှင်းဝေ၏ Health & Happy ကွတ်ကီးလုပ်ငန်း၊ ဒေါ်လင်းလင်းခိုင်၏ “Because Coffee” လုပ်ငန်း၊ ဦးရာဇာဌေး၏ “ခနသိဒ္ဓိအောင်” ကျောက်စိမ်းကျောက်သွေးကျောက်ဖြတ်လုပ်ငန်း၊ ဒေါ်ယဉ်မူ၏ “ENE” လူသုံးကုန်လုပ်ငန်း။

(င) **ရန်ကုန်တိုင်းဒေသကြီး။** ဒေါ်သက်မာညို၏ “Better Bee” မြန်မာ့အရည်အသွေးမြင့် ထုတ်ကုန် ပျားရည်နှင့် စားသောက်ကုန်လုပ်ငန်း၊ ဦးငွေလင်း၏ “Burma Grace” လူသုံးကုန်လုပ်ငန်း၊ စိုင်းစိုးမြင့်၏ Myanmar Bird’s Nest စားသောက်ကုန်လုပ်ငန်း၊ ဒေါ်ခင်ချမ်းမြေ့သူ၏ “ချမ်း” လူသုံးကုန်လုပ်ငန်း။

(စ) **ရှမ်းပြည်နယ်။** ဒေါ်မို့မို့မြတ်မင်း၏ “OH MY ZING” စားသောက်ကုန်လုပ်ငန်း။

**ဈေးကွက်ချိတ်ဆက်နိုင်မှု**

ပြည်နယ်နှင့် တိုင်းဒေသကြီးလုပ်ငန်းရှင်များအနေဖြင့် ပါဝင်ခင်းကျင်းပြသယှဉ်ပြိုင်ကြသော စားသောက်ကုန်၊ လူသုံးကုန်၊ လက်မှုထည်၊ ရက်ကန်းစသည့် ကုန်ပစ္စည်းအမျိုးအစားအလိုက် ဈေးကွက်ချိတ်ဆက်နိုင်မှုမှာ နေပြည်တော်မှ ၁၆ ခု၊ တနင်္သာရီတိုင်းဒေသကြီးမှ သုံးခု၊ ပဲခူးတိုင်းဒေသကြီးမှ ကိုးခု၊ မကွေးတိုင်းဒေသကြီးမှ ၁၁ ခု၊ မန္တလေးတိုင်းဒေသကြီးမှ ခုနစ်ခု၊ မွန်ပြည်နယ်မှ နှစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးမှ လေးခု၊ ဧရာဝတီတိုင်းဒေသကြီးမှ သုံးခု စုစုပေါင်းလုပ်ငန်း ၅၆ ခု ဈေးကွက်ရှာဖွေချိတ်ဆက်နိုင်ခဲ့သည်။

**သုံးသပ်အကြံပြုချက်များ**

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအောက်မှ ပြည်နယ်နှင့် တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများသည် MSME ပြပွဲပြိုင်ပွဲကြီးအပြီးတွင် ၎င်းတို့တာဝန်ယူထားရသော ပြခန်းများအလိုက် တွေ့ရှိသုံးသပ်ချက်များကို အကြံပြုရေးသား၍ အစီရင်ခံတင်ပြခဲ့ကြသည်။ သုံးသပ်အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) ပြိုင်ပွဲဝင်မည့်လုပ်ငန်းရှင်များကို ကြိုတင်လေ့ကျင့်ပေးပြီး ထုပ်ပိုးမှုစနစ်ကောင်းမွန်အောင်၊ ဈေးကွက်ချိတ်ဆက်မှု အားကောင်းအောင် အသိပညာပေးသင့်ပါသည်။

(ခ) Micro၊ Small၊ Medium စံသတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းများကို ပါဝင်ယှဉ်ပြိုင်လျှင် ပူးပေါင်းပါဝင်မှု ပိုမိုအားကောင်းလာပါမည်။

(ဂ) ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ကုန်ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက် ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသတစ်ခုက ဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်သင့်သည်။

(ဃ) တပေါင်းကွင်းသို့ အများပြည်သူသွားလာမှု လွယ်ကူစေရေး ယာဉ်များပြေးဆွဲပေးသင့်ပါသည်။

(င) လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းများကို လုပ်ငန်းလိုင်စင်၊ မှတ်ပုံတင်၊ မူပိုင်ခွင့်များ ပြည့်စုံအောင် စီစဉ်ဆောင်ရွက်ပေးကြဖို့ လိုပါသည်။ **(ဆက်လက်ဖော်ပြပါမည်)**



ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကြီး၌ ခင်းကျင်းပြသထားသော ကုန်ထုတ်သမဝါယမအသင်းများ၏ ထုတ်ကုန်ပြခန်းများကို တွေ့ရစဉ်။



ပဲခူးတိုင်းဒေသကြီး ရွှေမြန်မာလက်မှုထည်ပစ္စည်းရောင်းဝယ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းပြခန်းကို တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လူဝင်မှုကြီးကြပ်ရေးကောင်တာများ နေရာချထားမှုနှင့် iBMC ဆာဗာခန်းအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့သွားရောက်၍ ပြည်ပထွက်ခွာမည့်ခရီးသည်များကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ စိစစ်ဆောင်ရွက်ပေးသည့် လေဆိပ် Terminal 1 မြေညီထပ် CIP Lounge ရှိ လူဝင်မှုကြီးကြပ်ရေး ကောင်တာများအား လေဆိပ်ပထမထပ် (Level–2)သို့ ပြောင်းရွှေ့နေရာချထားနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ လေဆိပ်တာဝန်ခံက လိုက်လံရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ခရီးသည်များကို လူဝင်မှုကြီးကြပ်ရေး ကောင်တာများ၌ စိစစ်ဆောင်ရွက်ရာတွင် လိုအပ်သည်ထက် ကြန့်ကြာမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်နှင့် အခက်အခဲရှိပါက လျင်မြန်စွာဖြေရှင်းဆောင်ရွက်နိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က မျက်ခြည်မပြတ် ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် လေဆိပ်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြည်ပထွက်ခွာစစ်ဆေးရေးကောင်တာများ၌ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ လူဝင်မှုကြီးကြပ်ရေးမှတ်တမ်းများ ထိန်းသိမ်းထားရှိသည့် iBMC ဆာဗာခန်းအခြေအနေနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ Control Roomအဖြစ် ပြုလုပ်ဆောင်ရွက်မည့်နေရာ အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ iBMC စနစ်၏ လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး၊ ချိတ်ဆက်အသုံးပြုသည့် နည်းပညာဆိုင်ရာပစ္စည်းကိရိယာများ လုံခြုံမှုရှိစေရေး၊ ခရီးသွားပြည်သူများအပေါ် ထိရောက်လျင်မြန်စွာဖြင့်



ကြည်သာရွှင်ပြစွာ ဝန်ဆောင်မှုပေးနိုင်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း မှော်ဘီမြို့နယ် မြောင်းတကာတိုက်နယ်ဆေးရုံ၊ မြောင်းတကာကျေးလက်ကျန်းမာရေးဌာနခွဲနှင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးတို့အား စစ်ဆေး

ရန်ကုန် မတ် ၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့ နံနက်ပိုင်းတွင် မှော်ဘီမြို့နယ် မြောင်းတကာတိုက်နယ်ဆေးရုံသို့ သွားရောက်၍ လူနာဆောင်များ၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်း၊ ဆေးမှတ်တမ်းဌာန၊ ဆေးရုံဝင်းအတွင်းနှင့် ဆေးကုသရေးလုပ်ငန်းများဆောင်ရွက်မှု၊ ခွဲစိတ်ခန်းပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံလုပ်ငန်းများတိုးတက်စေရေးမှာကြားကာ လူနာများကို အားပေးစကားပြောကြား၍ တိုက်နယ်ဆေးရုံ တာဝန်ခံဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများကို ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် မြောင်းတကာကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်၍ မိခင်ကလေးကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လာရောက်ကြသူများကို တွေ့ဆုံအားပေးကာ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးထားသည့်ဆေးဝါးများ အသုံးပြုမှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေများကိုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



မွန်းလွဲပိုင်းတွင် အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာဆေးရုံရှိရှေးဟောင်းအဆောက်အအုံဖြစ်သည့် ဆာဘိုးသာဆောင် ပြင်ဆင်ထိန်းသိမ်းမှုဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ဆေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ/အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး အင်းစိန်ပြည်သူ့ဆေးရုံကြီးသည် ဗဟိုအဆင့်ဆေးရုံကြီးဖြစ်ပြီး သင်ကြားရေးဆေးရုံကြီးဖြစ်သည့်အလျောက် အဆင့်မြင့်ကုသမှုများကို ဆောင်ရွက်ပေးနိုင်သည့် ဆေးရုံကြီးဖြစ်စေရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဆေးပေးခန်း (hospital dispensary)၊ အရေးပေါ်လူနာဌာန၊ ဓာတ်ခွဲခန်း၊ သွေးလှူဘဏ်၊ ဓာတ်မှန်ဌာန၊ ဖျားနာလူနာဆောင်၊ ခွဲစိတ်ကုသဆောင်၊ ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

အင်းစိန်ပြည်သူ့ဆေးရုံကြီး၏ ဆာဘိုးသာဆောင်ကို ၁၉၂၈ ခုနှစ် ဇန်နဝါရီ ၂၀ ရက်က Sir Po Tha and Lady Thar တို့မှ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်ဘတ်ဂျက်အကုန်အကျခံကာ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကြီးစားမွမ်းမံပြင်ဆင်ထားသည့် ရှေးဟောင်းလက်ရာစာရင်းဝင်အဆောက်အအုံတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ MSME လုပ်ငန်းရှင်ကိုးဦးထံ နည်းပညာလွှဲပြောင်းပွဲ တက်ရောက်

နေပြည်တော် မတ် ၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန (DRI)မှ MSME လုပ်ငန်းရှင်ကိုးဦးထံ နည်းပညာလွှဲပြောင်းပေးအပ်ပွဲနှင့် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း (၂၀၂၂) ဖြင့် ပူးပေါင်းဆောင်ရွက်သော အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး ဓာတ်ခွဲခန်းစင်တာဆိုင်ရာ အသိပညာပေးပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဌာနအသီးသီးမှ တာဝန်ရှိသူများ၊




ပြည်တွင်းနှင့် နိုင်ငံတကာမှ နည်းပညာရှင်များ၊ ပြင်ပစက်မှုလက်မှုနှင့် စားသောက်ကုန်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များတက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယနေ့တွင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အတွင်း ကျင်းပခဲ့သည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် တောင်းခံထားသော နည်းပညာ ၅၀ အနက် ငါးခု အပါအဝင် နည်းပညာ ၁၈ ခုကို MSME လုပ်ငန်းရှင် ကိုးဦးထံ လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွှဲပြောင်းပြီး နည်းပညာအရေအတွက်မှာ ၂၀၂၁ ခုနှစ်အထိ ၂၈ ခုသာရှိရာမှ ယနေ့အထိ ၁၁၉ ခု ရှိလာပြီဖြစ်၍ နှစ်အနည်းငယ် အတွင်း နည်းပညာ ၉၁ ခုအထိ တိုးမြှင့်လွှဲပြောင်းပေးနိုင်သည်ကို တွက်ဆကြည့်ပါက နိုင်ငံတော်မှ အားပေးပံ့ပိုးမှုများ၊ ဌာနများနှင့် ပြင်ပအဖွဲ့အစည်းများနှင့် MSME လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်မှာ အထင်အရှားဖြစ်ကြောင်း၊ သွင်းကုန်အစားထိုး ပို့ကုန်ကဏ္ဍမြှင့်တင်ကာ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် MSME ကဏ္ဍ ဖွံ့ဖြိုးရေးအရှိန်အဟုန် မြှင့်တင်နိုင်ရေး ဆက်လက် တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် MSME လုပ်ငန်းရှင်များထံ နည်းပညာများ လွှဲပြောင်းပေးအပ်ပြီး MSME လုပ်ငန်းရှင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ခင်းကျင်းပြသထားသော MSME ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေး ဓာတ်ခွဲခန်းစင်တာဆိုင်ရာ အသိပညာပေးပွဲကို ဆက်လက်ကျင်းပရာ ပြည်တွင်းနှင့် နိုင်ငံတကာမှ နည်းပညာရှင်များက ဟောပြောရှင်းလင်းကြကာ MSME လုပ်ငန်းရှင်များက အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပေးစာတစ်စောင်ပို့

**ဝါရှင်တန် မတ် ၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရန် အီရန်နိုင်ငံသို့ ပေးစာတစ်စောင်ပေးပို့ခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံကို နျူကလီးယားလက်နက်ပိုင်ဆိုင်ခွင့် ပေးမည်မဟုတ်ကြောင်း ဒေါ်နယ်ထရမ့်က Fox Business Network သတင်းအေဂျင်စီနှင့် တွေ့ဆုံမေးမြန်းရာတွင် ဖြေကြားခဲ့သည်။

အီရန်နိုင်ငံ၏ နျူကလီးယားလက်နက်အပြီးတိုင် ကင်းစင်ပပျောက်စေရန် ကိုင်တွယ်နိုင်သည့် နည်းလမ်းနှစ်ခုရှိကြောင်းနှင့် ၎င်းတို့မှာ စစ်ရေးအရ ဖြေရှင်းနည်းနှင့် စေ့စပ်ညှိနှိုင်းခြင်းတို့ဖြစ်ကြောင်း ထရမ့်က ပြောကြားသည်။

စေ့စပ်ညှိနှိုင်းသည့်နည်းလမ်းကို ပိုမိုကြိုက်နှစ်သက်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

သမ္မတ ထရမ့်သည် အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများချမှတ်ရန် ကြေညာချက်တစ်ရပ်ကို ပြီးခဲ့သည့်လက လက်မှတ်ရေးထိုးခဲ့သည်။ နျူကလီးယားဆွေးနွေးပွဲများတွင် ပါဝင်ရန် အီရန်ကို တိုက်တွန်းခဲ့ပြီး အီရန်နိုင်ငံ၏ စီးပွားရေးကို အထောက်အကူဖြစ်စေမည့် သဘောတူညီချက်ကို ညှိနှိုင်းရန်ဆန္ဒရှိကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ထုတ်ဖော်ပြောကြားသည်။

ထရမ့်သည် ၎င်း၏ပထမသက်တမ်းအတွင်း နိုင်ငံတကာနျူကလီးယားသဘောတူညီချက်မှ အမေရိကန်ကို တစ်ဖက်သတ်ဆွဲထုတ်ခဲ့သောကြောင့် အီရန်ခေါင်းဆောင်များသည် ဆွေးနွေးပွဲများပြုလုပ်ရန် သဘောတူနိုင်မည်လားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် သဘောတူညီချက်အရ အီရန်သည် ၎င်းအပေါ်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားခြင်းနှင့် ၎င်း၏နျူကလီးယားအစီအစဉ်ကို ရပ်သိမ်းရန် သဘောတူညီခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**






# အမေရိကန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံစစ်ရေးလေ့ကျင့်မှု မတ် ၁၀ ရက်တွင် စတင်မည်

**ဝါရှင်တန် မတ် ၈**

အမေရိကန်နှင့် တောင်ကိုရီးယား တပ်ဖွဲ့များသည် ၎င်းတို့၏ နှစ်စဉ်စစ်ရေးလေ့ကျင့်မှုကို မတ် ၁၀ ရက်တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနှစ်နိုင်ငံစစ်ရေးလေ့ကျင့်မှုသည် သမ္မတ ဒေါ်နယ်ထရမ့် ရာထူးတာဝန်များပြန်လည်ထမ်းဆောင်ပြီးနောက် ပထမဆုံးသော အဓိက စစ်ရေးလေ့ကျင့်မှု ဖြစ်လာမည်ဖြစ်သည်။

၎င်းစစ်ရေးလေ့ကျင့်မှုကို "Freedom Shield" ဟု အမည်ပေးထားပြီး မတ် ၁၀ ရက်မှ ၂၀ ရက်အထိ ၁၁ ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း ဆိုးလ်မြို့တော်၌ ယမန်နေ့ ကျင်းပပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် နှစ်နိုင်ငံတပ်မတော်အရာရှိများက ပြောကြားသည်။

စစ်ရေးလေ့ကျင့်မှုတွင် ဒရုန်းတိုက်ခိုက်မှုများနှင့် ဆိုက်ဘာတိုက်ခိုက်မှုများကို ပြန်လည်တုံ့ပြန်မှုများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင်အမေရိကန်နှင့်တောင်ကိုရီးယားတို့ကြား သံချပ်ကာ မဟာမိတ်ဖွဲ့မှုသည် ယခင်ကထက် ပိုမိုအားကောင်းလာကြောင်း တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ ညီမဖြစ်သူ ကင်ယိုဂျောင်သည် လာမည့်ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ရည်ညွှန်းပြီး ယခုသီတင်းပတ်အစောပိုင်းက ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် အမေရိကန်၏ရပ်တည်ချက်ကို ဝေဖန်ခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း အယ်လ်ဖရက် ဩစတြေးလျနိုင်ငံအရှေ့ပိုင်းသို့ ဝင်ရောက်တိုက်ခတ်

**ကန်ဘာရာ မတ် ၈**

အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း အယ်လ်ဖရက် ဩစတြေးလျနိုင်ငံ အရှေ့ပိုင်းသို့ ဝင်ရောက်တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် လှိုင်းကြီးခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ရေကြီးရေလျှံမှုများအတွင်း အမျိုးသားတစ်ဦး ပျောက်ဆုံးနေကြောင်း သိရသည်။ ထောင်ပေါင်းများစွာသော ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အာဏာပိုင်များက တိုက်တွန်းပြောကြားသည်။

ဆိုင်ကလုန်းမုန်တိုင်း အယ်လ်ဖရက်သည် Queensland အရှေ့တောင်ဘက်ပိုင်းမှ New South Wales မြောက်ပိုင်းအထိ သက်ရောက်မှုရှိကြောင်း သိရသည်။ လက်ရှိတွင် လေပြင်းတိုက်ခတ်မှုများကြောင့် အိမ်ခြေ ၈၀၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်မှုနှင့် ကြုံတွေ့နေရသည်။

စာသင်ကျောင်းပေါင်း ၁၀၀၀ ကျော်ကို ယာယီပိတ်ထားရပြီး ပို့ဆောင် ဆက်သွယ်ရေးများလည်း ပြတ်တောက်လျက်ရှိသည်။ ကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အရေးပေါ်ကယ်ဆယ်ရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို ညွှန်ကြားထားကြောင်း ဝန်ကြီးချုပ် အယ်လ်ဘာနိစ်က ပြောကြားသည်။

မိုးဆက်လက်ရွာသွန်းမည်ဆိုပါက အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်နိုင်ကြောင်း အာဏာပိုင်များက သတိပေးပြောကြားသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**





# အလက်ဇန္ဒြားဒါချီယက်ဗ်အား အမေရိကန်ပြည်ထောင်စုဆိုင်ရာ ရုရှားသံအမတ်ကြီးအဖြစ် ခန့်အပ်

**မော်စကို မတ် ၈**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အလက်ဇန္ဒြားဒါချီယက်ဗ်အား အမေရိကန်ပြည်ထောင်စုဆိုင်ရာ ရုရှားသံအမတ်ကြီးအဖြစ် တရားဝင်ခန့်အပ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အလက်ဇန္ဒြားဒါချီယက်ဗ်သည် ယခင်က ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာနတွင် မြောက်အတ္တလန္တိတ်ဌာန ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

နှစ်နိုင်ငံဆက်ဆံရေးနှင့် ယူကရိန်းအကျပ်အတည်းကို ဆွေးနွေးရန် ရုရှားနှင့် အမေရိကန်တို့မှ ကိုယ်စားလှယ်အဖွဲ့များသည် ဖေဖော်ဝါရီ ၁၈ ရက်တွင် ရီယာ့ဒ်မြို့၌ တွေ့ဆုံခဲ့သည်။

ဆွေးနွေးပွဲအပြီးတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့သည် နှစ်နိုင်ငံသံတမန်များအား အမြန်ဆုံးခန့်အပ်ရန်နှင့် ရေရှည်တည်မြဲသော သံတမန်ရေးရာကိစ္စရပ်များကို ဖြေရှင်းရန် သဘောတူညီခဲ့ကြောင်း ကြေညာခဲ့သည်။

ဖေဖော်ဝါရီ ၂၇ ရက်က ရုရှားနှင့် အမေရိကန် သံတမန်များသည် အစ္စတန်ဘူလ်မြို့၌ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ သံတမန်ရေးရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကို မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ ကြည့်ရှုအားပေး

**ထားဝယ် မတ် ၈**

တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုကို ထားဝယ်မြို့ မြို့တော်ခန်းမ၌ ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

ထိုသို့ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားဆောင်ရွက်သည့်နေရာတွင် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ကလေးမိခင်များနှင့် ထားဝယ်မူလတန်းကြိုကျောင်း ချစ်စရာ့အရွယ် သားငယ် သမီးငယ်များက သနပ်ခါးလိမ်းခြယ်ခြင်းအား တပျော်တပါး ပါဝင်ဆင်နွှဲလျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက ကြည့်ရှုအားပေးသည်။

မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် UNESCO မှ အသိအမှတ်ပြုရေးကို ၂၀၂၀ ပြည့်နှစ်ကဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် ဆက်လက်ဆောင်ရွက်ခဲ့ရာ တပို့တွဲလပြည့်နေ့ကို မြန်မာ့သနပ်ခါးနေ့အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

မြန်မာ့သနပ်ခါးကို အများပြည်သူသိရှိပြီး ပူးပေါင်းပါဝင်ဆင်နွှဲလာစေရန်အတွက် မြန်မာ့သနပ်ခါးအထိမ်းအမှတ်အဖြစ် သနပ်ခါးလိမ်းခြယ်ခြင်းနှင့် သဘောထားစစ်တမ်းကောက်ယူခြင်း လှုပ်ရှားဆောင်ရွက်မှုများကို ကော့သောင်းခရိုင်ကလည်းဆောင်ရွက်ပြီးဖြစ်ရာ ကျန်ခရိုင်/မြို့နယ်များပါ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းသည် ပုဂံဒေသခံများအတွက် ဝင်ငွေရလုပ်ငန်းတစ်ခုဖြစ်

**နေပြည်တော် မတ် ၈**

ပုဂံယဉ်ကျေးမှုဒေသရှိ ဘုရား၊ စေတီ၊ ပုထိုးများသို့ လာရောက်လေ့လာ လည်ပတ်ကြသည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများအား မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းသည် ပုဂံဒေသခံများအတွက် ဝင်ငွေရလုပ်ငန်းတစ်ခုဖြစ်ပြီး ပြည်တွင်း၊ ပြည်ပခရီးသွားများသည် မြန်မာ့သနပ်ခါးကို နှစ်သက်စွာ လိမ်းခြယ်လေ့ရှိကြကြောင်း ဒေသခံများထံမှ သိရသည်။



"ခရီးသွားတွေက ပုဂံရောက်ရင် ညောင်ရွက်ပုံ၊ သစ်ရွက်ပုံ၊ အသဲပုံ ပုံစံအမျိုးမျိုးနဲ့ သနပ်ခါးပါးကွက်လေးတွေလိမ်းကြတယ်။ အမျိုးသမီးတွေက ဆံပင်ကိုကျစ်ဆံမြီးအလှကျစ်ပေးတာကိုပါ လုပ်ကြတယ်။ ပြည်တွင်း၊ ပြည်ပခရီးသွားအားလုံး သဘောကျကြတယ်။ ပုဂံရောက်ရင် လက်ပန်းချီဆွဲကြတယ်၊ သနပ်ခါးလိမ်းကြတယ်၊ မြန်မာ့ယဉ်ကျေးမှု ပေါ်လွင်သလို ဒီလို ဝန်ဆောင်မှုပေးတဲ့အတွက် ဝင်ငွေလည်းရပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

မြန်မာ့သနပ်ခါးကို ရှေးဘုရင်များ လက်ထက်ကတည်းက မြတ်မြတ်နိုးနိုး သုံးစွဲခဲ့ကြောင်းကို ပုဂံရှိ စူဠာမဏိစေတီနှင့် အပယ်ရတနာဘုရားတို့ရှိ နံရံဆေးပန်းချီများ၌ တွေ့ရှိနိုင်သည့်အတွက် ပြည်တွင်း၊ ပြည်ပ ခရီးသွားများအား မြန်မာ့ရိုးရာသနပ်ခါး လိမ်းခြယ်ပေးပြီး ဝန်ဆောင်မှုပေးခြင်းသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုတစ်ခုကို ထိန်းသိမ်းရာ ရောက်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြကြောင်း ဒေသခံများက ပြောကြားသည်။

"မြန်မာနိုင်ငံသားတွေက သနပ်ခါးကို ကိုယ့်အိမ်မှာလည်း အသုံးပြုကြပါတယ်၊ ဒါပေမဲ့ ပုဂံကို အလည်လာတဲ့အခါ လိမ်းဖြစ်တဲ့ သနပ်ခါးရနံ့နဲ့ ခံစားမှုက ပုဂံဒေသရဲ့ စွမ်းအင်တစ်ခုပါ။ ပြည်ပခရီးသွားတွေအတွက်ကတော့ မြန်မာ့သနပ်ခါးဟာ မြန်မာ့ရိုးရာယဉ်ကျေးမှုတစ်ခုကို ခံစားရစေပါတယ်။ ပုဂံရောက်ရင် သနပ်ခါးပါးကွက်ကြားလိမ်းပြီး စိတ်ကျေနပ်ပျော်ရွှင်တဲ့ ခရီးသွားတွေကို တွေ့မြင်ရတာဟာ မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှု အတွက် ဝမ်းမြောက် ဂုဏ်ယူစရာပါ"ဟု ပုဂံဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ပြောသည်။

မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity) သို့ ၂၀၂၅ ခုနှစ် မတ်လမတိုင်မီ အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့များနှင့် ပတ်သက်၍ ပညာပေးအစီအစဉ်များကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ - ဇွဲမာန်**

# မြဝတီမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**မြဝတီ မတ် ၈**

ကရင်ပြည်နယ် မြဝတီမြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီက အမှတ်(၅)ရပ်ကွက် ကျွန်းတော၊ မြသမဝါယမလီမိတက်ရုံးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြဝတီမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးစိန်သောင်းက အဖွင့် အမှာစကားပြောကြားပြီး မြဝတီမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာအောင်က သမဝါယမလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ များနှင့် စပ်လျဉ်း၍ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပေးသည်။



ဆက်လက်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာ၊ နှစ်ချုပ် ဘဏ္ဍာရေး ရှင်းတမ်းများနှင့် အသင်းစာရင်းစစ် အစီရင်ခံစာများကို အမှုဆောင်အဖွဲ့ဝင်တို့က ဖတ်ကြားတင်ပြရာ တက်ရောက်လာကြသည့် အသင်းသားများက သဘောတူညီကြသဖြင့် သဘာပတိကြီးက အတည်ပြုပေးခဲ့ပြီး နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနား အောင်မြင်စွာပြီးမြောက်ခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

# လှည်းကူးမြို့နယ်၌ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားဆောင်ရွက်

**လှည်းကူး မတ် ၈**

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ် တိုင်းရင်းဆေးကုဌာန၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ လှုပ်ရှားမှုအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့က အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ပေါ်ပေါက်လာပုံ သမိုင်းကြောင်းနှင့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့လှုပ်ရှားမှု ပြုလုပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးကုဌာန တိုင်းရင်းဆေးမှူး ဒေါ်ပြည့်ပြည့်ဖြိုးက သနပ်ခါးပင်နှင့် ဆေးဖက်ဝင်ပုံအကြောင်း၊ သနပ်ခါးသည် ရောဂါများသက်သာစေကြောင်း၊ မြန်မာ့ဓလေ့နှင့် သနပ်ခါးအပေါ် ချစ်မြတ်နိုးမှု၊ အသုံးပြုမှု၊ အလှအပရေးရာအကြောင်းတို့နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက အချင်းချင်းသနပ်ခါးများ လိမ်းခြယ်ပေးခြင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို ကြည့်ရှုခဲ့ပြီး အခမ်းအနားသို့ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တိုင်းရင်းဆေးကုဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပူနွေးကမ္ဘာ တားဆီးရာဖြေရှာတစ်ခု တောပြုစု**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၃၀၄ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၁၀ ကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် မတ် ၈**

မြန်မာ - တရုတ် - ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်ဖမ်းဆီး ထိန်းသိမ်းလျက်ရှိရာ ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၃၀၄ ဦးကို ယနေ့တွင် သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၁၀ကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်စဉ်။

**လွှဲပြောင်းပေးအပ်**

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ရာ ယနေ့တွင် တရုတ်နိုင်ငံသား ၃၀၄ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံ၍ ပြည်နှင်လွှဲပြောင်းပေးရာ အဆိုပါ လွှဲပြောင်းပေးအပ်ပွဲသို့ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ ကိုယ်စားလှယ်များထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့- မယ်ထော်သလေး နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၁၁၀ ကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၀ ရက်မှ မတ်လ ၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၄၇၀၂ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၁၉၇၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၂၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် မတ် ၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အပါအဝင် မြို့နယ်(၁၂)မြို့နယ်ရှိ စာသင်ကျောင်းများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သော နေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တိုအရှေ့ ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌လည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၆)ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌လည်းကောင်း နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေအသိပညာပေး ဟောပြောပွဲကျင်းပ

**လှိုင်သာယာ မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေအကြောင်း အသိပညာပေးဆွေးနွေးပွဲကို မတ် ၇ ရက် မွန်းလွဲ ၃ နာရီက အမှတ်(၆) ရပ်ကွက် နဝဒေးဥယျာဉ်အိမ်ရာအတွင်းရေကူးကန်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးမျိုးမြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောတာကလူထူးက ပြည်သူ့စစ်မှုထမ်းရန်ကာလများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့အဆင့်ဆင့်ဖွဲ့စည်းခြင်း ဆိုင်ရာများ၊ ပြည်သူ့စစ်မှုထမ်းအဖွဲ့၏ လုပ်ငန်းတာဝန်များကို ဟောပြောသည်။

အခမ်းအနားတွင် တက်ရောက်လာသော ပြည်သူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသော ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာ သတင်းစကား လက်ကမ်းစာစောင်အား အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးမှ ဝန်ထမ်းများက ဖြန့်ဝေသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မိုင်းရယ်မြို့နယ်၌ ကုန်ထုတ်လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုင်းရယ် မတ် ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နားဟီးကျေးရွာ ကုန်ထုတ်လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ နားဟီးကျေးရွာ၌ ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည် တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။



နားဟီးကျေးရွာ၌ (မြေ+သဲဖြူနှံ) အမျိုးအစား လမ်းအရှည် ၁ မိုင် ၂ ဖာလုံ၊အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၇၃ ဒသမ ၅ သန်းဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင်လတတိယပတ်တွင် လုပ်ငန်းစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်ကြီးမြို့၌ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ကျင်းပ

**တောင်ကြီး မတ် ၈**

အမျိုးသမီးများ၏ အခွင့်အရေးနှင့် စွမ်းဆောင်နိုင်မှုများကို ပိုမိုအာရုံစိုက်မိလာစေရန်နှင့် အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးအနက်ထား အကောင်အထည်ဖော်လာစေရန် ရည်ရွယ်ပြီး ယနေ့ နံနက် ၉ နာရီခွဲက အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

**မီးမောင်းထိုးပြခြင်းဖြစ်**

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ဆောင်ပုဒ်ဖြစ်သည့် "တန်းတူအခွင့်အရေးရရှိဖို့ အမျိုးသမီးများစွမ်းရည်မြှင့်တင်စို့" (For ALL Women and girls Rights, Equality Empowerment) ဖြစ်ပါကြောင်း၊ ဆောင်ပုဒ်၏ ရည်ရွယ်ချက်အရ ကျား၊ မ တန်းတူညီမျှမှုရရှိရေးအတွက် အမျိုးသမီးနှင့် မိန်းကလေးငယ်များ၏ ပညာရေး၊ ကျန်းမာရေးလက်လှမ်းမီရရှိပြီး စီးပွားရေးမှာ ပိုမိုပါဝင်လာစေမည့် နည်းလမ်းများကို စူးစမ်းလေ့လာကြရန်နှင့် စွမ်းရည်မြှင့်တင်ပေးရန် တိုက်တွန်းပြောကြားလိုကြောင်း၊ နိုင်ငံတကာတွင် ကဏ္ဍအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်နိုင်ခဲ့ကြပြီး အမျိုးသမီးများစီးပွားရေးကဏ္ဍတွင် တန်းတူပါဝင်ခွင့်ရရှိရန်အတွက် အခက်အခဲများစွာကို သိသိသာသာ ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်ကြောင်းကို ကမ္ဘာ့နိုင်ငံအားလုံး သတိပြုမိစေရန် ဆောင်ပုဒ်နှင့်အသိပေးနှိုးဆော်ခြင်းဖြစ်ကြောင်း၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ဆိုင်ရာ အခွင့်အလမ်းများ၊ ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုများနှင့် စာတတ်မြောက်မှုတို့တန်းတူညီမျှ လက်လှမ်းမီမှုရရှိပါက ကျား၊ မ တန်းတူညီမျှမှုကို ရရှိနိုင်ကြောင်း ဆောင်ပုဒ်က မီးမောင်းထိုးပြခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အမျိုးသမီးကော်မတီ အတွင်းရေးမှူး ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံးညွှန်ကြားရေးမှူးက ရှမ်းပြည်နယ်အတွင်းရှိအမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ပျဉ်းမလွင်ကျေးရွာနှင့် မင်္ဂလွန်းကျေးရွာတို့၌ နွေစပါးစံပြစိုက်ခင်း ရိတ်သိမ်း

**ဒိုက်ဦး မတ် ၈**

ညောင်လေးပင်ခရိုင် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အဖွဲ့ဝင်များသည် ဒိုက်ဦးမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦး အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ပျဉ်းမလွင်ကျေးရွာရှိ တစ်ဆက်တစ်စပ်တည်း နွေစပါးနှစ်သီး (ပထမ)သီးနှံဧက ၅၀၀ စံပြစိုက်ခင်းအတွင်းရှိ တောင်သူ ဦးမြင့်အောင်(ခ) ဦးကျောက်ဖား၏ နံ့ကောက်မျိုး ၁၅ ဧက ရိတ်သိမ်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ထိုသို့ ရိတ်သိမ်းရာတွင်တစ်ဧက အထွက်နှုန်း အစို ၁၇၄ တင်း၊ အခြောက် ၁၅၈ ဒသမ ၇၅ တင်း ထွက်ရှိကြောင်း၊ ဆက်လက်၍ မင်္ဂလွန်းကျေးရွာ တောင်သူ ဦးအောင်မြင့်၏ နွေစပါးဆင်းသုခ ဧက ၁၀၀ စံပြစိုက်ခင်း စံပြကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးခဲ့ရာ တစ်ဧကအထွက်နှုန်း အစို ၁၇၅ တင်း၊ အခြောက် ၁၆၀ ဒသမ ၁၀ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)



# ရေတာရှည်မြို့နယ်၌ မီးဘေးအန္တရာယ်အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်နည်းဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်



**ရေတာရှည် မတ် ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ဝန်ထမ်းများအနေဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ယမန်နေ့နံနက်ပိုင်းက ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် မီးဘေးလုံခြုံရေးအတွက် ရုံးအတွင်း၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ၊ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းများဆောင်ရွက်သည်။

**အသိပညာပေးပြောကြား**

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကောင်းထက်နိုင်နှင့်မီးသတ်တပ်ဖွဲ့ဝင်များကမီးသုံးစွဲမှုအခြေအနေနှင့် မီးစနစ်တကျသုံးစွဲမှု ရှိ/မရှိ လျှပ်စစ်မီးကြိုးသွယ်တန်းထားမှု အခြေအနေ၊ ခံနိုင်ဝန်အားတို့ကို လိုက်လံစစ်ဆေးပြီး မီးဘေးအန္တရာယ်နှင့်ပတ်သက်သည်များ ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို အသိပညာပေး ပြောကြားခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုခြင်း၊ မီးလောင်မှုဖြစ်ပေါ်လာလျှင် မီးငြိမ်းသတ်ယာဉ်တို့ဖြင့် စုပေါင်းမီးငြိမ်းသတ်ခြင်း၊ မီးဘေးကြောင့် ထိခိုက်မိသူများအား အရေးပေါ်ကုသမှုပြုလုပ်ခြင်း၊ အရေးပေါ်ယာဉ်ဖြင့် စနစ်တကျသယ်ယူခြင်းတို့ကို သရုပ်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ရာတွင် စည်ပင်သာယာရေးရုံးဝန်ထမ်းများအနေဖြင့် မီးဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ခြင်း အသိပညာများကိုရရှိခဲ့ပြီး မီးဘေးအန္တရာယ်ဆိုင်ရာ သရုပ်ပြမှုများကို စိတ်ဝင်တစား ကြည့်ရှုအားပေးခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၃-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၅၅ | ၃၂၇၀ | ၃၂၃၅ | ၃၀၇၀ | ၃၂၇၅ | ၃၂၉၀ | ၃၃၁၀ | ၃၂၂၅ | ၄၅၀၅ | ၃၅၂၀ | ၃၂၄၅ | ၃၂၄၅ | ၃၃၁၅ | ၃၂၈၀ | ၃၃၀၀ | ၃၅၆၀ |
| 95 Ron | ၃၂၀၅ | ၃၃၂၀ | ၃၂၈၅ | ၃၂၂၀ | ၃၃၂၅ | ၃၃၄၀ | ၃၃၆၀ | ၃၂၇၅ | ၄၅၆၀ | ၃၅၇၀ | ၃၂၉၅ | ၃၂၉၅ | ၃၃၆၅ | ၃၃၃၀ | ၃၃၅၀ | ၃၆၁၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၈၀၅ | ၂၇၇၀ | ၂၇၀၅ | ၂၈၁၀ | ၂၈၂၅ | ၂၈၄၅ | ၂၇၆၅ | - | ၃၀၅၅ | ၂၇၈၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၁၅ | ၂၈၄၀ | ၃၀၉၅ |
| HSD (50 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | ၄၈၃၀ | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၇၅ | ၃၇၃၅ |
| HSD (10 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | - | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၇၅ | ၃၇၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၈၂ | ၃၀၇၅ |
| 95 Ron | ၃၀၃၀ | ၃၁၂၄ |
| HSD (500 ppm) | ၂၅၃၂ | ၂၆၁၃ |
| HSD (50 ppm) | ၃၁၅၁ | ၃၂၄၄ |
| HSD (10 ppm) | ၃၁၅၁ | ၃၂၄၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/ CFT)ဆိုင်ရာ အသိပညာပေးသင်တန်း အမှတ်စဉ်( ၂၂ ) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၈ ရက်က ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။

မျိုးမင်းသူရ

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို
တတ်နိုင်သမျှ လျှော့စားစို့

# စစ်ကိုင်းမြို့၌ အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

မုံရွာ မတ် ၈

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့်အခြေခံစာကြည့်တိုက်ပညာသင်တန်း (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို မတ် ၇ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စာကြည့်တိုက်တစ်တိုက် ဖွင့်လှစ်ထူထောင်ရန်အတွက် လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်များသည် များပြားသိမ်မွေ့ပြီး အခက်အခဲများရှိသကဲ့သို့ ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲစေရန် လုပ်ဆောင်ရခြင်းမှာလည်း ပိုမိုခက်ခဲလှကြောင်း၊ အချိန်ကာလရှည်လျားစွာ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပြီး ပါဝင်ပူးပေါင်းဆောင်ရွက်သူများ၏ စည်းလုံးညီညွတ်မှု၊ စိတ်အားထက်သန်မှု၊ တက်ကြွမှုများကလည်း အရေးကြီးကြောင်း၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရန်အတွက် ဒေသဆိုင်ရာအာဏာပိုင်များ၏ အား၊ စာကြည့်တိုက်ကော်မတီဝင်များ၏ အား၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏အားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ အားဆိုသည့် အား (၄) အားကလည်း အဓိကကျသကဲ့သို့ ဗဟုသုတများစွာပေးစွမ်းနိုင်သည့် စာကြည့်တိုက်များ စနစ်တကျလည်ပတ်ရန်အတွက် စာကြည့်တိုက်မှူးများသည် အရေးပါလှကြောင်း၊ တာဝန်ရှိသူများအနေဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာအောင် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အခြေခံစာကြည့်တိုက် ပညာသင်တန်းအတွက် ငွေကျပ် ၃၇၅၀၀၀ ကို တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းထံ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက အခြေခံစာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါရုံးရှိ စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ စနစ်တကျသိမ်းဆည်းထားရှိမှုနှင့် ကလေးစာဖတ်ခန်းအတွင်း ဒေသခံပြည်သူများနှင့် ကလေးသူငယ်များ စာပေဖတ်ရှုလေ့လာနေမှုများကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများနှင့် ကလေးငယ်များ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျုံပျော်မြို့နယ်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

ကျုံပျော် မတ် ၈

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ သာယာလှပရေး လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၇ နာရီတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် အောင်ဆန်းရပ်ကွက် ရွှေနံ့သာလမ်း သန့်ရှင်းသာယာလှပရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများ အင်အား ၂၀၀ ခန့် ပူးပေါင်း၍ ရွှေနံ့သာလမ်း ဘေးဝဲ/ယာရှိ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ သိမ်းဆည်းခြင်းတို့ကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကံ့ကော်မြိုင် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်အစည်းအဝေး ကျင်းပ

မြစ်ကြီးနား မတ် ၈

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ကံ့ကော်မြိုင် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့က ကံ့ကော်မြိုင်ကျေးရွာ ပလန(၂) ကျေးရွာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နိုင်နိုင်မော်က သမဝါယမလုပ်ငန်းများဆိုင်ရာနှင့်စပ်လျဉ်း၍ ပြောကြားပြီး အသင်းအမှုဆောင်အဖွဲ့၏အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးအတည်ပြုပြီး အသင်းသားများအား စုဆောင်းငွေပေါ်အတိုးငွေကျပ် ၁၂၀၁၈၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုက်ကြီးမြို့နယ်၌ ဝက်မွေးမြူခြင်းလုပ်ငန်းနှင့် နွေစပါးစိုက်ပျိုးထားရှိသည့်လုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

တိုက်ကြီး မတ် ၈

ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ဥမ္မာမြင့်နှင့် တာဝန်ရှိသူများသည် မတ် ၇ ရက်တွင် တိုက်ကြီးမြို့နယ် ဂုန်ညင်းတန်းကျေးရွာအုပ်စုတွင် ဝက်မွေးမြူရေး လုပ်ကိုင်နေသည့် ပြုံးပန်းတရာ မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်း၏ အသင်းသားများ ဝက်မွေးမြူထားရှိမှုအခြေအနေနှင့် ဥတိုကျေးရွာအုပ်စု ကောင်းစံ စိုက်ပျိုးရေး သမဝါယမအသင်း တောင်သူဦးတင်လှ၏ လယ် ၁၄ ဧကတွင် စိုက်ပျိုးထားသည့် ထိုင်းမျိုး စပါးစိုက်ကွင်းများကို ကွင်းဆင်းကြည့်ရှုသည်။

တိုက်ကြီးမြို့နယ် အတွင်းရှိ ပြုံးပန်းတရာ မွေးမြူရေးနှင့် အထွေထွေ စီးပွားသမဝါယမအသင်းရှိ အသင်းသား ၂၅ ဦးအား ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အသင်းအချင်းချင်း ထောက်ပံ့မှုဖြင့် ဝက်ဖြန်းတစ်ကောင်လျှင် ကျပ်လေးသိန်းတန်ဖိုးနှင့် ညီမျှသော ဝက်ဖြန်းအကောင် ၃၀ အား ထောက်ပံ့ပေးခဲ့သည်။ အသင်းအနေဖြင့် အသင်းပိုင်ဝက်ငါးကောင်နှင့် အသင်းသားပိုင်ဝက် ၄၀ စုစုပေါင်း ၇၅ ကောင်ကို အသင်းသား အမျိုးသမီးများ အိုးမကွာအိမ်မကွာ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းအား လုပ်ကိုင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။



တိုက်ကြီးမြို့နယ်တွင် စိုက်ပျိုးရေးသမဝါယမအသင်း လေးသင်းအနေဖြင့် ရွှေမေသမဝါယမအသင်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်၍ အထွက်တိုးစပါး (ထိုင်းမျိုး)စိုက်ပျိုးခြင်းကို ၃၀ ဒသမ ၅ ဧကတွင် တောင်သူလေးဦးဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း၊ ရွှေမေသမဝါယမအသင်းအနေဖြင့် မျိုးအိတ်များ အခမဲ့ထုတ်ပေးခြင်း၊ ထွန်ယက်စိုက်ပျိုးမှု ကုန်ကျငွေများ ပံ့ပိုးပေးခြင်းအပြင် ထွက်ရှိလာမည့် မျိုးစပါးများကိုလည်း ဒေသ၏ ကာလပေါက်ဈေးဖြင့် ပြန်လည်ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့်ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့် သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့် သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် ညဘက်နှင့် နံနက်စောစောတို့တွင် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင် ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ❖ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ❖ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ❖ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါစေ့ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- ❖ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများ ရနိုင်သမျှသိုလှောင်ထားပါရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ် နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများ

# USAID ဘာလဲ...ဘယ်လဲ

မြင့်မြတ်

**USAID ခေါ် United State Agency for International Development အဖွဲ့ အစည်းက မြန်မာနိုင်ငံအိမ်နီးချင်းတွေဖြစ်တဲ့ အိန္ဒိယနိုင်ငံရဲ့ရွေးကောက်ပွဲနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာပြုတ်ကျရေးမှာ ငွေကြေးပမာဏ အတိုင်းအတာတစ်ခုအထိ ရင်းနှီးမြှုပ်နှံပြီး ဝင်ရောက်စွက်ဖက်ခဲ့ကြဖူးတယ်လို့ ဆိုလာခဲ့ရင် ကျွန်တော့်အနေနဲ့ အငြင်းပွားမှာမဟုတ်ပါ။**

### အမှန်တကယ် အကောင်းဘက် ဦးတည်ခဲ့သလား USAID

၁၉၆၁ ခုနှစ် သမ္မတ ဂျွန်အက်ဖ်ကနေဒီ လက်ထက် ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံခြားအထောက်အပံ့ အက်ဥပဒေရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် စတင်သန္ဓေတည်ခဲ့တဲ့ ဝန်ထမ်းအင်အား ၁၀၀၀၀ ခန့်ရှိ US နိုင်ငံတကာဖွံ့ဖြိုးမှုအေဂျင်စီရဲ့ မူလရည်ရွယ်ချက်တွေက သဘောတရားအရ အင်မတန်ကောင်းပါတယ်။ သဘာဝဘေး၊ ဆင်းရဲမှုတိုက်ဖျက်ရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးနဲ့ လစ်ဘရယ်အာဂျင်ဒါ စတဲ့ ခေါင်းစဉ်တွေဟာ ကမ္ဘာအနှံ့ကျော်ကြားခဲ့တယ်။ ဒါကြောင့်လည်း စစ်အေးခေတ်ကာလမှာ USAID ဟာ အောင်မြင်မှုတွေရခဲ့ပြီး ဆိုဗီယက်နဲ့ အရှေ့ဥရောပနိုင်ငံတွေ ပြိုကွဲသွားခဲ့ရတယ်။

အမေရိကန်က တစ်ကိုယ်တော် စူပါပါဝါဖြစ်လာပြီး ကမ္ဘာကြီးကို မင်းမူခွင့်ရခဲ့တယ်။ ၂၀၂၃ ခုနှစ်အတွင်း ဆင်းရဲပြီး စစ်ဖြစ်နေတဲ့ဒေသတွေမှာ အထူးသဖြင့် အစိုးရဆန့်ကျင်တဲ့ လက်နက်ကိုင်ထူပြောရာဒေသတွေမှာ သောက်ရေသုံးရေဖူလုံရေး၊ လာဘ်ပေးလာဘ်ယူပပျောက်ရေး၊ အရေးပေါ်ကယ်ဆယ်ရေးအကူအညီတွေအတွက် USAID က သုံးစွဲခဲ့တဲ့ ၇၃ ဘီလီယံဟာ လက်နက်ကိုင်နဲ့ NGO တွေအတွက်တော့ သည်းခြေကြိုက် အထူးလက်ဆောင်ပေါ့။ ၂၀၂၄ ခုနှစ်မှာဆိုရင်လည်း တစ်ကမ္ဘာလုံးမှာ လူသားချင်းစာနာထောက်ထားမှုပမာဏအားလုံးရဲ့ ၄၂ ရာခိုင်နှုန်းကို USAID က ကူညီခဲ့တာ တွေ့ရတယ်။

### တောင်အာရှနဲ့ နိုင်ငံအချို့အရေးအရာတွေမှာ ဘယ်လိုပါဝင်ပတ်သက်ခဲ့ပါသလဲ

ဆက်လက်ပြီး မြန်မာ့အိမ်နီးချင်းနိုင်ငံအချို့ရဲ့ နိုင်ငံရေးမှာ USAID က ဘယ်လိုပါဝင်ပတ်သက်ခဲ့ပါသလဲ။ အမှန်တကယ်လည်း အေဂျင်စီဟာ တောင်အာရှ နိုင်ငံရေးအခင်းအကျင်းတွေမှာ အစဉ်အလာမပျက် ဝင်ရောက်စွက်ဖက်ခဲ့ပါတယ်။ သမ္မတဘိုင်ဒင်လက်ထက်မှာ USAID က ၂၀၂၄ ခုနှစ် အိန္ဒိယရွေးကောက်ပွဲမှာ မဲပေးခွင့်ရှိသူ လူဦးရေတိုးပွားအောင်ဆိုပြီး high voter turn out ဖြစ်အောင် ရည်ရွယ်ချက်နဲ့ အမေရိကန်အခွန်ထမ်းပြည်သူတွေရဲ့ ငွေကြေးဒေါ်လာ ၂၁ သန်းခန့်ကို သုံးစွဲဖို့ ကြိုတင်လျာထားခဲ့တယ်လို့ ဆိုပါတယ်။ ဒီငွေတွေကို ယခုအခါမှာ အီလွန်မတ်စ်ရဲ့ DOGE Department Of Government Efficiency က ပယ်ဖျက်လိုက်ပါပြီ။

ဘင်္ဂလားဒေ့ရှ်မှာလည်း ၂၀၂၂ ခုနှစ်ကတည်းက USAID က ဒေါ်လာ ၁၃ ဒသမ ၄ သန်းကို အစိုးရကိုတော်လှန်မယ့် ဘင်္ဂလားဒေ့ရှ်ကျောင်းသားတွေ

- **နိုင်ငံရေးမှာ အားလုံးပါဝင်ရမယ်၊ ဒီမိုကရေစီဖြစ်ရမယ်လို့ ဘယ်လိုပဲဆိုထားပါစေ USAID ပါဝင်ချိတ်ဆက်တဲ့ လှုပ်ရှားမှုတိုင်းမှာ အကျိုးဆက်က မကောင်းလှပါဘူး။ USAID စွက်ဖက်မှုပါတဲ့ နိုင်ငံတိုင်းဟာ နောက်ဆုံးမှာ မတည်မငြိမ်ဖြစ်ခြင်းနဲ့သာ အဆုံးသတ်ခဲ့ရတယ်။ ဒီအချက်ကို ကျောင်းသားနဲ့ လူထုအုံကြွမှုတွေကြောင့် တည်ငြိမ်မှုကင်းမဲ့ခဲ့တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရေးက သက်သေပြ**
- **USAID က ဘယ်လိုနည်းလမ်းတွေ ကျင့်သုံးခဲ့သလဲ၊ Democracy ideology တွေကို တစ်ဖက်သတ်ရိုက်သွင်းရာမှာ လူသားချင်းစာနာမှုစကားလုံးတွေက အတော်အားကောင်းခဲ့တာ တွေ့ရတယ်။ အမေရိကန်ရဲ့ ပထဝီနိုင်ငံရေးအကျိုးစီးပွားအရ ပစ်မှတ်နိုင်ငံတွေရဲ့ ပြည်တွင်းရေးဝင်စွက်ဖက်တဲ့နေရာမှာ တကယ့်လက်နက်ကောင်း အစွမ်းထက်တဲ့ယန္တရားတွေဖြစ်**

အတွက် လှျို့ဝှက်လေ့ကျင့်ရေးအစီအစဉ်မှာ သုံးစွဲခဲ့တယ်။ နိုင်ငံရေးနဲ့ နိုင်ငံသားများ ချိတ်ဆက်လှုပ်ရှားခြင်းခေါင်းစဉ်အောက်မှာ USAID က ပေးကမ်းခဲ့တာဖြစ်ပြီး ဒီငွေတွေရဲ့ ဖြားယောင်းမှုအားနဲ့ ဘင်္ဂလားဒေ့ရှ်ကျောင်းသားတွေဟာ နိုင်ငံရေးမှာ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားနိုင်ခဲ့တယ်။ ရလဒ်အနေနဲ့ ၂၀၂၄ ရွေးကောက်ပွဲအပြီး ကျောင်းသားတွေဦးဆောင်တဲ့ လူထုအုံကြွမှုကြီးဖြစ်ခဲ့ရပြီး ဝန်ကြီးချုပ် ရှိတ်ဟာဆီနာတစ်ယောက် ပြည်ပစွန့်ခွာထွက်ပြေးရတဲ့အထိ သက်ရောက်မှုကကြီးမားသွားခဲ့ရတယ်။

ယခင်လ အစောပိုင်းမှာ အီလွန်မတ်စ်ရဲ့ DOGE ကနေ ထရီလီယံနဲ့ချီ အကြွေးထူနေတဲ့ နိုင်ငံဘတ်ဂျက်အသုံးစရိတ်ကို ပြန်လည်စိစစ်တဲ့အခါ ဖြတ်တောက်ခံရမယ့် ခေါင်းစဉ်တွေအောက်မှာ CEPPS အမည်ရ US အခြေစိုက် **"နိုင်ငံရေးနဲ့ ရွေးကောက်ပွဲများဆိုင်ရာ အကျိုးတူပူးပေါင်းအဖွဲ့အစည်း"** တစ်ခုက ကိုင်တွယ်နေတဲ့ ခေါင်းစဉ်တချို့ပါသွားခဲ့တယ်။ CEPPS မှာက the International Foundation for Electoral System IFES ၊ IRI နဲ့ NDI ဆိုပြီး အဖွဲ့သုံးဖွဲ့ပါဝင်တယ်။ CEPPS က တစ်ဆင့် သုံးစွဲလိုက်တဲ့ USAID ရဲ့ ငွေတွေမှာ အိန္ဒိယရွေးကောက်ပွဲအတွက် ဒေါ်လာ ၂၁ သန်း၊ ဘင်္ဂလားဒေ့ရှ်အတွက် ဒေါ်လာ ၂၉ သန်း၊ နီပေါဖက်ဒရယ်ဘတ်ဂျက်အတွက် ဒေါ်လာသန်း ၂၀ ပါဝင်ခဲ့ပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ အမေရိကန်စစ်အခြေစိုက်စခန်းဖွင့်ဖို့ ရှိတ်ဟာဆီနာက ငြင်းပယ်ခဲ့ခြင်းဟာ သူပြုတ်ကျခြင်း အကြောင်းရင်းတစ်ခုဖြစ်တယ်လို့လည်း ဆိုပါတယ်။ ဒ့ါအပြင် တရုတ်နဲ့လည်း နီးစပ်မှုရှိနေတဲ့ ရှိတ်ဟာဆီနာကို ဖြုတ်ချဖို့ IRI ကနေ ထိုပမာဏရှိတဲ့ငွေကို ရေရှည်အစီအမံနဲ့ တာဝန်ယူသုံးစွဲခဲ့ကြောင်း သိရှိရပါတယ်။ ဒီလိုကူညီမှုမျိုး၊ ဆောင်ရွက်မှုမျိုးတွေဟာ ရိုးသားမှုမရှိ၊ အမှန်တကယ်လိုအပ်တဲ့ ကိစ္စတွေလည်းမဟုတ်ကြောင်း၊ အမေရိကန်ပြည်သူပိုင်ငွေတွေကို သုံးပြီး USAID က နိုင်ငံတကာပြည်တွင်းရေးတွေမှာ ဝင်ရောက်စွက်ဖက်နေခြင်းသာဖြစ်တယ်လို့ သမ္မတထရမ့်က စွပ်စွဲပါတယ်။

ဒီအချက်ကို သက်ဆိုင်ရာနိုင်ငံခေါင်းဆောင်တွေကလည်း သဘောတူကြတယ်။ နိုင်ငံရေးမှာ အားလုံးပါဝင်ရမယ်၊ ဒီမိုကရေစီဖြစ်ရမယ်လို့ ဘယ်လိုပဲဆိုထားပါစေ USAID ပါဝင်ချိတ်ဆက်တဲ့ လှုပ်ရှားမှုတိုင်းမှာ အကျိုးဆက်က မကောင်းလှပါဘူး။ USAID စွက်ဖက်မှုပါတဲ့ နိုင်ငံတိုင်းဟာ နောက်ဆုံးမှာ မတည်မငြိမ်ဖြစ်ခြင်းနဲ့သာ အဆုံးသတ်ခဲ့ရတယ်။ ဒီအချက်ကို ကျောင်းသားနဲ့ လူထုအုံကြွမှုတွေကြောင့် တည်ငြိမ်မှုကင်းမဲ့ခဲ့တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရေးက သက်သေပြနေပါတယ်။

တောင်အာရှနိုင်ငံများအရေးမှာ USAID ရဲ့ ပတ်သက်မှုက ကျွန်တော်တို့နိုင်ငံနဲ့လည်း ဆက်စပ်နေတဲ့အတွက် စိတ်ဝင်စားဖို့ကောင်းသလို ကမ္ဘာအရပ်ရပ်က စွက်ဖက်မှုအချို့ကိုလည်း လေ့လာထားသင့်ပါတယ်။ ၂၀၁၄ ခုနှစ်က ကျူးဘားနိုင်ငံအတွင်း အဖျက်အမှောင့်တွေ ဆောင်ရွက်ဖို့ ဇွန်ဇွန်နီရိုအမည်ရှိ ကျူးဘားတွစ်တာတစ်ခုကို USAID က ဖန်တီးခဲ့သလို ၂၀၂၃ ခုနှစ်က မက္ကဆီကိုတရားဝင်အစိုးရကိုဝေဖန်တဲ့ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေကို USAID က ထောက်ပံ့ပေးနေကြောင်း မက္ကဆီကိုသမ္မတက စွပ်စွဲခဲ့တဲ့အတွက် အမေရိကန်အစိုးရကိုယ်တိုင် ဖြေရှင်းပေးခဲ့ရဖူးပါတယ်။

အာဏာရှင်ဆန့်ကျင်ရေးအမည်တပ်ထားပေမယ့် စစ်အုပ်ချုပ်ရေးနဲ့ အုပ်ချုပ်ခဲ့တဲ့ ကွန်ဂိုလိုအာဏာရှင်နိုင်ငံမှာ ဆန့်ကျင်ဘက်စံနှစ်မျိုးကို အသုံးပြုခဲ့ကြပြန်တယ်။ USAID က ဘယ်လိုနည်းလမ်းတွေကျင့်သုံးခဲ့သလဲ၊ Democracy ideology တွေကို တစ်ဖက်သတ်ရိုက်သွင်းရာမှာ လူသားချင်းစာနာမှုစကားလုံးတွေက အတော်အားကောင်းခဲ့တာ တွေ့ရတယ်။ အမေရိကန်ရဲ့ ပထဝီနိုင်ငံရေးအကျိုးစီးပွားအရ ပစ်မှတ်နိုင်ငံတွေရဲ့ ပြည်တွင်းရေးဝင်စွက်ဖက်တဲ့နေရာမှာ တကယ့်လက်နက်ကောင်းအစွမ်းထက်တဲ့ ယန္တရားတွေဖြစ်ခဲ့ပါတယ်။

USAID ဟာ အပေါ်ယံမှာ လူသားချင်းစာနာမှုသဘောတရားကို အခြေခံပေမယ့် တကယ့်အမှန်က ရုရှားနဲ့ တရုတ်နိုင်ငံတို့ကို ထိန်းချုပ်ဖို့ပါ။ စစ်အေးခေတ်မှာ ဆိုဗီယက်ကွန်မြူနစ်တို့ ကျဆုံးပြီးနောက် အားလုံးသိတဲ့အတိုင်း အင်အားကြီးမားလာတဲ့ ရုရှားနိုင်ငံနဲ့ BRI နဲ့ ကမ္ဘာပတ်မယ့် တရုတ်နိုင်ငံကို ထိန်းချုပ်ဖို့ကြိုးစားရာမှာ USAID က မပါရင်မပြီးတဲ့ လက်နက်တစ်ခုဖြစ်ပါတယ်။ ဒါဆိုရင် အမေရိကန်အကျိုးအတွက် ဒီလောက်ကောင်းတဲ့ အဖွဲ့အစည်းမျိုးနဲ့ လုပ်ဆောင်ချက်တွေကို သမ္မတထရမ့်နဲ့ DOGE ခေါင်းဆောင် အီလွန်မတ်စ်တို့က ဘာကြောင့်ဟန့်တားနေရပါသလဲ အကြောင်းရှိပါလိမ့်မယ်။

ထရမ့်ကဆိုရင် ဒီအဖွဲ့ကို ရာဇဝတ်သားလူမိုက်တစ်သိုက်ကွန်းခိုရာ Criminal Organization အဖွဲ့ကြီး၊ ဒုစရိုက်လောကသားတို့စုစည်းရာအဖွဲ့ကြီးတစ်ခုအဖြစ် စွပ်စွဲခဲ့တာကြည့်ရင် ဒီအဖွဲ့ရဲ့ အနေအထားကို ခန့်မှန်းနိုင်ပါလိမ့်မယ်။ အခုတော့ အဖွဲ့ရဲ့ပရိုဂရမ်တွေ၊ ပရောဂျက်တွေဟာ အမေရိကန်နိုင်ငံနဲ့ ပြည်သူတွေအတွက်ရော ကမ္ဘာကြီးအတွက်ပါ အကျိုးရှိ၊ ထိရောက်မှုရှိ မရှိ၊ ပွင့်လင်းမြင်သာမှုရှိ မရှိ စိစစ်သုံးသပ်နေစဉ်မှာ လုပ်ငန်းအများစုဟာ ခေတ္တရပ်တန့်နေရပါပြီ။ လတ်တလော အေဂျင်စီအရာထမ်းအမှုထမ်း ဒါဇင်ပေါင်းများစွာဟာလည်း မိမိတို့လုပ်ငန်းခွင်ကနေ နားကုန်ကြရပါပြီ။

### အတွေးအခေါ်တွေ ရိုက်ထည့်ရာ

USAID ကို ခေတ္တပိတ်သိမ်းပြီး အရေးပေါ်လုပ်ငန်းများမှအပ လုပ်ငန်းတွေ ရပ်ဆိုင်းထားရတဲ့အတွက် အထူးသဖြင့် ကျန်းမာရေးဘက်မှာ သက်ရောက်မှုတွေရှိလာနေတဲ့အပေါ် ဒီမိုကရက်နဲ့ အကူအညီပေးအဖွဲ့တွေဘက်က ဝေဖန်မှုတွေ သောသောညံနေတာ တွေ့ရပါတယ်။ USAID မှ မရှိရင် ကမ္ဘာကြီးတစ်ခုလုံး ဒုက္ခရောက်တော့မယ့်ပုံစံမျိုး၊ ဒီအချက်က ဘာကိုပြသလဲဆိုရင် အပြောင်းအလဲမှာ ပြောင်းလဲစီမံခန့်ခွဲမှုအရည်အသွေးမရှိခြင်းကိုပါ လက်ညှိုးထိုးရလိမ့်မယ်။ USAID ရဲ့ ကမ္ဘာတစ်ဝန်း ကူညီထောက်ပံ့မှုတွေမှာ ကောင်းတာတွေ အများကြီးရှိပါတယ်။

ခေါင်းစဉ်တွေကကောင်းတယ်၊ လက်တင်အမေရိကမှာ ၁၉၈၀ ပြည့်နှစ်ကတည်းက ဆောင်ရွက်နေတဲ့ ဘိန်း၊ ကိုကင်းတိုက်ဖျက်ရေးစီမံကိန်းတွေရှိခဲ့တယ်။ ဒါပေမဲ့ ထိုဒေသတွေမှာ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု အမှန်တကယ်ပပျောက်သွားပြီလား။ ဒေသခံတွေအတွက် တကယ်ရောအကျိုးရှိထိရောက်ရဲ့လား.. အထူးသဖြင့် USAID ရဲ့ အသုံးနဲ့ အဖြုန်းကဏ္ဍတွေမှာ မေးစရာမေးခွန်းများစွာ ရှိလာနေတယ်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအကူအညီမှန်ရင် သက်ဆိုင်ရာအစိုးရမှာ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရပါဘူး။

ဒါပေမဲ့ အကူအညီရတဲ့ နိုင်ငံတော်တော်များများမှာ ကြွေးမြီထူပြောတဲ့ နောက်ဆက်တွဲပြဿနာက ပြောစရာဖြစ်နေပြန်တယ်။ ထို့အပြင် USAID Scholar အများစုမှာ အမေရိကန်တန်ဖိုးနဲ့ အိုင်ဒီယာတွေ သွတ်သွင်းခံထားရတဲ့အတွက် သူ့မိခင်နိုင်ငံအတွက် အလုပ်အကျွေးမဖြစ်ဘဲ အဆုံးမှာ အမေရိကန်အကျိုးအတွက်ပဲ ဖြစ်သွားတာတွေ ရှိနေပြန်တယ်။

**စာမျက်နှာ ၁၉ သို့** ✻

> **❛ ဒီမိုကရေစီအရေး၊ ပညာရေး၊ ကျန်းမာရေး အကြောင်းပြ အဖျက်အမှောင့် လှျို့ဝှက်အကူအညီမျိုးတွေ၊ လက်နက်ပေးပြီး အချင်းချင်းတိုက်ခိုင်းမယ့် ပြည်ဖျက်အကူအညီမျိုးတွေကိုတော့ အထူးသတိထားရပါမယ်။ ပေးနေတဲ့အကူအညီလက်ဖြန့်တောင်းနေရတဲ့ အခြေအနေမျိုးမှာ ရုတ်တရက် ရပ်ဆိုင်းခံလိုက်ရတဲ့ ယူကရိန်းဥပမာကိုကြည့်ပြီး USAID တို့ Burma Act တို့နဲ့ အလုပ်ဖြစ်နေတဲ့ ဆန့်ကျင်ဘက်အဖွဲ့တွေအနေနဲ့လည်း မြင်သင့်တာမြင်နေဖို့၊ မမျှော်အပ်တာ မမျှော်ကြဖို့လိုပါတယ် ❜**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနား တက်ရောက်



**ပုသိမ် မတ် ၈**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

**ပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မတ် ၈ ရက်တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ နေထိုင်ကြသော အမျိုးသမီးများအားလုံးအတွက် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားများကို ၁၉၇၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ကြပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ ယခု ၂၀၂၅ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ဆောင်ပုဒ်မှာ "For ALL women and girls: Rights. Equality. Empowerment. တန်းတူအခွင့်အရေးရရှိဖို့ အမျိုးသမီးများ စွမ်းရည်မြှင့်တင်စို့" ဖြစ်ပြီး အမျိုးသမီးများ၏ အခွင့်အရေးများကို ဖော်ထုတ်ပေးခြင်း၊ စွမ်းဆောင်ရည်နှင့် အရည်အသွေးများကို မြှင့်တင်အသိအမှတ်ပြုပေးခြင်း၊ မိန်းကလေးငယ်များနှင့် အမျိုးသမီးများကြုံတွေ့နေရသော အခက်အခဲအတားအဆီးများကို ကြိုတင်ဖြေရှင်းပေးခြင်းများသည် တစ်နည်းအားဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း(NSPAW) Phase II (၂၀၂၃-၂၀၃၂)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ထိရောက်အောင်မြင်နိုင်ရန်အတွက် ဦးဆောင်ကော်မတီ(၁)ရပ်နှင့် လုပ်ငန်းကော်မတီ(၁၂)ရပ် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပေးပို့သည့် သဝဏ်လွှာ Vedio Clip နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှပေးပို့သော အသိပညာပေး Vedio Clip များကို ပြသသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကြပြီး ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်နှင့် ပုသိမ်မြို့နယ်တို့မှ ထွက်ရှိသော အမျိုးသမီးများ၏ လက်မှုထုတ်ကုန်ပစ္စည်းများ၊ ပုသိမ်မြို့နှင့် ဖျာပုံမြို့ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၏ လက်မှုပစ္စည်းများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြို့နယ်ချင်းဆက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**နေပြည်တော် မတ် ၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မြို့နယ်ချင်းဆက်လမ်းခင်းခြင်း လုပ်ငန်းများကို ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးကြသည်။



ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်နှင့် တာဝန်ရှိသူများသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဆည်စုကျေးရွာမှ လယ်ဝေးမြို့နယ် ဥသျှစ်လှိုင်းအုပ်စု အောင်မင်္ဂလာကျေးရွာသို့ မြို့နယ်ချင်းဆက်လမ်း ကျောက်ချောလမ်း ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# ညောင်လေးပင်မြို့၌ နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်

**ညောင်လေးပင် မတ် ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် စာရေးဆရာအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။



အခမ်းအနားတွင် ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးလှမြင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝေယံပိုင်တို့က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို)မှ အလုပ်အမှုဆောင်အဖွဲ့ဝင် စာရေးဆရာကြီး ဒေါက်တာမြင့်သန်း (ညောင်လေးပင်)က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ညောင်လေးပင်မြို့ပေါ်ရှိ အထက(၁)၊ အထက(၂)၊ အထက(ခွဲ)နှင့်အမက၊ အလက ကျောင်းများမှ ကျောင်းသားကျောင်းသူ ၄၅ ဦး တက်ရောက်ကြပြီး သင်တန်းကို ယနေ့မှစ၍ ၁၀ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

✻ စာမျက်နှာ ၁၈ မှ

တချို့ဆို ကိုယ့်နိုင်ငံကို ပြန်ဆန့်ကျင်မိတဲ့အထိ brainwash လုပ်ခံလိုက်ရတဲ့ ဖြစ်ရပ်တွေဟာ မိခင်နိုင်ငံအတွက်တော့ တကယ့်ဆုံးရှုံးမှုကြီးပါပဲ။ ဒါကြောင့် USAID ကပေးတဲ့ ဒေါ်လာမျိုးကို နိုင်ငံအတော်များများက မလိုချင်ကြပါဘူး။

**အမှန်သိလာကြပါပြီ**

မှန်ပါတယ်၊ သမ္မတထရမ့်တို့လုပ်ရပ်ဟာ ယခုအချိန်မှာ မှန်ကန်မှုရှိတယ်လို့ ဆိုချင်ပါတယ်။ ဒီမိုကရေစီနိုင်ငံကြီးတစ်နိုင်ငံက တစ်ကမ္ဘာလုံးကို အထောက်အပံ့ပေး အဖွဲ့အစည်းတစ်ခုအနေနဲ့ ပွင့်လင်းမြင်သာမှု ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ်နဲ့ အဂတိကိစ္စတွေမှာ တာဝန်ယူတာဝန်ခံမှုရှိသင့်တယ်လို့မြင်ပါတယ်။ အားလုံးအတွက် တရားမျှတမှုရှိရပါမယ်၊ ထရမ့် ထောက်ပြတာက လူပြိန်းကြိုက်မူဝါဒအောက်က စကားလုံးလှလှတွေနဲ့ ဆီးသီးဗန်းမှောက်ပွဲတော်ကြီး ဖြစ်နေလောက်အောင်ကို မတော်မတရားမှုတွေ ကြီးစိုးနေခြင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။

စစ်တမ်းတွေအရလည်း အမေရိကန်နိုင်ငံသား ၆၀ ရာခိုင်နှုန်းကနေ ၉၀ ရာခိုင်နှုန်းက အမေရိကန်အစိုးရရဲ့ နိုင်ငံခြားအထောက်အပံ့တွေအပေါ်မှာ အယုံအကြည်မရှိပါဘူး။ ကိုယ့်အစိုးရက ကိုယ့်နိုင်ငံသားတွေကို ပိုဂရုစိုက်တာပဲလိုချင်ကြတယ်။ မိမိနိုင်ငံရဲ့ ကျန်းမာရေး၊ ပညာရေးအတွက် ပုံအောသုံးရမယ့်အစား နိုင်ငံတကာအပေါ် ပိုဂရုစိုက်ပြနေခြင်းကို မယုံကြည်ကြတော့ပါဘူး။

အေဂျင်စီက ဝန်ထမ်းတွေအတွက်သုံးရတဲ့ အုပ်ချုပ်မှုကိစ္စတွေနဲ့တင် အမေရိကန်ပြည်သူတွေရဲ့ ငွေတွေ ကုန်ကျနေရတဲ့အချက်ကို ဝေဖန်ထောက်ပြကြတယ်။ သူများနိုင်ငံတွေရဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်ပြီး မတည်မငြိမ်ဖြစ်အောင်လုပ်၊ ကိုယ်မကြိုက်တဲ့အစိုးရ၊ ကိုယ့်ဩဇာမခံတဲ့ ခေါင်းဆောင်ဆို ဖြုတ်ချ၊ နိုင်ငံပြိုကွဲအောင် လူ့အဖွဲ့အစည်းတွေပြိုလဲအောင် ကျင့်ဝတ်သိက္ခာမဲ့တဲ့ နိုင်ငံသားတွေဖြစ်သွားအောင် ကြံစည်ကြိုးပမ်းနေတဲ့ အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ ကြိုးကိုင်အဖွဲ့အစည်းများစွာထဲမှာ USAID အပြင် NED လိုအဖွဲ့တွေ၊ ဆိုးရော့ဇ်ရဲ့ OSF လိုအဖွဲ့အစည်းတွေလည်း ပါဝင်နေတဲ့အတွက် အမေရိကန်ပုံရိပ်ကျဆင်းနေရခြင်းကို အမေရိကန်ပြည်သူတွေ သိသင့်သလောက် သိနေကြပါပြီ။

စာရေးသူအမြင်အရ USAID ဆိုတာ ခေတ္တခဏပိတ်သိမ်းရုံမဟုတ်၊ ရာသက်ပန် ပိတ်သိမ်းပြီး လုံးဝမရှိသင့်တဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် မြင်ပါတယ်။ ဆာဟာရဒေသ အာဖရိကအပါအဝင် တစ်ကမ္ဘာလုံးက ဆင်းရဲတဲ့ပြည်သူတွေအတွက်တော့ တစ်ဖက်ကစဉ်းစားရမှာဖြစ်ပေမယ့် မိမိအလိုမလိုက် ဩဇာမခံတဲ့နိုင်ငံတွေကို ဝင်ရောက်စွက်ဖက်ပြီး အစိုးရကိုဆန့်ကျင်တဲ့အဖွဲ့အစည်းနဲ့ လက်နက်ကိုင်တွေကို တရားမဝင်ကူညီနေတဲ့ လုပ်နည်းလုပ်ဟန်တွေကြောင့်သာ ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေတဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် မြင်မိခြင်းဖြစ်ပါတယ်။

တစ်ဖက်မှာ တရုတ်နိုင်ငံက အာဖရိကနဲ့ လက်တင်အမေရိကဒေသတွေမှာ လွှမ်းမိုးလာနေတာကို အမေရိကန်က စိုးရိမ်နေတာကြောင့်လည်း တစ်ဖက်နဲ့တစ်ဖက် ပြိုင်ဆိုင်မှုက ဆက်လက်ပြင်းထန်နေဦးမယ်လို့ ယူဆပါတယ်။ အမေရိကန်အနေနဲ့ USAID ကို စွန့်လွှတ်ပြီး တရုတ်ရဲ့ လက်ရှိတိုးတက်နေတဲ့လမ်းကြောင်းကို အကန့်အသတ်မရှိဖွင့်ပေးလိုက်သလိုဖြစ်မှာကိုတော့ ရှောင်မယ်ထင်ပါတယ်။ အမှန်တကယ် စာနာမှုအကြောင်းပြ ပြည်ပအကူအညီမှန်သမျှဟာ သူ့အကျိုးစီးပွားသာ ပထမဦးစားပေးဖြစ်တဲ့အတွက် ယူသင့်မှယူတာကောင်းပါတယ်။ သူတော်ကောင်းယောင်စိတ်ထားနဲ့ ချည်ထားတဲ့နှောင်ကြိုးဟာ မခိုင်မြဲကြောင်း သိဖို့လိုပါတယ်။

ဒီမိုကရေစီအရေး၊ ပညာရေး၊ ကျန်းမာရေးအကြောင်းပြ အဖျက်အမှောင့် လျှို့ဝှက်အကူအညီမျိုးတွေ၊ လက်နက်ပေးပြီး အချင်းချင်းတိုက်ခိုင်းမယ့် ပြည်ဖျက်အကူအညီမျိုးတွေကိုတော့ အထူးသတိထားရပါမယ်။ ပေးနေတဲ့အကူအညီ လက်ဖြန့်တောင်းနေရတဲ့ အခြေအနေမျိုးမှာ ရုတ်တရက်ရပ်ဆိုင်းခံလိုက်ရတဲ့ ယူကရိန်းဥပမာကိုကြည့်ပြီး USAID တို့ Burma Act တို့နဲ့ အလုပ်ဖြစ်နေတဲ့ ဆန့်ကျင်ဘက်အဖွဲ့တွေအနေနဲ့လည်း မြင်သင့်တာမြင်နေဖို့၊ မမျှော်အပ်တာ မမျှော်ကြဖို့လိုပါတယ်။

အကူအညီကြောင့် မိမိတိုင်းပြည်မှာ ဘာတွေပြောင်းလဲသွားမလဲ၊ တိုးတက်မှုဘက်ပြောင်းလဲရင် လက်ခံမယ်၊ ပူးပေါင်းလုပ်ဆောင်မယ်၊ တည်ငြိမ်မှုကင်းပြီး အပျက်ဘက်ဦးတည်မယ်၊ ဖွံ့ဖြိုးမှုနှောင့်နှေးပြီး အကျိုးမရှိမယ့် အခြေအနေဆိုရင်တော့ ငြင်းဆန်ပယ်ချရပါမယ်။ တစ်ခါတစ်ရံမှာ အကျိုးစီးပွားချင်း ပဋိပက္ခအသွင်ဆောင်ပြီး ကြားညပ်မယ့် အနေအထား Proxy ဘက် ရောက်မသွားစေဖို့လည်း သတိပြုကြရပါမယ်။

ဘယ်လိုဖြစ်ဖြစ်ပါ။ လက်တွေ့အရတော့ မစို့မပို့ ပြည်ပအကူအညီကနေ နေ့ချင်းညချင်း ရုတ်တရက် ကြီးပွားတိုးတက်သွားတဲ့ နိုင်ငံအဖွဲ့အစည်းမျိုးကရှားပါတယ်။ မရှိသလောက်ပါပဲ။ သေချာတာက ပျက်စီးဖို့ကတော့ ချက်ချင်းဖြစ်နိုင်မယ်။ နောက်ဆုံးအဓိကအချက်အနေနဲ့တော့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုဆိုတာ ပြည်ပအကူအညီနဲ့ ဘယ်တော့မှ မရနိုင်ဘူးဆိုတဲ့အချက်ပဲ.. သဘောပေါက်ဖို့၊ အမြော်အမြင်ရှိရှိ ဆင်ခြင်သုံးသပ်နိုင်ဖို့နဲ့ သင်ခန်းစာယူသင့်သလောက် ယူနိုင်ကြဖို့ပါပဲ။ ။

ဝတ္ထုတို

## ပိုင်ပိုင်

(၁)

"ကိုဝေ...မေရီ သေချာတယ်။ အထားမမှားဘူး။ ဟိုလေ အိမ်ထဲ အဝင်အထွက်ကလည်း ဆရာမဘဲ ရှိတာ"

"ဟာ...မင်းကွာ...ဥစ္စာပျောက်ငရဲရောက်..မတွေးကောင်း မထင်ကောင်းကွာ"

"မထင်ချင်ပါဘူး။ ဒါပေမဲ့..ဆရာမက ခုဆိုစားဖို့တောင် ခက်ခဲနေသူလေ။ လွယ်ရင်သူကြွယ်တောင်သယ်ယူတတ်တယ်တဲ့"

"ကျွတ်...မေရီ...တော်ကွာ"

လှေကားအတက်မှာ ကြားလိုက်ရသည့် စကားများ။ ကျွန်မ၏ ရင်ထဲတွင် သိမ်ငယ်သလို ရှက်ရွံ့သလို ပြန်လှည့်သွားရမလို ကတုန်ကယင်ဖြစ်မိသည်။ သူတို့သားငယ်ကို စာသင်ပေးရန် ပင်စင်စား ဆရာမကြီး ကျွန်မကို တစ်လငွေကျပ် ငါးသောင်းပေးထားသည်။ သူတို့ဇနီးမောင်နှံငယ်စဉ်ကလည်း ကျွန်မ၏တပည့်အရင်း များဖြစ်ခဲ့ကြသည်။ ကိုဝေလင်းနှင့် မမေရီတို့ ပြောနေကြသော စကားများက ကျွန်မကို ရည်ညွှန်းနေသည်။

နှစ်မိုင်ခန့်ခရီးကို စက်ဘီးနင်းပြီးလာခဲ့ရသောကျွန်မ ညောင်းညာပင်ပန်းခြင်းနှင့်အတူ အားငယ်ဝမ်းနည်းလာမိသည်မှာ ခန္ဓာကိုယ်က မြူမှုန်ပမာလွင့်ပျယ်ချင်လာသလိုလို။

ကျွန်မက အထည်ကြီးပျက်ပင်။ မိဘများရှိစဉ်က ရွှေပေါ်မြတင်နေရသည့်ဘဝ။ ကျောင်းဆရာမလေးအဖြစ် ဂုဏ်ရှိရှိနေရင်း မိဘတွေသဘောမတူသော ကိုအောင်သူနှင့်ယူမိမှ ငါးပါးမှောက်တော့သည်။ ရုပ်ရည်လေးချောတာမက်သည့် ကျွန်မ ခိုးရာလိုက်ပြေးမိသည်။ မိဘများက အမွေပြတ်စွန့်လွှတ်ခြင်းကို ခံရသည်။

ကိုအောင်သူက ကျောက်ပွဲစားလိုလိုနှင့် အလုပ်ကလက်ကြောမတင်း။ အပေါင်းအသင်းများနှင့် ဆေးစွဲ။ မူလတန်းပြဆရာမ ကျွန်မ၏ လစာလေးနှင့် အတော်ချို့တဲ့ခဲ့ရသည်။ တစ်ဦးတည်းသော သမီးဖြစ်သူက ဉာဏ်ရည်မမီသူ။ ပေပေတေတေ ကိုအောင်သူက လေဖြတ်ထား၍ မထနိုင်တော့ပါ။ သမီးက အဖေ့ဝေယျာဝစ္စတော့ လုပ်ပေးတတ်၍ တော်သေး၏။

ကျွန်မ၏ မိဘများစိတ်ဓာတ်ပြတ်သားချက်ကတော့ ကျန်သားသမီးများကိုသာ အမွေခွဲပေးခဲ့သည်။ ကျွန်မကိုတော့ သေသာသွားရော အတွေ့ပင်မခံပါ။ ကျန်မောင်နှမများကလည်း စိမ်းကားကာ အဖက်မလုပ်ကြ။ ကိုအောင်သူ၏ ဇာတိရွာဖြစ်သော စစ်ကိုင်းမြို့နှင့် နှစ်မိုင်ခန့်ဝေးသည့် သပြေပင်ရွာလေးတွင် ကျွန်မ လိုက်နေခဲ့ရသည်။ စစ်ကိုင်းမြို့သူကျောင်းဆရာမလေး ကျွန်မက ကိုအောင်သူတို့ရွာသူရွာသားများ၏ လယ်စိုက်လုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်းများကိုလည်း စိတ်မဝင်စားခဲ့ပါ။ ကိုအောင်သူကလည်း မိဘလက်ငုတ် လက်ရင်းဖြစ်သည့် ဥယျာဉ်ခြံများကိုရောင်းချပြီး သူမကျွမ်းကျင်သည့်အလုပ်များလုပ်သည်ကြောင့် ဆင်းရဲတွင်း နက်လာရခြင်းပင်။

ကျွန်မ၏ ကံဆိုးမှုများဟုသာမှတ်ယူထားခဲ့ပြီး မူလတန်းပြရာထူးမှ ရာထူးတက်ရေးကိုလည်း မကြိုးစားခဲ့။ ပင်စင်ထိုင်ပြီးသည့်နောက်တွင် လူမမာခင်ပွန်းနှင့် ဉာဏ်ရည်မမီသောသမီးတို့ စားသောက်ရေးအဆင်ပြေစေရန် ရွာမှသူများဥယျာဉ်ခြံများတွင် ပေါင်းနုတ်ခြင်း




လက်ခစားလိုက်လုပ်ရသည်။ မနက်ခင်း တစ်ပိုင်းသာ ဥယျာဉ်ခြံ အလုပ်လုပ်ရပြီး ညနေခင်းတွင် စစ်ကိုင်းမြို့ထဲရှိ သူတို့ သားငယ်လေးကို စာလာသင်ပေးရခြင်းပင်။

သူတို့ဘာတွေပျောက်ရသည် မသိ။ ကျွန်မ မေးလိုက်ရမည်လော။ မသိသလို နေရမည်လော။ ဝေခွဲမရ။ မရှိမာနနှင့်သမားဂုဏ်ကြောင့် အထင်မြင်သေးခံရခြင်းကိုလည်းလက်မခံချင်ပါ။

"မေရီ ဒီစကား ဒီမှာထား...ငါ့ဆရာမရဲ့ ကိုယ်ကျင့်တရားကို ငါယုံတယ်..တော်ထပ်မပြောနဲ့၊ ငါတို့ကို ငယ်ကတည်းက စေတနာအပြည့်နဲ့ ကျောင်းစာတင်မကဘူး စာရိတ္တပိုင်းတွေကအစ သေချာ သင်ပေးခဲ့တဲ့ ဆရာမလေ။ မင်းအထင်မမှားပါနဲ့"

တပည့်လေးကိုဝေလင်း၏ စကားကြောင့် ကျွန်မအသက်ရှူဝသွားသည်။ အတန်ကြာသည်အထိ ရပ်နေမိပြီးမှ ကျွန်မ အိမ်ထဲသို့ဝင်ခဲ့သည်။

(၂)

နှစ်တန်းကျောင်းသားလေး ပေါက်ပေါက်ကို စာသာသင်ပေးနေရသည် ကျွန်မရင်ထဲမကောင်းပါ။ မရှိခိုးနိုး အထင်ခံရခြင်းက စိတ်မသက်သာလှပါ။ ဘာတွေပျောက်သလဲမေးလိုက်ချင်သော်လည်း သူတို့ ပြောစကားကို ခိုးနားထောင်ကာ မလုံမလဲမေးသည်ဟု အထင်ခံရမှာလည်းစိုးမိသည်။ ကျွန်မ ခိုး၍နားထောင်ခဲ့ခြင်းမဟုတ်ပါ။ ကျွန်မ ယူသည်အထင်နှင့်ပြောနေသည့် စကားသံကြားမိ၍ အံ့သြတုန်လှုပ်မိပြီး အသက်ရှူရန်မေ့သွားသည်အထိ ငြိမ်သက်ကာရပ်နေခဲ့မိခြင်းသာ။ သည်ကျူရှင်ပြရသော အလုပ်နားရမည်ကိုလည်း စိုးမိသည်။ ခြောက်နာရီထိုး စာသင်ပြီး၍ ကျွန်မပြန်ခါနီး....

"သမီးရေ...မေရီ..ဆရာမပြန်တော့မယ်။ ဒီနေ့တော့ ပေါက်ပေါက်လေးကို ပုံပြင်လည်းပြောပြခဲ့တယ်။ ကံငါးပါး လုံအောင်ထိန်းဖို့လည်း ဆရာမရှင်းပြခဲ့တယ်"

"ရှင်...ဟုတ်ကဲ့ဆရာမ..."

ညရောက်တော့လည်း ကျွန်မ အိပ်မပျော်ပါ။ လောကဓံကို ခါးစည်းခံနေသော ကျွန်မ အသက်ခြောက်ဆယ့်သုံးနှစ်ရှိပြီ သူများပစ္စည်းကို အပ်တိုတစ်ချောင်းပင် မယူခဲ့ဖူးပါ။ တရားကို နတ်စောင့်ပါစေသာ ဆုတောင်းမိပါသည်။

(၃)

"ဆရာမလာပြီ။ မေရီရေ...ယူခဲ့လေကွာ။ သားတို့ရေ...လာဟေ့"

ကျွန်မ သူတို့အိမ်ဝင်ဝင်ခြင်း ကိုဝေလင်းက ဆီးကြိုသည်။ ထူးခြားနေ၏။ မမေရီက မုန့်ထုပ်များ လင်ဗန်းထဲ ထည့်လာသည်။ နိုင်နိုင်နှင့် ပေါက်ပေါက်ကလည်း ပြုံးလျက်။

"ခုံပေါ်မှာထိုင်ပါ ဆရာမ။ ဒီနေ့ မေရီ မွေးနေ့လေ။ ဆရာမကို ကန်တော့ချင်လို့ပါ"

"ကွယ်.. မိဘများကိုကော ကန်တော့ပြီးရဲ့လား"

"ပြီးပြီ ဆရာမ မနက်အစောကတည်းက။ သားတို့ လာ ထိုင်ကန်တော့ ရအောင်"

"ဆရာမကို ကာယကံ၊ ဝစီကံ၊ မနောကံ ပြစ်မှားမိပါက ခွင့်လွှတ်ပေးပါ"

"သာဓု..သာဓု..သာဓု ကိုယ်ကျင့်တရားကောင်းမွန်စွာ စောင့်ထိန်းနိုင်သူများဖြစ်ကြပြီး အရာရာအဆင်ပြေအောင်မြင်ကြပါစေကွယ်"

"ပေးတဲ့ဆု ပြည့်ပါရစေ ဆရာမ"

"ကိုယ်ကျင့်တရားဆိုမှ ဆရာမရယ်... ဟိုရက်က မေရီလက်စွပ်ပျောက်သွားတာလေ..အဲဒါ နိုင်နိုင်ယူသွားတာ။ ဘောလုံးပွဲကို သူငယ်ချင်းတွေနဲ့ လောင်းပစ်တာ ကြေးကြီးပြီး ရှုံးတာလေ"

"ဟုတ်လား..လောင်းကစားက စမိရင် နောက်ဆုတ်ဖို့မလွယ်ဘူး နိုင်နိုင်ရယ်.. စိတ်ကိုလဲစွဲလန်းစေတယ်။ လောင်းကစားလုပ်တာက လောဘနဲ့ သောကတွေပဲ ရလိမ့်မယ်။ နိုင်ချင်တဲ့ လောဘ။ ရှုံးပြန်တော့ သောကရောက်ရတယ်"

"ဟုတ်တယ်ဆရာမရယ်...ဒီကောင် အပေါင်းအသင်းမှားတာလေ။ သေချာတော့ ဆုံးမထားပါတယ်။ ကျောင်းဖွင့်တာနဲ့ အဆောင်မှာနေပြီး ကျောင်းသွားတက်ရတော့မှာ ဒီကောင်"

"သား နိုင်နိုင်..လောင်းကစားနောက် မလုပ်ပါနဲ့။ မိဘစကားနားထောင်ပါ။ အပေါင်းအသင်းမမှားပါစေနဲ့။ သားတို့ခေတ်လူငယ်လေးတွေက ဉာဏ်ရည်ပို ထက်မြက်ပါတယ်။ ကောင်း၏ မကောင်း၏ ခွဲတတ်ပါတယ်နော်"

"ဟုတ်ကဲ့ပါ ဆရာမကြီး။ သားလည်း ကြောက်သွားပါပြီ အဖေ့လက်သီးက ပြင်းတယ်ဗျ..ဟီး..ဟီး။ နောက်တစ်ခါလုပ်ရင် အိမ်ကနှင်ချမယ်တဲ့။ တကယ် လုပ်မယ့်ပုံ..သားစာပဲ ကြိုးစားတော့မယ်"

ရယ်မောနေသော မိသားစုလေးကို ကြည့်ပြီး ပီတိဖြစ်ရသလို ကျွန်မ၏ စိတ်များလည်း ကြည်လင်လာရပါသည်။

(၄)

ဒီနေ့ ကျွန်မ ပညာရေးမှူးရုံးတွင် ပင်စင်လစာထုတ်ပြီး စာသင်ရန် အချိန်စောသေးပေမယ့် သူတို့ အိမ်သို့ဝင်လာခဲ့သည်။

"အယ်...ဆရာမ..အစောကြီးပါလား"

"အေးကွယ်။ ပင်စင်ထုတ်လာတာလေ။ အိမ်ပြန်ပြီးရင်လည်း ခဏနေပြန်လာရမှာပဲ ဆိုတော့ တစ်ခါတည်း ဝင်ခဲ့လိုက်တော့တာ"

"ပေါက်ပေါက်ကိုလည်း ခုမှကျောင်းက ကြိုလာတာ။ မုန့်စားနေတယ်။ ဆရာမ ခဏနားပါဦး"

"အေးပါကွယ်"

ကျွန်မကို အအေးဖန်ခွက်လေးချပေးပြီး မမေရီ ကျွန်မအနားလာထိုင်စဉ် စားပွဲပေါ်မှ သူ့ဟန်းဖုန်းမြည်လာ၏။

"ဆရာမ အအေးသောက်နော်။ သမီး ဖုန်းပြောလိုက်ဦးမယ်"

"အေး...အေး သမီး"

မေရီက ဖုန်းကို တိုးတိုးမပြောတတ်ဘူးထင်၏။ ပြတင်းပေါက်နားရပ်ပြီး ဖုန်းပြောနေသံကို အတိုင်းသား ကြားနေရသည်။

"ဟဲ့...မဖြစ်ဘူး မောင်မောင်။ ကိုဝေသိရင် ငါ့ကို သတ်လိမ့်မယ်"

"......"

"ခက်နေပါပြီ။ တစ်ခါတည်း ကူညီပါဆိုလည်း ကူညီစရာမှ မဟုတ်တာဟာ"

"......."

"ကဲ...နင်နဲ့ မောင်နှမတော်ရတာ စိတ်ညစ်လိုက်တာ။ အဲဒါတွေမလုပ်ပါနဲ့ဆို။ နင်မကြောက်ဘူးလား" ဒီတစ်ခါတည်း နောက်မလုပ်တော့မှာ သေချာလား။ ကတိနော်။ ပြီးရောဟာ"

ဖုန်းပြောအပြီးတွင် မမေရီ မျက်နှာက စိတ်ရှုပ်နေပုံပင်။ ခဏအကြာတွင် ကားတစ်စီးရောက်လာသည်။ ကျွန်မလည်း ပေါက်ပေါက်ကို စာသင်ရန် အခန်းထဲဝင်ခဲ့တော့သည်။

"ဆေးပုံးအခွံအဟောင်းကြီးထဲမှာနော်။ စိတ်ချပါဟာ..မကြာခင် ငါပြန်လာယူမှာပါ။

"အေး..နောက်ဒါတွေမလုပ်တော့တာ သေချာတယ်နော်။ ငါ စိတ်ညစ်တယ်။ ခုလည်းပြန်တော့။ ခဏနေ ကိုဝေ ပြန်လာတော့မှာ"

"အေးပါ...ပြန်ပြီ"

မမေရီနှင့် မောင်မောင်တို့ ကျွန်မ စာသင်နေသော အခန်းထောင့်၌ရပ်ကာ ပြောနေသော စကားများကို သေချာကြားမိသည်။ မောင်မောင်ဆိုသည်က မမေရီ၏ မောင်တစ်ဝမ်းကွဲဖြစ်သည်။ ဆယ်ဘီးပါကုန်ကားများ မောင်းသူဖြစ်သည်။ ယခု ဒီအိမ်သို့ ခဏပါဟု ပြောပြီး လာဝှက်ထားသော ပစ္စည်းသည် အန္တရာယ်မကင်းတာ ဖြစ်နိုင်သည်။

(၅)

နောက်ရက်တွင်... ကျွန်မစာသင်နေချိန်၌ ရဲကားတစ်စီးရောက်လာပါသည်။ ရဲကားခြံထဲဝင်လာသည်ကို ပြတင်းပေါက်မှ မြင်မိသည်နှင့် ကျွန်မ ရေအိမ်ဘက်သို့ သွားလိုက်သည်။

"ကိုဝေလင်းနဲ့ မမေရီ အိမ်ပါလားခင်ဗျာ"

"ဟုတ်ပါတယ်ဗျ... ဘာကိစ္စလဲ။ ထိုင်ပါ"

"ကျွန်တော်က ဒုရဲအုပ်မြတ်ကျော်ပါ။ ဒီအိမ်ကိုလွန်ခဲ့တဲ့သုံးရက်က ကိုမောင်မောင် လာသွားတယ်လို့ သတင်းကြားမိလို့ပါ။ ဘယ်လိုဆက်စပ်မှုရှိလဲဗျ"

"ဟင်...မေရီ...မောင်မောင်လာသေးတယ် ဟုတ်လား.."

"ဟုတ်တယ် ကိုဝေ...နယ်စပ်ဘက်သွားတော့မှာမို့ ခဏဝင်နှုတ်ဆက်သွားတာ။ ဘာဖြစ်လို့လဲ ဒုရဲအုပ်ကြီး"

"ကိုမောင်မောင်..နယ်စပ်မှာ အသတ်ခံလိုက်ရပြီဗျ။ သတ်တဲ့သူကို ဖမ်းမိထားပြီ။ ကိုမောင်မောင့်ဆီမှာ ရောင်းချမယ့် စိတ်ကြွဆေးတွေရှိတယ်လို့ သတင်းရထားတယ်။ သူ့အိမ်ကိုလည်း သွားရှာပြီးပြီ။ သူနဲ့ဆက်စပ်သူတွေ အိမ်ကိုပါ စစ်ဆေးရှာဖွေနေတာပါ။ တာဝန်အရမို့ ကျွန်တော်တို့ကို ရှာဖွေခွင့်ပြုပါ"

"ရှာပါ။ ရပါတယ်ခင်ဗျ"

ကိုဝေလင်း၏ခွင့်ပြုချက်ရသည်နှင့် ရဲသုံးဦးနှင့် ရပ်ကွက်လူကြီးနှစ်ဦးက ဧည့်ခန်းမှစကာ သေချာရှာဖွေကြပါတော့သည်။ ကျွန်မလည်း မမေရီလက်ကိုဆွဲကာ ထမင်းစားခန်းမှ စားပွဲတွင်ထိုင်နေစေပါသည်။ ကိုဝေလင်းကတော့ တည်တည်ငြိမ်ငြိမ်ပင်။ မမေရီ၏ မျက်နှာကတော့ ဆီးရွက်လောက်သာ။ ပစ္စည်းအဟောင်းများထားသောအခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ ရေအိမ်များအတွင်းပါမကျန် သေချာ ပိုက်စိပ်တိုက်ကာ ရှာကြပြီးနောက်....

"ရပါပြီ။ သေချာလည်းရှာပြီးပါပြီ။ ခုလို ကြည်ကြည်ဖြူဖြူ ရှာဖွေခွင့်ပေးတာကို ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်"

ဒုရဲအုပ်အဖွဲ့ ပြန်သွားသော်လည်း မမေရီက ထိုင်ရာကမထ ကျောက်ရုပ်ပမာ။

"ဟူး...ကြုံဖူးပါဘူးကွာ။ မောင်မောင့်ကြည့်ရတာ အကဲမရလို့ငါဆိုရင်လမ်းတွေ့ရင်တောင်နှုတ်မဆက်ဘူး"

"ကဲ...ဆရာမလည်း ပြန်တော့မယ်ကွယ်။ မိုးတောင်ချုပ်သွားပြီ။ လူမိုက်ဆိုရင် ဝေးဝေးရှောင်သင့်တယ်။ မပေးသင့်တဲ့ အကူအညီဆိုရင်လည်း မပေးရဘူး။ ကိုယ့်ရင်ကမွေးတဲ့ သားသမီးကိုတောင်မှ သူတစ်ပါးထိခိုက်နစ်နာစေမယ့်အလုပ်မျိုးလုပ်တယ်ဆိုရင် အကူအညီမပေးသင့်ဘူး"

"ဆရာမကြီး...သားစာပြန်ဦးမယ် ခဏလေး"

ပေါက်ပေါက်လေးက တစ်နေ့စာ တစ်နေ့ ပြန်ဆိုပြသည်မှာ အကျင့်ဖြစ်နေသည်။

"ဆရာ့ဝတ်။

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန် ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ ဝတ်ငါးဖြာ။"

ပေါက်ပေါက်လေး စာပြန်နေသည်ကို ကြည့်ရင်း မျက်ရည်များစီးကျနေသော မမေရီ၏ မျက်နှာလေးက တိမ်ကင်းစင်သည့်လမင်းပမာ။

"ပေါက်ပေါက်လေးက တော်လိုက်တာကွယ်။ ကဲ..ဆရာမ ပြန်ပြီနော်"

"ဟုတ်ကဲ့ ဆရာမ"

ကျွန်မ၏ အိမ်အပြန်လမ်းမှာတော့ စက်ဘီးလေးနင်းရင်း သီရိမင်္ဂလာဂုံးကျော် တံတားပေါ်အရောက် တံတားအရှေ့ဘက်က စည်းခုံကြီးဘုရားနှင့် မီးများလင်းလက်နေသော ဟိုးစစ်ကိုင်းတောင်ပေါ်ကဘုရားများကို လှမ်းမျှော်ဖူးလိုက်ပါသည်။

တပည့်လေးတို့အိမ်က ရေအိမ်အောက်မိလ္လာကျင်းထဲတွင် နှစ်မြုပ်ပျော်ဝင်နေပြီဖြစ်သော စိတ်ကြွရူးသွပ်ဆေးပြားများစွာကိုတော့ မည်သူမှ ရှာမတွေ့နိုင်တော့ပါ။ ။

## ကြိုတင်ရှောင်ရှား လောင်းကစား

☆ လောကဝယ် လူသားတို့
ငွေရဖို့ နည်းလမ်းရှာ၊
စိတ်ကိုကွယ် အလိုလိုက်
မိုက်လုံးကြီးကာ။
ကံစေစား လောင်းကစားသာ
စွဲမြဲစွာ ပြုလုပ်လျက်၊
ကိုယ့်ကိုယ်ကိုယ် ဒုက္ခတွင်း
ဆင်းကာရှေ့ဆက်။
☆ လောင်းကစားကို နေ့ညဖက်
လောဘရမ္မက် စေခိုင်းကျွန်၊
ဘဝကို အလွယ်လေး
တွေးလို့ဆက်မှန်။
ရှုန်းမထွက် တစ်သက်ကျွံ
လွန်ခါမှ နောင်တရ၊
အချိန်ကုန် လူပင်ပန်း
စိတ်နွမ်းသောက။
☆ ကြိုတင်ကာ ရှောင်ရှားကြ
လောင်းကစား လူ့ဝန်းကျင်၊
ကံကိုကွယ် မယုံစားနဲ့
ကြိုးစားအစဉ်။
ဇွဲလုံ့လ ဝီရိယနှင့်
ဉာဏ်ကိုယှဉ် အလုပ်လုပ်၊
ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား
ရိုးသားကြိုးကုတ်။ ။

ချစ်သက် (မြန်မာစာ)

## တပေါင်းချိန်ခါ မြန်မာ့ရိုးရာ

❖ ဘိုးဘွားတို့ ရိုးရာအမွေ
ကောင်းခြင်းပေ မြတ်ဓလေ့။
တိုင်းမြို့ပြည် ကျင်းပအမြဲလို့
ဆင်နွှဲပျော်မွေ့။
❖ ရှေးထုံးမူ ဘယ်မမေ့ပါဘု
စိတ်ချမ်းမြေ့ ပြည်မြန်မာ
လမြတ်မဟာ။
မြတ်ဗုဒ္ဓ ပူဇော်ကာ
စည်ကားစွာ သောင်ယံဦး။
စေတီတော် သဲပုံစုလို့
ပြုကြဂုဏ်ထူး။
❖ ပင်နန်းမြိုင် ပွင့်အင်ဖူးတွေနှင့်
ဝတ်ရည်လူးသည့် ပန်းသရဖီ။
လေသွေးဆောင် လေးကျွန်းအနှံ့မို့
ရနံ့ထုံအီ။
ရှုမဝ အခါတော်မီ
မျိုးသာကီ ချစ်ဖွယ်ကောင်း။
ရှင်ပြုအလှူ မြန်မာ့အလှမို့
သာစွတပေါင်း။ ။

ရင်ခတ်ပန်း (စွယ်တော်)

ဆောင်းပါး

# စည်းကမ်းရှိသော နေထိုင်မှုဘဝ

■ ဈာန်လေး (ပညာရေး)

မိမိတို့၏ ရှင်သန်နေထိုင်ရာ ဘဝလေးတွင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ၍ ပျော်ရွှင်စရာကောင်းသော မိသားစုလေးနှင့်အတူ ဖြတ်သန်းနေစဉ် လူနေမှုဘဝ၏ အဓိကအချက်အချာကျသောအရာသည် စည်းကမ်းဖြင့်နေထိုင်ခြင်းက ပင်မအရင်းအမြစ်ဖြစ်ပေသည်။

အိမ်တွင် အိမ်စည်းကမ်းရှိသလို ကျောင်းတွင်လည်း ကျောင်းစည်းကမ်းရှိသကဲ့သို့ လမ်းတွင်လည်း လမ်း၏ စည်းကမ်းဟူ၍ရှိပါသည်။ တိုးတက်အောင်မြင်နေသော လုပ်ငန်းရှင်အများစုသည် စည်းစနစ်ကျ၍ ၎င်းတို့၏ ကိုယ်ပိုင်စည်းကမ်းသတ်မှတ်ချက်များ ရှိကြစမြဲပင်ဖြစ်သည်။ စည်းမဲ့ကမ်းမဲ့နေထိုင်သူတို့သည် အဘယ်မှာတိုးတက်အောင်မြင်ပါလိမ့်မည်နည်း။

ယခုခေတ် လူငယ်အများစုတို့သည် မဖြစ်သင့်မဖြစ်ထိုက်အောင် လူကြီးများက စည်းကမ်းရှိရှိနေတတ်၊ ထိုင်တတ်ရန် အမြဲသွန်သင်ဆုံးမလေ့ရှိသောလူကြီးများကို ကလန်ကဆန်ပြန်ပြောလေ့ရှိပြီး သူတို့အပေါ် အမြဲချုပ်ချယ်သည်ဟု ယူဆတတ်လေ့ရှိပါသည်။ အိမ်တစ်အိမ်တွင်လည်း မိဘများက မိမိသားသမီးများအပေါ်ကို ချစ်လွန်း၍ မဖြစ်သင့်သည်ကိုမဖြစ်အောင် သွန်သင်ဆုံးမသောအခါ သားသမီးများအနေဖြင့် နားမထောင်လာသောအခါ "ဒါငါ့စည်းကမ်းပဲ"ဟု ချမှတ်လေ့ရှိပါသည်။ ထိုသို့ချမှတ်လိုက်သောအခါ သားသမီးများအနေဖြင့် မကြိုက်ကြတော့ပေ။ သူတို့အတွေးထဲတွင် စည်းကမ်းဆိုသောအရာသည် သူတို့အတွက် ပိတ်ဆို့ထားသောအရာ တစ်နည်းအားဖြင့် ချုပ်ချယ်ထားသောအရာဟု ယူဆထားကြပါသည်။

အမှန်တော့ စည်းကမ်းဟူသည် ပိတ်ဆို့ထားသောအရာမဟုတ်သလို ချုပ်ချယ်ထားသောအရာလည်း မဟုတ်ပါ။ "စည်းကမ်း"ဆိုသည်မှာ မဖြစ်သင့်သည်များကို မဖြစ်စေရန် မိမိဘဝအတွက် လုံခြုံမှုပေးစွမ်းနိုင်သော အုတ်တံတိုင်းပမာ ကာရံပေးထားသည့် အတားအဆီးတစ်ခုပင်ဖြစ်ပေသည်။ အတားအဆီးဆိုသော စည်းကမ်းကို သတ်မှတ်ထားရခြင်းသည် မိမိအတွက် ကြုံတွေ့လာနိုင်စေသော ဘေးဒုက္ခများကို နည်းနိုင်သမျှနည်းပါးသွားအောင် အထူးစီမံထားသော အစွမ်းထက်သည့် စည်းမျဉ်းတစ်ကြောင်းဟု ဆိုရပေမည်။ ထိုစည်းမျဉ်းကို ကျော်လွန်ခဲ့ပါက နောက်ဆက်တွဲအနေဖြင့် စိတ်မချမ်းသာမှုများကို ဖြစ်ပေါ်စေနိုင်ပြီး စည်းမဲ့ကမ်းမဲ့ ပရမ်းပတာနေထိုင်လာပြီး ၎င်းတို့၏ ဆိုးကျိုးအပြစ်များကိုပါ ခံစားစံစားလာနိုင်ပါတော့သည်။

"အကွပ်မရှိတဲ့ကြမ်း ပရမ်းပတာ" ဟု ရှေးလူကြီးများက ဆိုစမှတ်ပြုကြပါသည်။ မှန်ပါသည် အကွပ်နှင့်တူသော စည်းကမ်းမရှိလျှင် ဘဝနှင့်တူသော ကြမ်းသည်လည်း ပရမ်းပတာဖြစ်နိုင်ပါသည်။ စည်းကမ်းသည် လူ၏တန်ဖိုးပင်ဖြစ်ပါသည်။ စည်းကမ်းဟူသည်ကား လူတစ်ယောက်၏ အခွင့်အရေးများကို ပိတ်ပင်တားဆီးထားခြင်းမျိုးမဟုတ်ပေ။ လူတစ်ယောက်၏ ပင်ကိုအရည်အချင်းများကို အရောင်တောက်ပလာအောင် မွမ်းမံပေးလိုက်ခြင်းမျိုးပင်ဖြစ်သည်။

စည်းရိုးလုံသော အိမ်ဝင်းသည် တိရစ္ဆာန်များ အကန့်အသတ်မဲ့ ဝင်/ထွက်မရနိုင်သလို "ကမ်း" ရှိသော မြစ်(သို့)ချောင်းသည်လည်း တော်ရုံနှင့် ရေကြီး/ရေလျှံစိုးရိမ်စရာ မလိုတော့ပေ။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များသည်လည်း စည်းကမ်းဆိုသည်ကို ကိုယ်နှင့်မကွာ ဦးစားပေးထားသင့်ပါသည်။ လွတ်လပ်မှုသည် လူငယ်များအတွက် ကောင်းပါသော်လည်း ထိုလွတ်လပ်မှုကို ကောင်းစွာအသုံးမချတတ်ပါက မိမိအတွက် အကြီးမားဆုံးသော အန္တရာယ်ပင်ဖြစ်ပေသည်။

စည်းကမ်းရှိသူတိုင်းသည် မိမိနှင့် အများအကျိုးရှိသည်ကိုပဲ စဉ်းစားတွေးတောကာ ပြုမူနေထိုင်တတ်လေ့ရှိပါသည်။ မိမိအနေဖြင့် စည်းကမ်းကောင်းရှိလာလျှင် အစစအရာရာ အလိုလိုအဆင်ပြေချောမွေ့စေလာနိုင်ပြီး စေတနာ၊ မေတ္တာများပါ အလိုလိုလိုက်ပါလာပါသည်။ စည်းကမ်းရှိရှိ နေထိုင်တတ်သော ပုဂ္ဂိုလ်မျိုးကို လူအများက လေးစားချစ်ခင်တတ်ကြပြီး အများအနေဖြင့်လည်း စံပြပုဂ္ဂိုလ်တစ်ယောက်အဖြစ် လူ့ဝန်းကျင်တွင် မျက်နှာပန်းလှနိုင်ပါသည်။ ထို့ကြောင့် "စည်းကမ်းသည် လူ၏တန်ဖိုး"ဟု ရှေးလူကြီးများက ဆိုမိန့်ခဲ့ကြပါသည်။ စည်းမဲ့ကမ်းမဲ့ နေထိုင်တတ်ကြသူများသည် လူအများ၏ ချစ်ခင်လေးစားမှုကိုမရရှိနိုင်သလို လောကအလယ်၊ မိမိပတ်ဝန်းကျင်အလယ်တွင်လည်း မျက်နှာပန်းမလှသလို လူအများ၏ နှာခေါင်းရှုံ့ခြင်းကိုလည်း ခံရပါလိမ့်မည်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိအောင် နေထိုင်ခြင်းဖြင့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ပြီး ပြုမူနေထိုင်သွားမည်ဆိုပါက ဘဝတစ်သက်တာအတွက် ပျော်ရွှင်စွာနေထိုင်သွားနိုင်ပါလိမ့်မည်။

**(၁) အလျှင်စလိုမလုပ်ပါနှင့်**

မည်သည့်အရာကိုမှ အလျှင်စလိုမလုပ်မိပါစေနှင့်။ ပရမ်းပတာ နေထိုင်ခဲ့သူတစ်ယောက်အနေဖြင့် စည်းကမ်းရှိစွာ နေတတ်ထိုင်တတ်စေရန် ထိုက်သင့်သောအချိန်ယူရပါလိမ့်မည်။ ဖြည်းဖြည်းမှန်မှန်ဖြင့် ကြိုးစားရန်လိုအပ်ပါသည်။ မည်သည့်အရာမဆို အလျှင်စလိုစိတ်ဖြင့် ကတိုက်ကရိုက်ပြုလုပ်မိလျှင် ထိုအလုပ်၊ ထိုအကြံအစည်များသည် နှောင့်နှေးကြန့်ကြာမှုရှိစေနိုင်သလို ကိုယ့်ကိုယ်ကိုယ်လည်း စိတ်ပျက်အားငယ်စိတ်များ ဖြစ်ပေါ်စေနိုင်ပါသည်။

ထို့ကြောင့် အလုပ်တစ်ခု ဆုံးဖြတ်ချက်တစ်ခုကို မချခင် အသိဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်သင့်ပါသည်။ မိမိဘဝကို တိုးတက်အောင်မြင်အောင် ကြိုးစားနေချိန်တွင်လည်း အရာရာတွင် အလျှင်စလိုလုပ်တတ်သောအကျင့်ကိုဖျောက်ကာ စိတ်ကို ထိန်းချုပ်ပြီး ပညာသတိကြီးသူဖြစ်အောင် နေထိုင်တတ်ရန်လည်း အလွန်အရေးကြီးလှပါပေသည်။

**(၂) အရာအားလုံးကိုသင်ယူလိုစိတ်မွေးပါ**

အောင်မြင်လိုစိတ်ရှိသူတစ်ဦးသည် အရာရာကို စူးစမ်းရှာဖွေလေ့လာပြီး စဉ်ဆက်မပြတ် သင်ယူလိုစိတ်မွေးထားရပါမည်။

အလုပ်တစ်ခုကို စတင်လုပ်ဆောင်နေခြင်းသည် မိမိတွင်ရှိသော ပင်ကိုအရည်အချင်းတစ်ခုကို ပိုမိုကောင်းမွန်လာအောင်၊ ပိုမိုတိုးတက်လာအောင် သင်ယူခြင်းမှ စွမ်းဆောင်ခြင်းသို့ ပြောင်းလဲလိုက်ခြင်းပင်ဖြစ်သည်။ သင်ယူရာမှ စွမ်းဆောင်ခြင်းကောင်းမွန်လာသောအခါ တန်ဖိုးရှိသောလူသားအဖြစ်ဖြင့် အောင်မြင်မှုတံဆိပ်ကို ရိုက်နှိပ်နိုင်မည်ဖြစ်သည်။

**(၃) စိတ်ကောင်းထားပါ**

"စိတ်ကောင်းရှိဖို့ ပထမ" ဟု မဟာဂန္ဓာရုံဆရာတော်ကြီးက နေထိုင်နည်းစည်းကမ်း ချမှတ်ခဲ့ပါသည်။

"စေတနာကောင်းရင် ကံကောင်းတယ်"ဟု ရှေးလူကြီးများက ဆိုစမှတ်ပြုခဲ့ပါသည်။ လူမှုနယ်ပယ်တွင် စိတ်ထားမကောင်းလျှင် အဆင်မပြေနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် မိတ်ဆွေအပေါင်းအသင်းများက ရှောင်ဖယ်သွားနိုင်သလို လုပ်ငန်းအရ ဆက်ဆံရသော်လည်း မည်သူမှ ခေါ်ချင်၊ ပြောချင်မည်မဟုတ်ပေ။ ထို့ကြောင့် လောကအလယ်တွင် စိတ်ထားကောင်းမှ၊ စိတ်ထားလှမှ လူဝင်ဆန့်ပေသည်။

**(၄) ပါးစပ်စည်းကမ်းရှိပါ**

ကတိတစ်လုံး လွယ်လွယ်မသုံးမိပါစေနှင့်။ အထူးသဖြင့် ပါးစပ်စည်းကမ်းရှိပါစေ။ ကတိကို မိမိ၏ အသက်ထက် တန်ဖိုးထားတတ်ပါစေ။ လူ့ဘဝကို ရောက်ရှိလာသောအခါ အခက်အခဲဆိုတာ လူတိုင်းရှိကြပါသည်။ ထိုလောကခံ အခက်အခဲများအတွက်နှင့် ကတိတစ်လုံးကို လွယ်လွယ်ပေးပြီး ခြေထောက်အောက်နင်းချေဖျက်ရန် မည်သည့်အခါမှ မစဉ်းစားလိုက်ပါနှင့်။

တစ်ခါက ဆောင်းတွင်းတစ်ညမှာ ကင်းစောင့်နေတဲ့ အဘိုးအိုကြီးတစ်ယောက်ရှိတယ်။ သူဟာ ပါးလှပ်ပြီး စုတ်ပြတ်နေတဲ့ အဝတ်ကိုဝတ်ပြီး မီးဖိုနံဘေးမှာ အအေးဒဏ်ကိုအံတုနေရှာတယ်။ ထိုမြင်ကွင်းကို ဘုရင်ကြီးက မြင်သွားလေတော့ အဘိုးအိုကြီးကို ကရုဏာသက်ဝင်ကာ မေးမိလိုက်တယ်။

"အဘိုးအို အခုလိုဆောင်းတွင်းမှာ ပါးလှပ်တဲ့ အဝတ်တစ်ထည်နဲ့ မအေးဘူးလား"

အဘိုးအိုကပြန်ဖြေရှာတယ်။

"အေးသော်လည်း ဝတ်စရာအနွေးထည်မရှိတော့ အံကြိတ်ဖြတ်သန်းရတာပေါ့ အရှင်မင်းကြီး"

အဘိုးအိုရဲ့ စကားကိုကြားရတော့ ဘုရင်ကြီးဟာ သူနန်းတော်ထဲပြန်ရောက်ရင် အစေခံတစ်ယောက်လွှတ်ပြီး အနွေးထည်ပို့ခိုင်းလိုက်ပါမယ်လို့ ကတိပေးလိုက်တယ်။

အဘိုးအိုလည်း ဘုရင်ကြီးရဲ့စကားကို ကြားရတော့ အတော်လေးဝမ်းသာသွားတော့တယ်။

အချိန်အတော်ကြာတော့ ဘုရင်ကြီးဟာ နန်းတော်ကို ပြန်ရောက်ခဲ့တယ်။ အဘိုးအိုကိုပေးခဲ့သော ကတိမေ့သွားလေရဲ့။ နောက်နေ့ရောက်သော် အဘိုးအိုသည် အသက်မရှိရှာတော့ပေ။

အချုပ်အားဖြင့်ဆိုသော် စိတ်ကိုပညာက အုပ်ချုပ်သောကြောင့် ပညာကောင်းရန်အတွက် စည်းကမ်းဟူသော အုတ်မြစ်ကောင်းကောင်း ချတတ်ရန် အထူးပင် လိုအပ်ပါသည်။ စည်းကမ်းဟူသည် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်ဟူ၍ မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် ဖွင့်ဆိုထားခဲ့ပါသည်။

ထို့ကြောင့် အပြုအမူများသည် ယဉ်ကျေးသော နိုင်ငံကြီးသားတို့၏ အပြုအမူများ မဟုတ်ကြောင်းကို အထူးသတိထားသင့်လှပါသည်။ စည်းကမ်းဟူသည် လူ၏တန်ဖိုးဟူသည့် ဆိုရိုးစကားအတိုင်း လူတစ်ဦးချင်းစီဖြစ်စေ၊ အသင်းအဖွဲ့အလိုက်ဖြစ်စေ စည်းကမ်းရှိမှသာ တန်ဖိုးရှိပြီး တိုးတက်အောင်မြင်မည်ဖြစ်ပါသည်။

စည်းကမ်းဆိုသည်မှာ လူတို့အား စည်းကမ်းလိုက်နာရန် သို့မဟုတ် အကျင့်စာရိတ္တတစ်ခုအနေဖြင့် လေ့ကျင့်ပေးခြင်းဖြစ်ပြီး မနာခံမှုရှိပါက ပြစ်ဒဏ်ပေးခြင်းကို အသုံးပြု၍ စည်းကမ်းလိုက်နာစေခြင်း သို့မဟုတ် ကျင့်ဝတ်စည်းကမ်းများကို လေ့ကျင့်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် စည်းကမ်းရှိခြင်းဖြင့် မိမိတို့၏ နေထိုင်မှုလူ့ဘဝကို အစဉ်အမြဲ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုရေးသားလိုက်ရပါတော့သည်။

# ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်းရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

**နေပြည်တော် မတ် ၈**


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှစတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း စခန်း ၁၄ စခန်းမှ မိုးရေနမူနာများစုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၁၄ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနက စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ-၂)


မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့်စခန်း ၁၄ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**ပုံ (၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ**




**ပုံ (၂)၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်းရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ**




**၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်းရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | ပူတာအို | ၆.၈ |
| ၂ | တောင်ကြီး | ၇.၁ |
| ၃ | မိုင်းဆတ် | ၇.၂ |
| ၄ | ကျိုင်းတုံ | ၆.၇ |
| ၅ | ပျဉ်းမနား | ၆.၈ |
| ၆ | ရန်ကုန်(ကမ္ဘာအေး) | ၆.၈ |
| ၇ | ပဲခူး | ၇.၁ |
| ၈ | ပုသိမ် | ၇.၂ |
| ၉ | ဟသ္သာတ | ၆.၆ |
| ၁၀ | ဘားအံ | ၇.၀ |
| ၁၁ | ကော့ကရိတ် | ၆.၆ |
| ၁၂ | ထားဝယ် | ၆.၉ |
| ၁၃ | မြိတ် | ၇.၀ |
| ၁၄ | ကော့သောင်း | ၆.၅ |

# ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ

**နေပြည်တော် မတ် ၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန် (ကမ္ဘာအေး) ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5µg) နှင့်အောက် သေးငယ်သော အမှုန်အမွှားများ (Parti–culate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်း လုပ်ငန်းကို ၂၆–၃–၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၈ ရက်နေ့အထိတိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေး အညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် ဖေဖော်ဝါရီလ ၁၁၊ ၂၀၊ ၂၅၊ ၂၆၊ ၂၇ ရက်နေ့နှင့် ၂၈ ရက်နေ့တို့သည် AQI Range 51–100 အတွင်းတွင်ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate)၊ ၁၊ ၅၊ ၆၊ ၉၊ ၁၀၊ ၁၂၊ ၁၃၊ ၁၆ ရက်နေ့နှင့် ၁၉ ရက်နေ့တို့သည် AQI Range 101–150 အတွင်းတွင်ရှိသောကြောင့် ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့် (Unhealthy for Sensitive Group) နှင့် ကျန်ရက်များသည် AQI Range 151–200 အတွင်းတွင်ရှိသောကြောင့် ကျန်းမာရေးကို ထိခိုက်စေသောအဆင့် (Unheal–thy) ဖြစ်ကြောင်း တွေ့ရှိရပါသည်။


တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန် (ကမ္ဘာအေး) ရုံး၏ လေအရည်အသွေးမှာ ဖေဖော်ဝါရီလအတွင်းတွင် အသင့်အတင့်အဆင့်၌ ၆ ရက်၊ ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၉ ရက်နှင့် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၁၃ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရသည်။

**မိုးလေဝသနှင့်**
**ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ်အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေးထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသောအုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကိုအလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေးပြင်းထန်စွာထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့်အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေးထိခိုက်နိုင်ခြေပိုများသည်။ |

**ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ**



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ရှေးဟောင်းသမိုင်းဝင် လက်ဝဲသလုံးတော်ဓာတ်စေတီတော်မြတ် ထီးတော်အား ရွှေသင်္ကန်းကပ်လှူ

**စစ်တွေ မတ် ၈**

စစ်တွေမြို့ ရှေးဟောင်းသမိုင်းဝင် လက်ဝဲသလုံးတော်ဓာတ်စေတီတော်မြတ်၏ ရှေးဟောင်းထီးတော်အား ရွှေသင်္ကန်းကပ်လှူခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်မြတ်၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်အား ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် လက်ဝဲသလုံးတော်ဓာတ်စေတီတော်မြတ်၏ ရှေးဟောင်းထီးတော်အား ရွှေသင်္ကန်းကပ်လှူပူဇော်ကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လက်ဝဲသလုံးတော်ဓာတ်စေတီတော်မြတ်အား ထီးတော်တင်လှူနိုင်ရန်နှင့် ဘက်စုံပြုပြင်မွမ်းမံနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် စေတီတော်ဓမ္မာရုံ၌ လက်ဝဲသလုံးတော်ဓာတ်စေတီတော်မြတ်အား ထီးတော်တင်လှူနိုင်ရန်နှင့် စေတီတော်ဘက်စုံပြုပြင်မွမ်းမံနေမှုနှင့် ပတ်သက်၍ ဆောက်လုပ်ရေးတာဝန်ခံက ထီးတော်တင်လှူနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ ဓမ္မာရုံအားပြန်လည်ပြုပြင်ခြင်းနှင့် တိုးချဲ့တည်ဆောက်နေမှု၊ စေတီတော်ရင်ပြင်နှင့် တံခွန်တိုင်တို့တွင် လိုအပ်သောနေရာများကို ပြုပြင်နေမှု၊ ဘုရားပရဝဏ်အတွင်း မီးလိုင်းများတပ်ဆင်ခြင်းနှင့် ရေလိုင်းများဆက်သွယ်ခြင်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ရှေးမူမပျက် စနစ်တကျဆောင်ရွက်နိုင်ရေး မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဓမ္မာရုံအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များ ယာယီပလ္လင်တော်တွင် သီတင်းသုံးနေမှုကို လှည့်လည်ဖူးမြော်ကြပြီး ပလ္လင်တော်များပြုပြင်ပြီးစီးပါက စနစ်တကျဖူးမြော်နိုင်ရေး စီစဉ်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ရှေးဟောင်းသမိုင်းဝင် လက်ဝဲသလုံးတော်ဓာတ်စေတီတော်မြတ်အား ထီးတော်တင်လှူပွဲကို ၁၃၈၆ ခုနှစ် တပေါင်းလပြည့်နေ့ မတ် ၁၃ ရက်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ထီးတော်တင်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် မတ် ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၇) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါစေတီတော်မြတ်ကြီး၏ တောင်ဘက်ရှိ တပေါင်းကွင်း၌ ကျင်းပသည်။

ဦးစွာ ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲမှုခ်ဦးအား နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဌာနကြီးမှူး ဦးစိုးဝင်း၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်မင်းဦးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက (၁၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာခြင်းအလှခတ်ဖြင့် ဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးပြီး နေပြည်တော်ကောင်စီဝင်နှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌတို့က မြန်မာ့ရိုးရာခြင်းအလှခတ် ဖျော်ဖြေမှုတွင် ပါဝင်ကူညီခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။



အဆိုပါ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲတွင် ပွဲတော်လာပြည်သူများအား ဇာတ်သဘင်ဖျော်ဖြေမှု၊ တေးဂီတဖျော်ဖြေမှု၊ မြန်မာ့ရိုးရာခြင်းအလှခတ် ဖျော်ဖြေမှုများအပြင် ချား၊ ရဟတ်၊ ပျော့ပျော့အိ ကလေးကစားကွင်းများ စသည့် ပျော်ရွှင်ဖွယ် အစီအစဉ်မျိုးစုံဖြင့် ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလပြည့်နေ့အထိ (မတ် ၇ ရက်မှ ၁၃ ရက်အထိ) ခုနစ်ရက်တိုင်တိုင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ တောင်ဘက်ရှိ တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဟိုပုံးမြို့နယ် လူထုအခြေပြုဇဟိုဌာနခန်းမ၌ အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်

**ဟိုပုံး မတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ဒေသအဆင့်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းကို ဟိုပုံးမြို့နယ် လူထုအခြေပြုဇဟိုဌာနခန်းမ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အခြေခံစက်ချုပ်နည်းပညာသင်တန်းကို မတ် ၄ ရက်မှ ဧပြီ ၃ ရက်အထိ တစ်လတာ သင်တန်းနည်းပြဆရာမတစ်ဦးဖြင့် စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိရာ သင်တန်းသူ ၁၅ ဦး တက်ရောက်သင်ယူလျက်ရှိကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**



# ရွှေစာရံဘုရားပွဲတော်၌ ဘုရားဖူးပြည်သူများ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိ

**ပုသိမ်ကြီး မတ် ၈**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာရှိ ရွှေစာရံဘုရားကြီးတွင် ယခုနှစ် (၇၇) ကြိမ်မြောက် အထိမ်းအမှတ် သစ္စာအဓိဋ္ဌာန် ရွှေစာရံဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ရွှေစာရံ စေတီတော်သည် မြွေကိုက်ခံရသူ ဘုရားရောက်လျှင် မြွေဆိပ်ပြေခြင်း၊ ဆွမ်းဦးတင်မည့်သူ အမြဲရှိခြင်း၊ ဆုတောင်းပြည့်ခြင်း စသည့် အံ့သြဖွယ်ရာများဖြင့် ပြည့်စုံသောကြောင့် ထင်ရှားကျော်ကြားသည်။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများလာရောက်၍ အထူးစည်ကားလှသည့် ဗုဒ္ဓပူဇနီယ ဘုရားပွဲတော်ကြီးပင် ဖြစ်ကြောင်း၊ ယခုနှစ်တွင် တပေါင်းလဆန်းပိုင်းကတည်းက ထူးထူးခြားခြား စည်ကားလျက်ရှိကြောင်း အဆိုပါပွဲတော်၌ နှစ်စဉ်ဈေးရောင်းချသူ တစ်ဦးထံမှ သိရသည်။




ဘုရားဖူးလာရောက်သူများ အနေဖြင့် လည်ပတ်စရာ ဈေးတန်းများအပြင် ဒုဋ္ဌဝတီမြစ်တွင် ရေကစားခြင်း၊ အပျော်စီးစက်လှေစီးခြင်းတို့ကိုပြုလုပ်နိုင်ပြီး၊ ဈေးတန်းတွင်လည်း မုန့်အမျိုးမျိုး၊ ရှမ်းပြည်နယ် ဒေသထွက်ကုန်များဖြစ်သည့် ဆေးဖက်ဝင်ပစ္စည်းများနှင့် ဒေသအစားအစာများပါ နှစ်စဉ်ရောင်းချလျက်ရှိသည်။ ဘုရားပွဲတော်၌ ထန်းရွက်ပုတီး၊ ထန်းလက်ငါး၊ ဝါးခါး၊ ဝါးလက်ခုပ်၊ ဝါးသေနတ်၊ ခမောက်၊ အလှလွယ်ပလိုင်း စသည့်လက်မှုပစ္စည်းများအပြင် အမှတ်တရပစ္စည်းများကို ရောင်းချလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အောင်မြေသာစံမြို့နယ်ရှိ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် မတ် ၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မဟာဇေယျာဘုံရပ်ကွက်ရှိ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ ဓမ္မဝိဟာရရီပရိယတ္တိသီလရှင် စာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**စီစဉ်ဆောင်ရွက်ပေး**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သာသနာ့နွယ်ဝင်သီလရှင် ၁၆၂ ပါးနှင့် ဒေသခံပြည်သူ ၄၂ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွင်းဆင်းဆေးကုသပေး



**နေပြည်တော် မတ် ၈**

ကျန်းမာရေး ဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာန နေပြည်တော်တိုင်းရင်းဆေးရုံကြီးမှ ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းရုံး (ဗဟို)တွင် ကျင်းပသည့် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အထူးကွင်းဆင်းဆေးကုသခြင်းကို ဆောင်ရွက်သည်။

ယင်းသို့ ကုသဆောင်ရွက်ရာတွင် တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုမွေး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာ အသင်း (ဗဟို)ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင် ဦးစိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်အေး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက ဥတ္တရသီရိမြို့နယ်အတွင်းရှိ လာရောက်ပြသည့် ဒေသခံပြည်သူများအား တိုင်းရင်းဆေးဖြင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခြင်းနှင့် တိုင်းရင်းဆေးဝါးများ လက်ဆောင်ဝေငှခြင်းများကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့အဖွဲ့ဝင် ဆရာကြီးဦးစိုးဝင်းက တိုင်းရင်းဆေးပညာ အကြောင်းသိကောင်းစရာနှင့် အနာရောဂါကင်းရှင်းပြီး ကျန်းမာသက်ရှည်စွာနေထိုင်နိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေး ဟောပြောခြင်း၊ ရောဂါများကို ကာကွယ်ခြင်း၊ ကုသခြင်းများ ဆောင်ရွက်နိုင်ရန် အသိပညာပေး ဟောပြောသည်။

အဆိုပါ ကွင်းဆင်းဆေးကုသရေးအစီအစဉ်တွင် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ (နေပြည်တော်) မှ ဆေးရုံအုပ်ကြီး ဒေါ်မူမူချို ဦးဆောင်သော ဆေးကုသရေးအဖွဲ့ဝင် ၁၅ ဦးတို့က တိုင်းရင်းဆေးဝါးများဖြင့် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ဒူးနာ၊ ခါးနာ၊ ကျီးပေါင်း ရောဂါများ၊ အဆစ်ရောင်အဆစ်နာရောဂါများ၊ ထုံနာ၊ ကျဉ်နာ၊ လေငန်း၊ လေဖြတ်၊ အာရုံကြောအားနည်း ရောဂါများကို ကုသပေးရာ စုစုပေါင်းလူနာဦးရေ ၁၇၅ ဦးကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု အဖြစ် သောက်ဆေး၊ လိမ်းဆေးပေးခြင်း၊ အကြောပြင်ကုသခြင်း၊ ကြပ်ထုပ်ထိုးကုသခြင်း၊ ဆေးစည်း၊ ဆေးကပ်ခြင်းနှင့် အာရုံကြောရောဂါများကို မိုးကြိုးသွားဖြင့် ကုသမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မျက်စိရောဂါနှင့် အထွေထွေရောဂါများ အခမဲ့ကုသပေး

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် မရှိ၍မလင်းသူမရှိစေရ မျက်စိဝေဒနာနှင့် အဆုတ်၊ တီဘီ၊ ဆီးချို၊ သွေးချို စသည့်အထွေထွေကျန်းမာစောင့်ရှောက်ရေးကို ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းအဖွဲ့ဝင်များက ကွင်းဆင်း၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ယုဇနဥယျာဉ်မြို့တော် မြို့နယ်ခန်းမ၌ မတ် ၅ ရက် နံနက်ပိုင်းက စမ်းသပ်စစ်ဆေးကုသပေးခဲ့သည်။

အဆိုပါ မရှိ၍မလင်းသူမရှိစေရ အစီအစဉ်ဖြင့် ကွင်းဆင်းကုသခြင်း ဆောင်ရွက်မှုကို ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးဥက္ကဋ္ဌ ဒေါ်အေးအေးမော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်၊ ကုသရေးအစီအစဉ်ဖြစ်မြောက်ရေး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးဥက္ကဋ္ဌ ဒေါ်အိအိဖြိုးနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်အေးမူယာကျော်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့သည်။

မြို့နယ်လုံးဆိုင်ရာ ရောဂါဝေဒနာရှင် ၄၉၃ ဦးကို စမ်းသပ်စစ်ဆေးခဲ့ပြီး ဆေးသောက်ပြီး မျက်စိဝေဒနာပျောက်ကင်းနိုင်သူများကို ကုသပေးခြင်း၊ မျက်မှန်တပ်ရန်လိုအပ်သည့်သူများကို မျက်မှန်အခမဲ့တပ်ဆင်ပေးခြင်းနှင့် ခွဲစိတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူမောင်မောင်(ပြန်/ဆက်)**



# သနပ်ပင်မြို့နယ် မင်းရွာတိုက်နယ်ဆေးရုံသို့ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်

**သနပ်ပင် မတ် ၈**

ကျန်းမာရေး ဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ယနေ့နံနက်ပိုင်းက ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သော ကျန်းမာရေးဝန်ထမ်းများသည် သနပ်ပင်မြို့နယ် မင်းရွာတိုက်နယ်ဆေးရုံကြီးသို့သွားရောက်၍ သနပ်ပင်မြို့နယ်အတွင်းရှိ ရဟန်း၊ ရှင်၊ လူပြည်သူများအား ဆေးကုသမှုများ ကွင်းဆင်း ဆောင်ရွက်ပေးကြသည်။



အဆိုပါ ကွင်းဆင်းဆေးကုသမှု ပြုလုပ်ရာသို့ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဆရာကြီးဒေါက်တာဇော်မင်းထွန်း၊ ပဲခူးမြို့ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်၊ ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြတ်စိုးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

**ဆောင်ရွက်**

ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ သနပ်ပင်မြို့နယ် မင်းရွာတိုက်နယ် ဆေးရုံသို့ ကွင်းဆင်းဆေးကုသမှုများ ပြုလုပ်ပေးရာတွင် သမားတော် (အထွေထွေရောဂါလူနာ) ၁၈၆ ဦး၊ ခွဲစိတ်လူနာ ၄၇ ဦး၊ သားဖွားမီးယပ်လူနာ ၂၀၊ ကလေးလူနာ ၁၈ ဦး၊ အရိုးလူနာ ၁၀၄ ဦး၊ မျက်စိလူနာ ၁၂၈ ဦး၊ အရေပြားလူနာ ၄၂ ဦး၊ သွားရောဂါလူနာ ၆၃ ဦး စုစုပေါင်းလူနာ ၆၀၈ ဦးတို့အား ဆေးကုသမှု ပြုလုပ်ပေးနိုင်ခဲ့သည့်အပြင် အသေးစားခွဲစိတ်မှု သုံးခု ပြုလုပ်ပေးခဲ့ပြီး သနပ်ပင်မြို့နယ် မင်းရွာတိုက်နယ် ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မတ် ၈**

တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မတ် ၅ ရက် နံနက် ၉ နာရီခွဲက ကန်တော်လေး (တောင်) ရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

**ကွင်းဆင်းဆောင်ရွက်**

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်လဝကဦးစီးမှူး ဦးဆောင်၍ ဝန်ထမ်းများသည် ကန်တော်လေး (တောင်) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်ကွက်အတွင်းရှိ ပြည်သူများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်နေမှုကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်အေးတို့က လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။

ထို့ပြင် ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူများအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



**✻ ကျောဖုံးမှ**

သွားလာမှုအဆင်ပြေစေရေးအတွက် ဝိုင်ဘီအက်စ် ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အား အကြောင်းကြားချက်အပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့က YRTC ကို ထပ်ဆင့်ညွှန်ကြားလာခြင်းဖြစ်သည်။

**ရှင်းလင်းပြောကြား**

"ခါတိုင်းပုံမှန်ဆိုရင် တစ်ရက်ကို အစီးရေ၃၅၀၀ ဝန်းကျင်လောက် ပြေးဆွဲနေတာဖြစ်ပြီး တက္ကသိုလ်ဝင် စာမေးပွဲကာလမှာတော့ တစ်ရက်ကို အစီးရေ ၄၀၀၀ လောက် ပြေးဆွဲနိုင်ဖို့ ရည်မှန်းထားပါတယ်။ စာမေးပွဲရက်မတိုင်ခင်မှာလည်း ဝိုင်ဘီအက်စ်ယာဉ်လိုင်းတွေ ခပ်စိပ်စိပ်ပြေးဆွဲပေးဖို့ ညွှန်ကြားချက်စာလည်း ထုတ်ပြီးဖြစ်သလို ဒီနေ့ ဝိုင်ဘီအက်စ်ကုမ္ပဏီတွေနဲ့လုပ်တဲ့ အစည်းအဝေးမှာလည်း မှာကြားပြီးဖြစ်ပါတယ်။ နောက်ပြီးတော့ CNG တန်းစီတဲ့အချိန်တွေမကြာအောင် ဆောင်ရွက်ပေးနိုင်ဖို့ MOGE ကိုလည်း ညှိနှိုင်းအကြောင်းကြားစာ ထုတ်ပြီးဖြစ်ပါတယ်။ ဝိုင်ဘီအက်စ်ယာဉ်တွေကို စောင့်ဆိုင်းမနေရအောင် ယာဉ်တွေခပ်စိပ်စိပ်ပြေးဆွဲပေးမှာဖြစ်သလို အစီးရေလည်း တိုးချဲ့ပြေးဆွဲသွားမှာဖြစ်ပါတယ်"ဟု YRTC တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

**ငှားရမ်းပေးမည်**

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသည့်ကာလအတွင်း လမ်းကြောင်းပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုမရှိစေရေးနှင့် ယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် YRTC စည်းကမ်းထိန်းသိမ်းရေးနှင့် စစ်ဆေးရေးဌာနမှအဖွဲ့ ၁၀ ဖွဲ့ဖြင့် မှတ်တိုင် ၁၀ မှတ်တိုင်တွင် တာဝန်ချထားမည်ဖြစ်ကြောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့သုံးဖွဲ့တို့က ယာဉ် ၁၃ စီးဖြင့် လမ်းကြောင်းစစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းအပြင် YRTC မီနီဘတ်စ်ယာဉ် ၁၀ စီးကိုလည်း အသင့်အနေအထားဖြင့် စောင့်ဆိုင်းထားရှိမည်ဖြစ်ကြောင်းနှင့် ယာဉ်သွားလာမှုခက်ခဲသည့်နေရာတွင်လည်း ကားမှတ်တိုင်ရှိ YRTC ဝန်ထမ်းများအား အကူအညီတောင်းပါက တက္ကစီယာဉ်များ ငှားရမ်းပေးမည်ဖြစ်ကြောင်း YRTC မှ သိရသည်။

**ကိုထက်**

**❒ ONE Fight Night-29 မှ**

စိုးလင်းဦးသည် ရုရှားဖိုက်တာ ဒီမီထရီကက်ချွန်းနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး သုံးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာ ဒီမီထရီအနိုင်ရခဲ့ခြင်းဖြစ်သည်။ စိုးလင်းဦးသည် နောက်ဆုံးသုံးပွဲဆက်တိုက် အရေးနိမ့်ခဲ့ခြင်းဖြစ်ပြီး ယခုပွဲတွင်လည်း ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ခြင်းမရှိခဲ့ပေ။ ပထမအချီတွင် ဒီမီထရီက လက်ရည်ပိုသာခဲ့ပြီး အမှတ်ရစေမည့်ထိုးသတ်မှုများ ပြုလုပ်နိုင်ခဲ့သည်။ ဒုတိယအချီနှင့် တတိယအချီတွင် စိုးလင်းဦး ပြန်လိုက်ထိုးသော်လည်း ဒီမီထရီက အကောင်းဆုံးတုံ့ပြန်ကာ အမှတ်ရယူနိုင်ခဲ့သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။

စိုးလင်းဦးသည် ONE နှင့်လက်တွဲပြီး သုံးပွဲဆက်တိုက် အနိုင်ရသော်လည်း စာချုပ်ရပြီးနောက်ပိုင်း ထိုးသတ်သည့် သုံးပွဲစလုံး အမှတ်ဖြင့်ရှုံးနိမ့်ထားသည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-ONE Championship**

■


## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ ပြည်တော်သာရပ်ကွက်၊ ရေစင်(၁)လမ်း၊ မြေကွက်အကျယ် (၂၀') x (၆၀') မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို အမှုအခင်းအရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု အဆိုရှိသူ - ဒေါ်အိအိခိုင် (ဘ) ဦးခင်ရွှေ [၁၂/လကန(နိုင်)၁၅၂၁၄၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေ များပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မဉ္ဇူအေးသိန်း (LL.B) (စဉ်-၁၂၂၅၇)**
**(တရားလွှတ်တော်ရှေ့နေ)**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့။**
**၀၉-၅၀၄၁၄၈၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၂၆၇/က)၊ မြေအကျယ်အဝန်း(အလျား၂၀xအနံ၆၀)ပေရှိ (ဂရန်မူရင်း)မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိမြို့မြေစာရင်းတွင် ဒေါ်ခင်ရွှေ [၁၂/ကမရ(နိုင်)၀၈၀၈၅၇] အမည်ဖြင့် မှတ်သားထားပြီး လက်ရှိပိုင်ဆိုင်ထားသော ဒေါ်ကျင်အေး [၁၀/မဒန(နိုင်)၀၁၁၆၄၈]မှ မိမိသာလျှင်လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းမြင့် [၁၃/လလန(နိုင်)၀၅၃၂၉၀]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း (မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B)အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း - ၀၉၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## ပျောက်ဆုံးကြောင်း

( ဘ ) ဦး တီး ၏ သား မောင်ပြည့်ကျော်သူ [၅/ဒပယ(နိုင်)၁၅၃၁၇၃]၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၅၅၆၉၂၆၆**

## သက်ရှိကမ္ဘာ

## ရှင်သန်ဖို့

## အိုဇုန်းလွှာကို

## ထိန်းသိမ်းစို့


## သွေးသည် အသက်


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၇လမ်း၊ အမှတ်-၃၄/၃၆ မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၈)ထပ်ခွဲတိုက်၏ ပထမထပ်(ယာ)၊ အကျယ်အဝန်း(၂၂x၄၀)ပေရှိ ရေ၊ မီး အပါအဝင် ယင်းတိုက်ခန်းအတွင်း တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလှကြည် [၁၂/ကတတ(နိုင်)၀၃၅၀၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်မြင့် [၁၂/လသန(နိုင်)၀၀၃၄၉၈]က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး အရောင်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက် ပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံစာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေခိုင်စိုး(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၁၈)**
**တိုက်(၁)၊ အခန်း၊ ဒုတိယလွှာ၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၀၄၀၆၁၃၊ ၀၉-၇၄၀၀၁၆၂၅၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၆)၊ မြေကွက်အမှတ်(၃၈၇)၊ ဧရိယာ(၀.၀၅၅)ဧက၊ အလျား (၄၀ပေ)xအနံ(၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်သူ **ဦးမင်းဇော်အောင် [၁၂/ခရန(ပြု)၀၀၀၂၀၄]ထံမှ ဒေါ်တင်စန္ဒာလှိုင်[၁၂/ဗဟန(နိုင်)၀၈၉၅၃၃]**က **"နှစ်ဦးသဘောတူ မြေကွက် အရောင်းအဝယ်ကတိစာချုပ်"** ဖြင့် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်စန္ဒာလှိုင်[၁၂/ဗဟန(နိုင်)၀၈၉၅၃၃]**
**ဖုန်း-၀၉-၅၀၄၄၆၃၄၊ ၀၉-၉၆၅၉၀၀၇၀၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၆)ရပ်ကွက်၊ အမှတ်(၃၈၈)၊ ဆည်ဗထူးလမ်း၊ ပေ(၄၀x၆၀)ရှိ ပါမစ်မြေကွက်ကို အဆက်အစပ် အရောင်းအဝယ်ကတိစာချုပ်များဖြင့် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်သူ **ဦးမင်းဇော်အောင်[၁၂/ခရန(ပြု)၀၀၀၂၀၄]ထံမှ ဒေါ်တင်စန္ဒာလှိုင်[၁၂/ဗဟန(နိုင်)၀၈၉၅၃၃]**က ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်မာသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်အတူ **ဤကြော်ငြာပါသည့်ရက်မှစ၍(၇) ရက်အတွင်း** ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်စန္ဒာလှိုင် [၁၂/ဗဟန(နိုင်)၀၈၉၅၃၃]**
**ဖုန်း-၀၉-၅၀၄၄၆၃၄၊ ၀၉-၉၆၅၉၀၀၇၀၀**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ နေကြာလမ်း၊ အနော်ရ ထာအိမ်ရာ၊ တိုက်အမှတ်(၈)၊ အခန်းအမှတ်-၁၀၃(ပင်ရင်းအလွှာ)၊ ပင်ရင်းအလွှာ(ပထမထပ်)မြို့ပြအိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန စုပေါင်းပိုင်အဆောက်အအုံတိုက်ခန်းအမည်ပေါက် ဦးမိုဟာမတ်အီဆုပ် (ဘ)ဦးဆော်ယောက်ဟူဆောင်း[၁၁/မတန(ပြု)၀၀၂၉၁၁]ထံမှ ဦးကျော်မင်းစိုး (ဘ) ဦးမောင်စီ[၁၀/ဘလန(နိုင်)၀၀၈၅၃၃]က (၁၃-၂-၂၀၂၅) ရက်နေ့၌ တိုက်ခန်းဝယ်ယူရန် "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ်" ဖြင့် ရောင်းဖိုးငွေတစ်စိတ်ဒေသ(စရန်)ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စများကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ဇော (B.Sc, H.G.P,R.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၅၇၄/၈၈)**
**အမှတ်-၃၆/၃၊ (၆၂)လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၈၁၄၁၆၉၆၊ ၀၉-၄၄၃၀၅၈၃၇၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မဟာဗန္ဓုလလမ်းမကြီး၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ မြေကွက်အမှတ်-၈၆၄၊ အိမ်အမှတ် (၂၈)၊ ၄၀ ပေ X ၆၀ ပေ မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂) ထပ်တိုက်ခံအိမ်နှင့် ဆိုင်ခန်း (၄) ခန်း အပါအဝင် အိမ်သုံး လျှပ်စစ်မီတာ (၂) လုံးပါ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူ ဒေါ်အုံးမြ (၁၂/ဒလန (နိုင်) ၀၀၆၅၄၄) က လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏ အမှုသည်က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရံငွေ အချို့ကိုပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာချုပ်မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းဗိုလ်အေး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၂၄)
တိုက် - ၁၀၄/၁၁၂၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၉၆၅၁၅၄၇၀၉

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၅) ရပ်ကွက်၊ နေကြာလမ်း၊ အိမ်အမှတ်- (၆၀/က) ဟု ခေါ်တွင်သည့် အိမ်မြေနှင့် ပတ်သက်၍ ဒေါ်မေခလာဝင်း တစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း

### အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - သကမ/၁၄၊ မြေကွက်အမှတ် - ၆၀/က၊ (အလျား ၂၀ ပေ x အနံ ၆၀ ပေ) အကျယ်ရှိ ဦးတင်ဝင်းတိုး အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့်တကွ မြေပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေခလာဝင်း [၁၂/ဒဂတ(နိုင်)၀၁၂၆၉၇] တစ်ဦးတည်းသာ တရားဝင်လက်ရှိထားပိုင်ဆိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မေခလာဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေလင်းအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၂၁၄)**
**အမှတ် - ၅၈၇၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ စည်ပင်လမ်း၊ မြေကွက်အမှတ်(၅၈၄) မြေကွက်ပေါ်တွင် မြေရှင်နှင့် ကန်ထရိုက်တာတို့အကျိုးတူ အခန်းပေးအခန်းယူစနစ်ဖြင့် ဆောက်လုပ်ထားသည့်(၂)ခန်းတွဲ (၆)ထပ်တိုက်၏ ကန်ထရိုက်တာ ခွဲဝေရရှိသော တိုက်ခန်းများအနက်မှ- 3-A (၄-လွှာ) (ခြေရင်းခန်း)အကျယ်အဝန်း(၁၇ပေx၅၄ပေ)ရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ရေမော်တာ အပါအဝင် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းကန်ထရိုက်တာထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်နီနီလှိုင် [၁၂/ဒဂတ(နိုင်)၀၂၁၈၉၈] မှ မိမိသာလျှင် ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဒေါ်ဝင်းနွယ်သန်း [၁၂/ဒဂတ(နိုင်)၀၃၅၉၃၃] မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သင်းစုမွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၂၁)**

**ဒေါ်ပိုးအိအိစံ (LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**

**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

## Royal Sayarsan (High Rise Building) Condominium

## အဆင့်မြင့်ကွန်ဒိုတိုက်ခန်းများနှင့်ပတ်သက်၍ ဦးဖုံရှောက်စု (ခ) ဦးစံဝင်း [၁၃/မနန(နိုင်)၀၀၉၄၁၈]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်(၈၂)ဟုခေါ်တွင်သည့် Royal Sayarsan (High Rise Building) Condominium သည် မြေရှင် ဦးဖုံရှောက်စု (ခ) ဦးစံဝင်း (ဘ) ဦးဖုံလျှိုတာ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အမှတ် [၃၇-ဘီ (၁)] နှင့် [၃၇-ဘီ(၂)]ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံဖြစ်ပါသည်။

မြေရှင် ဦးဖုံရှောက်စု(ခ) ဦးစံဝင်း (မန်နေဂျင်းဒါရိုက်တာ၊ သန်းထိုက်လူကျော်ာက်မျက်ရတနာကုမ္ပဏီလီမိတက်)သည် ဦးဇော်ဦး [၁၂/လမတ(နိုင်)၀၀၂၄၃] (မန်နေဂျင်းဒါရိုက်တာ နေ့သစ်ကံလင်းကုမ္ပဏီလီမိတက်) နှင့် (၂၄-၁၀-၂၀၁၄)ရက်စွဲပါ "Royal Sayarsan (2 Basement + 24 Story) Condominium Project တည်ဆောက်ရေးလုပ်ငန်းအတွက် ကန်ထရိုက်ငွေရှာရမ်းတာဝန်ပေးရန် လုပ်ငန်းအပ်နှံခြင်း သဘောတူစာချုပ်" ချုပ်ဆို၍ Royal Sayarsan (High Rise Building) Condominium ကို ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။

Royal Sayarsan (High Rise Building) Condominium တိုက်ခန်းများတွင် မြေရှင် ဦးဖုံရှောက်စု(ခ) ဦးစံဝင်း ရောင်းချပိုင်ခွင့်ရှိသည့် တိုက်ခန်း(၈၀)ထဲမှ (၂၆)ခန်းကို အောက်တွင်အမည်ဖော်ပြထားသည့် ဝယ်ယူသူများက မြေရှင် ဦးဖုံရှောက်စု (ခ) ဦးစံဝင်း ကိုယ်တိုင်နှင့် "ကွန်ဒိုတိုက်ခန်း အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်" များချုပ်ဆို၍လည်းကောင်း၊ ဦးစံဝင်းမှတစ်ဆင့် ဆက်စပ်စာချုပ်များဖြင့်လည်းကောင်း သတ်မှတ်တန်ဖိုးများ အပြေအကျေပေးချေဝယ်ယူခဲ့ကြသဖြင့် အရောင်းအဝယ်စာချုပ်များတွင် ဦးဖုံရှောက်စု (ခ) ဦးစံဝင်းနှင့် ကန်ထရိုက်တာတို့ လက်မှတ်ရေးထိုး ရောင်းချခဲ့ကြပြီးဖြစ်ပါသည်။

### တိုက်ခန်းဝယ်ယူသူများစာရင်း

| | | |
|---|---|---|
| ၁။ | ဦးပြည့်ဖြိုးအောင် [၇/ကတခ(နိုင်)၀၈၈၇၆၃] | အခန်း (၁၆-၀၂) |
| ၂။ | ဦးမျိုးမင်းလတ် [၁၂/သကတ(နိုင်)၁၄၅၈၁၉] | အခန်း (၇-၀၄) |
| ၃။ | ဒေါ်ချမ်းမြသူ [၉/မလန(နိုင်)၁၂၂၆၄] | အခန်း (၇-၀၂) |
| ၄။ | ဒေါ်ဆုယမင်းဝင်း [၁၂/ဗဟန(နိုင်)၀၀၈၂၁၅] | အခန်း (၉ -၀၃) |
| ၅။ | ဒေါ်သဉ္ဇာဦး [၁၂/တမန(နိုင်)၀၉၈၃၂၄] | အခန်း (၆ -၀၅) |
| ၆။ | ဦးအိုက်ဆမ်း | အခန်း (၁၈ -၀၅) |
| ၇။ | ဦးကျော်စိန်လင်း [၉ /မရတ(နိုင်)၁၀၆၁၀၆] | အခန်း (၁၈ -၀၆) |
| ၈။ | ဒေါ်မူမူနိုင် [၉/မရမ(နိုင်)၀၇၉၅၀၅] | အခန်း (၇-၀၃) |
| ၉။ | ဒေါ်သဉ္ဇာဝင်း [၈ /မထန(နိုင်)၀၉၅၁၃၅] | အခန်း (၇-၀၆) (၁၂-၀၂) (၁၈-၀၂) (၁၈-၀၈) (၁၉-၀၄) |
| ၁၀။ | ဒေါ်စိန်စိန်ဦး [၁၂/မဂတ(နိုင်)၀၇၃၃၃၄] | အခန်း (၁၂-၀၃) (၁၆-၀၁) |
| ၁၁။ | ဒေါ်သင်းနန္ဒာလွင် [၇/ကပက(နိုင်)၀၇၃၆၆၉] | အခန်း (၁၆-၀၂) |
| ၁၂။ | ဦးမြတ်ဇော် [၁၂/ပဇတ(နိုင်)၀၂၃၇၇၆] | အခန်း (၉-၀၁) |
| | ဒေါ်ခင်သီတာသာမြင့် [၁၂/ရကန(နိုင်)၀၂၃၀၀၁] | |
| ၁၃။ | ဦးဟိန်းဝင်းကိုကို [၁၂/ကတတ(နိုင်)၀၂၆၉၄၇] | အခန်း (၆-၀၈) |
| ၁၄။ | ဦးအောင်သက်ဝင်း [၉/မကန(နိုင်)၀၈၇၁၇၂] | အခန်း (၁၁ -၀၁) |
| | ဒေါ်သန္တာစိုး [၉ /မကန(နိုင်)၁၂၆၄၀၉] | |
| ၁၅။ | ဦးထူးရဲကျော်နိုင် [၁၂/သဃက(နိုင်)၁၅၉၁၃၁] | အခန်း (G-01) |
| | Maxi Million Trading Co.,Ltd. | |
| ၁၆။ | ဒေါ်တင်တင်ချို [၇/ သနပ(နိုင်)၀၁၄၉၈၃) | အခန်း (၁၇-၀၃) |
| ၁၇။ | ဦးသန့်စင်မောင် [၁၂/မဂတ(နိုင်)၀၉၃၇၉၈) | အခန်း (၆-၀၂ ) (၆-၀၃) (၆-၀၄) (၆-၀၆) |
| ၁၈။ | ဦးမျိုးဇော်ထွန်း [၁၂/မဂဒ(နိုင်)၁၃၆၉၃၃) | အခန်း (၁၆ -၀၈) |

(၃၀-၅-၂၀၁၉) နေ့တွင် Royal Sayarsan (High Rise Building) Condominium ၏ တိုက်ခန်းများအားလုံး အချောသပ်ပြီးစီးခဲ့သော်လည်း ဦးဖုံရှောက်စု (ခ) ဦးစံဝင်းက ဝယ်ယူသူများသို့ တိုက်ခန်းများ လက်ရောက်ပေးအပ်ခဲ့ခြင်းမရှိပါ။ ဝယ်ယူသူများက မိမိတို့ဝယ်ယူထားသည့် တိုက်ခန်းများကို လက်ရောက်ပေးအပ်ရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း ဦးဖုံရှောက်စု(ခ) ဦးစံဝင်းက လက်ရောက်ပေးအပ်ခြင်းမရှိဘဲ (၆)နှစ်ကျော်ကြာမြင့်သည့်အချိန်အထိ အကြောင်းအမျိုးမျိုးပြ၍ ရွှေ့ဆိုင်းချိန်းဆိုနေခဲ့ပါသည်။

(၂၇-၁၁-၂၀၂၄)နေ့တွင် ဦးဖုံရှောက်စု (ခ) ဦးစံဝင်း၏ အမှတ်-၁၉၆၊ လှိုင်မဟာဆွေလမ်း၊ လှိုင်မြို့နယ်နေအိမ်၌ တိုက်ခန်းဝယ်ယူသူများနှင့် ဦးဖုံရှောက်စု (ခ) ဦးစံဝင်းတို့ နောက်ဆုံးအကြိမ်တွေ့ဆုံခဲ့ပြီး ဝယ်ယူသူများက တိုက်ခန်းများလက်ရောက်ပေးအပ်ရန် တောင်းဆိုခဲ့ရာတွင် ဦးစံဝင်းက ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလကုန် နောက်ဆုံးထား၍ ပေးအပ်ပါမည် ဖြစ်ကြောင်း ကတိပဋိညာဉ်ပြုခဲ့ပြီး ထိုရက်တွင် ပေးအပ်နိုင်ခြင်းမရှိပါက ဝယ်ယူသူတို့၏ သဘောဆန္ဒအတိုင်း လုပ်ဆောင်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။

သို့ဖြစ်ပါ၍ အထက်စာရင်းတွင် ဝယ်ယူသူများ၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့်တိုက်ခန်းများကို (၃၀-၃-၂၀၂၅)နေ့နောက်ဆုံးထား၍ ဝယ်ယူသူများသို့ လက်ရောက်ပေးအပ်ရန် တောင်းဆိုပါသည်။ ပေးအပ်ခြင်းမရှိ ပျက်ကွက်ပါက ဝယ်ယူသူများ၏ အရပ်ရပ်သောနစ်နာဆုံးရှုံးမှုများအတွက် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ဦးဖုံရှောက်စု (ခ) ဦးစံဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**တိုက်ခန်းဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ခင်ငွေး (ကျုံမငေး)**

**B.A (Honours) (English), M.A (English), H.G.P, D.B.L, D.M.L, D.I.L, P.G.D.L, D.I.P.L**

**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၈၉၈) (၁၃-၇-၂၀၁၇)**

| | | |
|---|---|---|
| **ဦးအင်ပို့ (LL.B)**<br>**တရားလွှတ်တော်ရှေ့နေ**<br>**စဉ်-၆၇၁၅ (၂၃-၁၁-၁၉၉၈)** | **ဒေါ်စန်းငွေး (LL.B)**<br>**တရားလွှတ်တော်ရှေ့နေ**<br>**စဉ်-၈၄၅၄ (၂၅-၁၀-၂၀၁၂)** | **ဒေါ်ဥမ္မာဆွေ (LL.B)**<br>**(D.B.L) (D.M.L) (D.I.L)**<br>**တရားလွှတ်တော်ရှေ့နေ**<br>**စဉ်-၇၈၄၁ (၁၈-၅-၂၀၁၀)** |
| **ဒေါ်စန္ဒာမြင့် (LL.B)**<br>**တရားလွှတ်တော်ရှေ့နေ**<br>**စဉ်-၁၂၆၁၄ (၁-၆-၂၀၁၇)** | **ဦးစိုးမင်းအောင် (LL.B)**<br>**တရားလွှတ်တော်ရှေ့နေ**<br>**စဉ်-၁၈၄၃၉ (၃၁-၁၀-၂၀၂၃)** | **ဒေါ်နွေးထွေးလှိုင် (LL.B)**<br>**တရားလွှတ်တော်ရှေ့နေ**<br>**စဉ်-၁၈၄၉၅ (၃၁-၁၀-၂၀၂၃)** |
| **ဦးစံတင် (LL.B)**<br>**တရားလွှတ်တော်ရှေ့နေ**<br>**စဉ်-၁၃၅၀၀ (၁၂-၁၀-၂၀၁၇)** | **ဒေါ်အေးအေးမာ (LL.B)**<br>**တရားလွှတ်တော်ရှေ့နေ**<br>**စဉ်-၁၈၆၀၃ (၃၁-၁၀-၂၀၂၃)** | **ဒေါ်အေးအေးမွန် (LL.B)**<br>**တရားလွှတ်တော်ရှေ့နေ**<br>**စဉ်-၁၈၈၈၅ (၂၂-၁၂-၂၀၂၃)** |

**ရုံးခန်းလိပ်စာ - တိုက်-၁၉၊ ၈လွှာ(အေ)၊ စမ်းရေတွင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း - ၀၉-၈၉၉၈၈၉၄၉၈၊ ၀၉-၄၂၀၀၃၁၅၂၊ ၀၉-၄၂၀၁၀၃၀၄၅၊ ၀၉-၈၉၀၀၇၉၃၃၈၊ ၀၉-၅၀၀၁၃၇၀**

## အိမ်၊ ခြံ၊ မြေ အဆောင်ပါ မြေကွက်များ အမြန်ရောင်းမည်

လှိုင်သာယာမြို့နယ်၊ ရပ်ကွက်ကြီး(၂၀)၊ ၈၆-ဂိတ်ဟောင်း မှတ်တိုင်၊ ဆရာစံလမ်းဒွဲဆင်း၊ ပေ(၄၀x၆၀)အကွက်များ၊ (၁)ထောင့်ကွက်၊ (၂)ဂုတ်ကွက်၊ (၃)အလယ်ကွက်ရောင်းမည်။

**အိမ်ပိုင်ရှင် မြေဂရန်အမည်ပေါက်ရမည်။**

**ဆက်သွယ်ရန်– 09-778855305**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ရွှေနံ့သာစံပြ၊ မြေကွက်အမှတ် (၅၃၃)၊ (၈၀ပေx ၆၅ပေ) အကျယ်အဝန်းရှိ ဒေါ်ကျင်လှိုင် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်နှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သူဇာချစ်တင် [၁၂/ဥကတ(နိုင်)၁၀၄၉၇၃]မှ မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လွှဲအပ်ထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်ရိန်းကော် [၁၃/ကလတ(နိုင်) ၀၂၄၉၄၃]အား ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများသည် ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်သက်လှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၀၆၀၆)**
**အမှတ်–(၂၈၂)၊ မင်းခေါင်– ၁ လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း– ၀၉–၄၂၁၁၃၁၉၀၂**

## "ဒေါ်သန်းသန်းမြင့် (MGN–၁၅၈၁၃၉)အား အကြောင်းကြားတောင်းဆိုခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂)၊ မြေကွက်အမှတ်– ၁၀၇၈(ဘ)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)၊ (၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ် (၁၀၇၈)၊ သုဓမ္မာ(၄)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် လူကြီးမင်း ဒေါ်သန်းသန်းမြင့် အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အဆိုပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်တို့အား လူကြီးမင်းကိုယ်တိုင်မှ ကျွန်ုပ်၏မိတ်ဆွေ အား နှစ်ဦးသဘောတူ မြေနှင့်အိမ် အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ အရောင်းအဝယ်ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေသည် အဆိုပါ မြေနှင့်အိမ်ကို တရားဝင်အမည်ပြောင်းဆောင်ရွက်ရန်အတွက် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုရန် လိုအပ်နေပါသည်။ သို့ဖြစ်ရာ လူကြီးမင်း အနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ကို လာရောက်ချုပ်ဆိုပေးရန် အကြောင်းကြားတောင်းဆိုအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်ထိ လာရောက်ဆက်သွယ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် တရားစွဲဆိုဆောင် ရွက်မည်ဖြစ်ကြောင်း လူကြီးမင်းကို အကြောင်းကြား အသိပေးအပ်ပါသည်။ လူကြီးမင်းအား ဆက်သွယ်ရာတွင် ဆက်သွယ်ရှာဖွေ၍ မရရှိသည့်အတွက် ယခုကဲ့သို့ သတင်းစာတွင် ကြေညာရခြင်းဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဥ်– ၁၂၃၀၀)**
**အမှတ် (၁၆/ခ)၊ ရန်ကုန်လမ်း၊ ၆/၉ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၂၀၀၅၈၅၅၃၊ ၀၉–၇၉၉၄၆၆၉၅၄**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ စံပြရပ်ကွက်၊ ဝက်ပုတ်ဈေးတန်းရပ်၊ ရန်ကုန်–ပြည်လမ်းတွင်တည်ရှိသော KING သောက်ရေသန့်လုပ်ငန်းသည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား မိမိတို့တစ်ဦးတည်းမှုပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက် (၃၀–၇–၂၀၂၄) ရက်နေ့မှစ၍ မှတ်ပုံတင်သွင်း ကြေညာစာချုပ်ဖြင့် မှတ်ပုံတင်သွင်း ခဲ့သည့် မူလတီထွင်ဖန်တီးသူ အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်–

King

**မှတ်ပုံတင်စာချုပ်အမှတ် – ၁၁၄/၂၀၂၄**
**(နေ့စွဲ – ၃၀–၇– ၂၀၂၄)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အား "သောက်ရေသန့်" (ဘူးကြီး၊ ဘူးလတ်၊ ဘူးသေး) အရွယ်အစားအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းတွင် လုပ်ငန်းသုံးအမှတ်တံဆိပ်အဖြစ် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မိမိတို့မူပိုင်အဖြစ် အသုံးပြုနေသော အဆိုပါအမှတ်တံဆိပ်အား အတုဖြစ်စေ၊ ဆင်တူယိုးမှား၊ သံတူကြောင်းကွဲဖြစ်စေ မည်သူမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်သုံးစွဲ လက်ဝယ်ထားရှိခြင်း မပြုလုပ်ပါရန်နှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ်မူပိုင်ရှင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ သုံးစွဲခြင်းများ တွေ့ရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါအမှတ်တံဆိပ် အမည်အမှတ်အသားများကို မူလတီထွင်ဖန်တီးသူမှ မူပိုင်အဖြစ် သုံးစွဲလျက်ရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မိုးမိုးအေး (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်–၃၆၆၂၀)**
**ဗဟို(၃)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း– ၀၉–၄၂၀၀၆၄၇၅၈**

## အသိပေးကြေညာခြင်း

ကရင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ၂၀၂၅–၂၀၂၇ ခုနှစ် သက်တမ်းအမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ၂၈–၃–၂၀၂၅ ရက်နေ့တွင် အသင်းဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့်အညီ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သတ်မှတ်ချက်နှင့်ပြည့်စုံသော အသင်းဝင်/အသင်းသားများ အနေဖြင့် သတ်မှတ်ချိန်အတွင်း အလုပ်အမှုဆောင်အဖြစ် လာရောက် အဆိုပြုပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။ အသင်းဝင် သက်တမ်းကုန် အသင်းသားများအနေဖြင့် အသင်းဝင်နှစ်စဉ်ကြေးများ အချိန်မီပေးသွင်း၍ တက်ရောက်နိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ရွေးချယ်တင်မြှောက်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက **ဖုန်းနံပါတ်– 09 425000593, 09 797922255** သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ (ဘ) ဦးကျော်၏ သားဖြစ်သူ ကျွန်တော် ဦးဖေအောင်ကျော် (ခ) ဦးမြတ်စိုး [၁၂/လမန(နိုင်)၀၆၅၇၄၆]၏ အမည်မှာ ဦးဖေအောင်ကျော်နှင့် ဦးမြတ်စိုး ဟု အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဖေအောင်ကျော် (ခ) ဦးမြတ်စိုး [၁၂/လမန(နိုင်)၀၆၅၇၄၆]**

## ပါမစ်မူရင်းပျောက်ဆုံးကြောင်း အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေခလာဝင်း [၁၂/ဒဂတ(နိုင်)၀၁၂၆၉၇]မှ တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်နေထိုင်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၅) ရပ်ကွက်၊ နေကြာလမ်း၊ အိမ်အမှတ်–(၆၀/က) ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်– သကမ/၁၄၊ မြေကွက်အမှတ်– ၆၀/က၊ (အလျား– ၂၀ပေx အနံ– ၆၀ပေ) အကျယ်ရှိ မြေကွက်၏ ဦးတင်ဝင်းတိုး အမည်ပေါက် ပါမစ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေခလာဝင်းထံသို့ ဖြစ်စေ အကြောင်းကြားဆက်သွယ်ပေးပါရန် ကြေညာအပ်ပါသည်။

**ဒေါ်မေခလာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေလင်းအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၃၂၁၄)**
**အမှတ် – ၅၈၇၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ ရွှေဖီခိုင်ညွှာလမ်း၊ တိုက်အမှတ် (၂၆၃/ခ)၊ တတိယထပ်၊ (လှေခါးခြင်း)၊ အကျယ်အဝန်း (၁၈ပေx၅၄ပေ)ရှိ တိုက်ခန်းအား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်စူးစူးထက် မှတ်ပုံတင်အမှတ် [၁၂/သကတ(နိုင်) ၁၅၄၆၂၈] ကိုင်ဆောင်သူထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ထိုတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုခြင်း တစ်စုံတစ်ရာရှိပါက ဤကြော်ငြာပါသည့် နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ပိုင်ဆိုင်မှုအထောက်အထား စာရွက် စာတမ်း(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်ထက် (LL.B, DBL, DIPL)**
**အထက်တန်းရှေ့နေ (စဉ်–၄၆၃၇၉)**
**ဖုန်း – 09–252299002**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ မြို့မရပ်ကွက်နေ ကျွန်မ ဒေါ်နန်းသီတာ (ဘ) ဦးပိန် [၁၂/ကခက(နိုင်)၀၉၇၉၀၄]နှင့် ဦးမျိုးနိုင် (ဘ) ဦးဝင်း [၁၂/သကတ(နိုင်)၀၇၃၆၅၀] တို့သည် ၂၆–၂–၂၀၂၅ ရက်နေ့တွင် မှတ်ပုံတင်အမှတ်– ၃/၂၀၂၅ ဖြင့် ကွမ်းခြံကုန်းမြို့နယ် တရားရုံး၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီး နှစ်ဦးပိုင်ပစ္စည်းများကို ခွဲဝေပေးအပ်ပြီး ဖြစ်ပါကြောင်းနှင့် ဦးမျိုးနိုင်နှင့်ပတ်သက်သည့် ကိစ္စရပ်များ ကိုလည်း ကျွန်မနှင့် မသက်ဆိုင်တော့ပါကြောင်းကို အများ သိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းသီတာ**
**[၁၂/ကခက(နိုင်)၀၉၇၉၀၄]**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်–၁၇/၁၉၊ လမ်းသွယ်(၁)လမ်းနေ အဖ ဦးတင်ထွန်းအောင် မှတ်ပုံတင် အမှတ် [၁၂/ဗတထ(နိုင်)၀၃၁၆၁၀]၊ အမိ ဒေါ်ချိုချိုလွင် မှတ်ပုံတင်အမှတ် [၁၂/ဗတထ(နိုင်)၀၁၄၇၇၇]တို့၏ သားဖြစ်သူ မောင်ချမ်းအာကာထွန်း မှတ်ပုံတင်အမှတ် [၁၂/သလန(နိုင်)၁၀၅၂၂၃]သည် မိဘတို့၏ ပြောဆိုဆုံးမမှုများကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများပြုလုပ်၍သော်လည်းကောင်း၊ မိဘ သဘောမတူသည်များကို အမြဲဆန့်ကျင်လုပ်ဆောင်နေပါသဖြင့် ရာသက်ပန် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် မောင်ချမ်းအာကာထွန်းနှင့်ပတ်သက်သော၊ ဆက်နွယ်သော လူမှုရေးအရှုပ်အရှင်းများနှင့် အခြားမည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မောင်ချမ်းအာကာထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**အဖ – ဦးတင်ထွန်းအောင်**
**အမိ – ဒေါ်ချိုချိုလွင်**




*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉/မွေးဇုန်)၊ မြေကွက်အမှတ် (၉၅)၊ မြေဧရိယာ (၀.၂၂၉)ဧက အကျယ်အဝန်းရှိ နှစ်(၃၀) အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၇)ရပ်ကွက်၊ ရွှေရင်အေးကျောင်းလမ်းသွယ် (၂)လမ်း၊ အမှတ် (၉၅)ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ **ဦးကျော်မြင့် (ဘ) ဦးဟန်ရှင် [၁၄/မမန(နိုင်)၀၄၀၂၄၂]**၊ အမှတ်(၁၅)၊ ၃–လွှာ(ဘီ)၊ ပဒေသာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အဆောက်အဦ အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၅၁၅)** |
| **ဖုန်း–၀၉–၅၁၇၁၄၃၃** | **ဖုန်း–၀၉–၂၅၄၄၈၈၃၃၀** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၄၉၊ မြေကွက်အမှတ်–၁၀၃၀၊ မြေကွက်တည်နေရာအမှတ်– ၁၀၃၀၊ ဒူးယားလမ်း၊ (၄၉) ရပ်ကွက်၊ ဒဂုံမြောက် ဦးစိုးဝင်း L/RGN– ၀၀၈၁၆၁ အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) မြေအား ဂရန်အမည်ပေါက် ဦးစိုးဝင်း ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၃၈၇/၂၀၀၀) (၂၃–၂–၂၀၀၀)ဖြင့် ရရှိသူ ဒေါ်ကျင်ရီ [၁၂/ကတတ(နိုင်) ၀၀၆၁၆၈]မှ ဂရန်၊ နိုင်/ကတ်၊ အရောင်း အဝယ်စာချုပ်(မိတ္တူမှန်)တို့တင်ပြ၍ အမည်ပြောင်း လျှောက်ထားလာရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ကန့်ကွက်ရန် ရှိ၊ မရှိ ကြော်ငြာစာရွက် တင်ပြပြီး တင်ပြအရောင်းစာချုပ်၏ မြေပုံသက်တမ်းမှာ တစ်နှစ်ကျော်လွန် သဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ တစ်ခြမ်းတွင် တစ်ထပ်တိုက်တစ်လုံး ရှိပြီး ကျန်တစ်ခြမ်းတွင် မြေကွက်လပ် ဖြစ်ပြီး အုတ်ခြံစည်းရိုးကာရံထားကာ လျှောက်ထားသူမှ ကွင်းဆင်းဖော ်တွင် ကွင်းဆင်းသိရှိကြောင်း လက်မှတ် ရေးထိုးပေးထားပြီး အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ အရပ်စာချုပ်သမားမှ လည်း မိမိဝယ်ယူထားပြီး ဒေါ်ကျင်ရီမှ အမည်ပြောင်းလျှောက်ထားခြင်းအား သိရှိသဘောတူကြောင်း လက်မှတ် ရေးထိုးပေးပါသဖြင့် ဒေါ်ကျင်ရီမှ အမည်ပြောင်း လျှောက်ထားလာခြင်း အား တရားဝင်ခိုင်လုံသောအထောက် အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ ကျွန်တော် ဦးကြည်ဝင်း [၁၂/လမန(နိုင်)၀၁၇၈၈၉]၏ ဖခင်အမည်မှာ ဦးသိန်းဟန် နှင့် ဦးသိန်းဟံ ဟု အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦး တည်းဖြစ်ပါကြောင်း။

**ဦးကြည်ဝင်း [၁၂/လမန(နိုင်)၀၁၇၈၈၉]**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၁၄၁၁) ဟုခေါ်တွင်သော ဦးသန်းစိန် အမည်ပေါက် (၄၀ပေx ၆၀ပေ)အကျယ်ရှိပါမစ်မြေကွက်အား အဆက်စပ်စာချုပ် များဖြင့် နောက်ဆုံးဝယ်ယူ လက်ရှိထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် မိမိတစ်ဦးတည်းကသာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံသူ ဦးထင်မိုးအောင် [၁၂/အလန(နိုင်)၀၁၈၉၀၉]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီး အပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း အထောက် အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ် ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးပြည့်ဖြိုးပိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ် – ၄၈၄၂၇/၂၀၁၆)**
**အမှတ်(၁၇၅၉)၊ ကျွန်းရွှေမြိုင် (၂)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၇၈၇၀၇၅၉၄၂**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ထ/၄၃)၊ မြေကွက်အမှတ် (၆၆၃)၊ အောင်ရတနာလမ်းနှင့် စစ်တောင်းရွှေပြည် လမ်းထောင့်၊ အကျယ်အဝန်း (အလျား ၄၀'x အနံ ၆၀')** (၂၄၀၀ စတုရန်းပေ) ရှိသော **နှစ်(၆၀)ဂရန်မြေကွက်**သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် **ဦးမာမက်အဆစ် [၁၂/ကတတ(နိုင်) ၀၁၁၄၇၅]** အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးချစ်ဝေဦး [၇/လပတ (နိုင်) ၀၈၉၂၄၅]** ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော **ဒေါ်နန်းအိအိဟန် [၁၀/ပမန (နိုင်) ၁၄၉၄၉၃]** ကအပြီးအပိုင် ဝယ်ယူရန်အတွက် (**၆–၃–၂၀၂၅**)ရက်နေ့တွင် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း **ကျွန်ုပ်နှင့် မြေရှင် ထံသို့** ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြုလုပ်မည့်မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် [LL.B, WIPO (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ( စဉ် – ၁၂၇၇၄ )**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၉၆၇၆၈၃၂၀၄၊ ၀၉–၄၅၀၂၇၉၄၆၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မင်းသိဒ္ဓိကျော်စွာလမ်း၊ မြေတိုင်း ရပ်ကွက်အမှတ် (ရလပ-၂၅)၊ မြေကွက်အမှတ် (၂၆)၊ အကျယ်အဝန်း (၂၀၅ ပေ/၂၀၉ ပေ x ၄၇၂ ပေ)၊ (၉၇၇၀၄) စတုရန်းပေ၊ ဧရိယာ (၂.၂၄၃) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့်ယင်း မြေကွက်ပေါ်ရှိ ဂိုဒေါင်အဆောက်အဦးများ (ယင်းအဆောက်အဦးများအတွင်း တပ်ဆင်ထားသည့်မရွှေ့မပြောင်းနိုင်သည့်ပါဝင်ပစ္စည်းများ၊ ရေ၊ မီး၊ မီတာများ) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြမြေစာရင်းတွင် **ဦးမောင်သောင်း** (၁၂/ကမရ (နိုင်) ၀၄၀၈၄၂) မှ ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော **ဦးလင်းထွဋ်နိုင်** (၅/ရဘန (နိုင်) ၁၆၂၂၄၄) နှင့် **ဒေါ်ယမင်းနိုင်** (၅/ရဘန (နိုင်) ၁၆၂၂၄၅) တို့မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါ သည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလင်းထွဋ်နိုင်နှင့် ဒေါ်ယမင်းနိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မွန်မွန်ချို (LL.B)** **ဒေါ်စန္ဒာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)** **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)**
အမှတ် (၈၂၈/က)၊ ကျွန်းချွေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊
ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – ၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၈၆၁၆၊ ၀၉–၅၀၇၉၉၇၈

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(ပ/ ၅၀)၊ ပြည်ထောင်စုလမ်း၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **(၁) ဦးအောင်သူ** [၁၂/ရကန (နိုင်) ၀၁၇၇၃၇]နှင့် **(၂) ဒေါ်စန်းစန်းဌေး** [၁၂/ဥကတ (နိုင်) ၁၈၀၄၅၉] တို့ပူးတွဲအမည်ပေါက် တည်ရှိပြီး အမည်ပေါက်များကိုယ်တိုင်မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်အိမြတ်မွန်[၁၂/ ဒဂမ(နိုင်) ၀၁၂၈၉၂]**မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိမြတ်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို (LL.B)** **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)** **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)**
**အမှတ် (၈၂၈/ခ)၊ ကျွန်းချွေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၈၆၁၆၊ ၀၉–၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ၊ ကွင်းအမည် (၁၀၄၁-A/လှည်းကူးကွင်း)၊ ဦးပိုင်အမှတ် (ဂ/၁၉/င)၊ ဧရိယာ (၁)ဧကရှိ (R)အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၄၄၆)၊ တပင်ရွှေထီး(၂)လမ်း၊ ကျွန်းကလေးအရှေ့ပိုင်းကျေးရွာ၊ လှည်းကူး မြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ကြည်ထွေး (ဘ) ဦးကျော်ရှိန်း၊ (၁၂/မဂဒ(နိုင်)၁၁၆၅၀၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (၇-၃-၂၀၂၅)ရက်နေ့တွင် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေ အဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ စာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြေငြာအပ်ပါသည်၊ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးခင်မောင်ချို(စဉ် -၆၃၂၀) တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့၊ ၀၉ -၄၃၀၈၈၅၄၉

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ ၂၀)
## သဃ်န်းကျွန်းခရိုင်တရားရုံး၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၂၆

ဒေါ်ဟေမာနွယ် နှင့် ဒေါ်တင်တင်အေး
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက်၊ ဒေါင်းမင်းလမ်း၊ အမှတ် (၂၃၃/၂)နေ တရားပြိုင် ဒေါ်တင်တင်အေး (ယခုနေရပ် လိပ်စာမသိသူ) သိရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ် စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ (၃)ရက်၊ (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့ လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို က ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ (၃)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြမြဦး)**
**ခရိုင်တရားသူကြီး**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## မွန်ပြည်နယ်အစိုးရအဖွဲ့
## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## တိုင်းရင်းသားအခွင့်အရေးများ
## ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန
## စိတ်ဝင်စားမှုအဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မင်းရွာကျေးရွာရှိ မွန်ပြည်နယ် တိုင်းရင်းသား ယဉ်ကျေးမှုစင်တာ လုပ်ငန်းနေရာတွင် တိုင်းရင်းသား ရိုးရာအိမ်များ တည်ဆောက်ရေးစီမံကိန်း Zone(A) နှင့် Zone(B)တို့ကို ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ရန် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများအနေဖြင့် Zone တစ်ခုချင်းအလိုက် အောက်ပါ အတိုင်း စိတ်ဝင်စားမှုအဆိုပြုလွှာ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ် ပါသည်–

(က) အဆိုပြုလျှောက်လွှာ ရောင်းချမည့်ရက်၊ အချိန်နာရီ – (၁၀–၃–၂၀၂၅) ရက်နေ့မှ (၂၄–၃–၂၀၂၅)ရက်နေ့အထိ (၁၀:၀၀)နာရီ မှ (၃:၀၀)နာရီအထိ
(ခ) အဆိုပြုလျှောက်လွှာတန်ဖိုး – (၅၀၀၀၀) ကျပ်
(ဂ) အဆိုပြုလွှာနောက်ဆုံးတင်သွင်း ရမည့်နေ့ရက်၊ အချိန် နာရီ – (၂၄–၃–၂၀၂၅)ရက်နေ့၊တနင်္လာနေ့ (၁၅:၀၀)နာရီ
(ဃ) နေရာ – တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံး

၂။ တင်ဒါခေါ်ယူမှုနှင့်စပ်လျဉ်း၍ ယှဉ်ပြိုင်သည့် ကုမ္ပဏီမှသာ သိစေအပ် သည့် အသေးစိတ်အချက်အလက်များကို အခြားလူပုဂ္ဂိုလ်(သို့မဟုတ်) အဖွဲ့အစည်းသို့ ထုတ်ဖော်ပြောဆိုခြင်း မပြုပါကြောင်း သဘောတူညီချက် တင်ပြမှုဖြင့် လျှောက်လွှာရောင်းချပေးမည်ဖြစ်ပါသည်။

၃။ အဆိုပြုလွှာတင်သွင်းသူများထံ အဆိုပြုလွှာ ဖွင့်လှစ်မည့်ရက်ကို ထပ်မံအကြောင်းကြားပေးပါမည်။

၄။ အသေးစိတ်သိရှိလိုပါက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ်– ၀၉– ၆၈၁၀၅၈၅၄၄ နှင့် ၀၉–၄၄၅၉၂၂၅၃၄သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်း စုံစမ်းနိုင်ပါသည်။

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဒရယ်မီကျေးရွာအုပ်စု၊ ဆင်စခန်း ကျေးရွာ၊ ကွင်းအမှတ်–၄၁၀ ခ/၇၊ ကွင်းအမည်–တပ်စု၊ ဦးပိုင်အမှတ်– ၁၃/၄၊ ရွာမြေအမျိုးအစား၊ အကျယ်အဝန်း (အလျား ၁၃၅ပေx အနံ ၁၃၅ပေ)ရှိ ဦးအေး (DKU–၀၃၇၂၆) အမည်ပေါက် မြေကွက်အား ကျွန်ုပ်မိတ်ဆွေများ ဖြစ်သည့် (ဦးမျိုးမြင့်သိန်း) [၁၂/မဘန(နိုင်)၀၀၂၁၉၀] ဒေါ်ခင်မာချို [၁၂/ သဃက(နိုင်)၀၆၂၉၃၁]တို့မှ (၈–၂–၂၀၁၁)ရက်နေ့ကတည်းက ဝယ်ယူ ပိုင်ဆိုင် လက်ရောက်ရယူခဲ့ကြပြီး ယနေ့အချိန်အထိ (ဦးမျိုးမြင့်သိန်း)နှင့် ဒေါ်ခင်မာချိုတို့သာ ပိုင်ရှင်အစစ်အမှန်ဖြစ်ကြောင်း၊ စီမံခန့်ခွဲပိုင်ခွင့်ရှိ သူများ ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာချို၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိဝေ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၃၅၉၉)**
**အမှတ်(၃၃၃)၊ နဝရတ်ရေစင်(၁)လမ်း၊ ပြည်တော်သာရပ်ကွက်၊**
**လှည်းကူးမြို့။ ဖုန်း–၀၉–၂၆၁၄၄၆၄၁**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ မြေနီ(၆)လမ်း၊ အိမ်အမှတ် (၇၀၆) နေ ဦးသိန်းထိုက် [၁၂/သကတ(နိုင်)၁၂၃၇၅]၊ ဒေါ်သီသီမြ [၁၂/သကတ(နိုင်)၁၃၄၈၅၃]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ဦးသိန်းထိုက်နှင့် ဒေါ်သီသီမြတို့၏သားဖြစ်သူ မောင်ကောင်းမြတ်သူ [၁၂/သကတ(နိုင်)၂၀၅၉၂၄]သည် ဖခင်နှင့် မိခင်တို့၏ ဆိုဆုံးမမှုကို လိုက်နာခြင်း မရှိဘဲ ၎င်း၏သဘောဆန္ဒအတိုင်း ပြုမူလုပ်ဆောင်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက် သော လူမှုရေးအရှုပ်အရှင်း၊ ငွေကြေးအရှုပ်အရှင်း အခြားမည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အိအိအောင် (LL.B, WIPO)**
**အထက်တန်းရှေ့နေ (စဉ်–၅၄၂၈၂)**
**အမှတ်(၉၄)၊ ပါရမီလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၄၂၀၄၂၃၄၃၈**

## ဦးသိန်းအောင်သိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေရန် အသိပေးအကြောင်းကြား ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ်–(၃)၊ မြေတိုင်းရပ်ကွက်အမှတ်– (၃၆)၊ မြေကွက်အမှတ်– (၉၈)၊ ဧရိယာ (၀.၀၈၂)ဧကရှိ ဒုတိယဗိုလ်မှူးကြီးသိန်းအောင် အမည်ပေါက် နှစ်(၆၀) ဂရန်မြေနှင့် ပေါက်ရောက်သစ်ပင်ဝန်းခြံအကာအရံအပါအဝင် နေထိုင် ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသိန်းအောင် [၁၃/လရန (နိုင်)၁၀၇၂၄၂]ထံမှ (၁၉၉၈)ခုနှစ်တွင် **"နှစ်ဦးသဘောတူ မြေကွက် အရောင်းအဝယ် အပြီးသတ်ငွေပေးစာချုပ်"**ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါ စာချုပ်ပါ လူကြီးမင်း၏ ကတိပြုထားချက်အတိုင်း ကျွန်ုပ်မိတ်ဆွေနှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ဆက်သွယ်ခဲ့သော်လည်း လူကြီးမင်းတို့၏ နေရပ်လိပ်စာအား ရှာဖွေမတွေ့ရှိသဖြင့် ယခုကြေညာချက်ပါ သည့်အချိန်မှ (၃)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ဆောင်ရွက်ပေးပါရန် အသိပေးအကြောင်းကြားကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇာခြည်ဝင်း(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၂၉၁)**
**တိုက်–(၇)၊အခန်း–(၈)၊ မြေညီ၊ နေကြာသာယာကုန်းလမ်း၊**
**ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၅၁၃၀၉၇၃၊ ၀၉–၉၇၄၅၃၃၇၁၂**

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့်
## အချိန်ပိုင်းအနုပညာဒီပလိုမာသင်တန်း
## ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် အချိန်ပိုင်းအနုပညာဒီပလိုမာ (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်၊ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှု၊ အနုပညာကွန်ပျူတာ) သင်တန်းများ စတင်ဖွင့်လှစ်မည် ဖြစ်ပါသဖြင့် အောက်ဖော်ပြပါအတိုင်း လျှောက်ထားနိုင် သည်–

(က) **ပညာအရည်အချင်းသတ်မှတ်ချက်** – အခြေခံပညာ အထက်တန်း Grade–12 (သို့မဟုတ်) ဒသမတန်း တက်ရောက်ခဲ့သူ ဖြစ်ရမည်။ အနုပညာ ကွန်ပျူတာဒီပလိုမာ သင်တန်းအတွက် ကွန်ပျူတာ အခြေခံတတ်ကျွမ်းရမည်။

(ခ) **သင်ကြားမည့်ဘာသာရပ်များ**
(၁) ဂီတပညာ – စောင်း၊ ပတ္တလား၊ စန္ဒရား၊ တယော၊ အဆို
(၂) သဘင်ပညာ – မြန်မာ့ရိုးရာရုပ်သေးပညာ၊ မြန်မာ့ရိုးရာအကပညာ
(၃) ပန်းချီပညာ – အခြေခံပန်းချီပညာ၊ ရေဆေးပန်းချီရေးဆွဲနည်း၊ ဆီဆေးပန်းချီရေးဆွဲနည်း
(၄) ပန်းပုပညာ – အခြေခံပန်းပုပညာ၊ မြန်မာ့ရိုးရာပန်းပု၊ ပန်းပုပုံဖော်နည်းပညာ
(၅) ရုပ်ရှင်နှင့်ပြဇာတ်ပညာ – ဓာတ်ပုံပညာ
(၆) ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာ – ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာ
(၇) အနုပညာကွန်ပျူတာ – Computer Basic / Desktop Publishing / Graphic Design / Video Editing and Special Computer Effect / Audio Engineering/ 3D, 4D Modeling and Animation / Professional Color Grading and Correction / Additional Subject

(ဂ) **သင်တန်းကာလ** – Level (၁)ခုလျှင် (၃)လ၊ စုစုပေါင်း (၉)လ
– Level – I (Section– 1) ၁၇–၃–၂၀၂၅ ရက်နေ့မှ ၁၈–၆–၂၀၂၅ ရက်နေ့ထိ
(Section– 2) ၂၂–၃–၂၀၂၅ ရက်နေ့မှ ၂၂–၆–၂၀၂၅ ရက်နေ့ထိ
(Section– 3) ၂၂–၃–၂၀၂၅ ရက်နေ့မှ ၂၂–၆–၂၀၂၅ ရက်နေ့ထိ

(ဃ) **သင်ကြားချိန်** – Level – I (Section– 1) (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) – နံနက် (၀၇:၀၀)နာရီမှ (၀၉:၀၀)နာရီ
(Section – 2) (စနေ၊ တနင်္ဂနွေ) – နံနက် (၀၉:၀၀) နာရီမှ (၁၂:၀၀)နာရီ
(Section – 3) (စနေ၊ တနင်္ဂနွေ) – မွန်းလွဲ (၁၃:၀၀)နာရီမှ (၁၆:၀၀)နာရီ

(မှတ်ချက်။ အနုပညာဒီပလိုမာ (ဂီတ၊ သဘင်၊ ပန်းချီ) သင်တန်းများအတွက် (Section – 1 , 2)/ အနုပညာဒီပလိုမာ (ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်၊ ယဉ်၊မွေ၊နှစ်)သင်တန်းများအတွက် (Section– 1)တို့ကိုသာ ဖွင့်လှစ်မည်ဖြစ်ပြီး အနုပညာ ကွန်ပျူတာဒီပလိုမာသင်တန်းအတွက် (Section – 1, 2, 3)တို့ကို ဖွင့်လှစ်သွားမည်ဖြစ်သည်။)

(င) **ပေးအပ်မည့်ဒီပလိုမာလက်မှတ်**
(၁) အချိန်ပိုင်းအနုပညာဒီပလိုမာ(ဂီတ)/ (သဘင်) (ပန်းချီ)/ (ပန်းပု)/ (ဓာတ်ပုံ)/(ယဉ်ကျေးမှု အမွေအနှစ်စီမံခန့်ခွဲမှု)/(အနုပညာကွန်ပျူတာ) – Part Time Diploma in Arts (Music)/ (Dramatic Arts)/(Painting)/ (Sculpture)/ (Cinematography)/ (Cultural Heritage Management)/ (Computer Arts)

(စ) **လျှောက်လွှာပုံစံရယူခြင်းနှင့် တင်သွင်းခြင်း** – အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊သင်တန်းရေးရာ ဌာန၌ လျှောက်လွှာပုံစံများကို ၁၀–၃–၂၀၂၅ ရက်နေ့မှ စတင်ရယူ လျှောက်ထားနိုင်ပြီး ၁၂–၃–၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထား ရမည်။ လျှောက်လွှာနှင့်အတူ အခြေခံပညာအထက်တန်း Grade – 12 (သို့မဟုတ်) ဒသမတန်း တက်ရောက်ခဲ့ကြောင်း (သို့မဟုတ်) အောင်မြင် ကြောင်း ထောက်ခံချက်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ပတ်စပို့အရွယ်ဓာတ်ပုံ (၅)ပုံတို့နှင့်အတူ ပူးတွဲလျက်လျှောက်ထားရမည်။

(ဆ) **လူတွေ့စစ်ဆေးမည့်ရက်** – ၁၆–၃–၂၀၂၅ ရက်နေ့၊ နံနက် ၁၀:၀၀ နာရီ၊ စွယ်တော်ဆောင်၊ မျိုး၊ ယဉ်၊ နု(ရန်ကုန်)

(ဇ) **ဝင်ခွင့်ကြေညာမည့်ရက်** – ၁၆–၃–၂၀၂၅ ရက်နေ့

၂။ Level တစ်ခုပြီးမြောက်ပါက သင်တန်းပြီးမြောက်ကြောင်းလက်မှတ်ပေးအပ်မည်ဖြစ်ပါသည်။ Level သုံးခုလုံး ပြီးမြောက်သူသည် အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူဖြစ်ပါက ဒီပလိုမာလက်မှတ် အပ်နှင်းမည်ဖြစ် ပါသည်။

၃။ သင်တန်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက သင်တန်းရေးရာဌာန ဖုန်း၊ ၀၉–၄၂၀၁၂၈၀၈၊ ၀၉–၇၈၈၁၈၉၁၈၀၊ ၀၉–၂၅၀၀၈၈၂၆၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ မြေကွက်အမှတ်(၁၂၆)၊ အဆောက်အုံအမှတ်(၂၂)၊ (၇)ထပ်တိုက် အဆောက်အအုံ(၁၄)ခန်း အနက်မှ(၄–လွှာ)(ခေါင်းရင်းဘက်ခြမ်း) အကျယ်အဝန်း (၁၂ပေခွဲx ၅၀ပေ)အပါအဝင် ရေမီးစုံလင်စွာပါရှိသော တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ် အဆက်အစပ်နှင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်ထိ တရားဝင်လက်ရှိ အကျိုးခံစားလျက်ရှိသူ ဒေါ်စွဲ့ခမ်နွယ်(ခ) စွဲ့ခမ်နွယ်အောင် (ဘ) ဦးစောနွဲ့ကြံအောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဒိမ်းငိုးကျိုန် (ဘ) ဦးငိုလ်းဇထန် [၉/မမန(နိုင်) ၀၀၈၂၅၆] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ သည်။ သို့ပါ၍ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက် အတွင်း ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဒိမ်းငိုးကျိုန်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကျိုန်ထိတ်ကိမ် (LL.B) အထက်တန်းရှေ့နေ (စဉ်–၅၅၇၀၁)**
**အမှတ်– ၂၉၊ ဘောဂလမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၅၆၆၄၃၄၃**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဇေယျာဝတီလမ်း၊ (ဗဟိုလမ်း)၊ အမှတ်(၄၆)၊ (၂)ခန်းတွဲ၊ (၈)ထပ်တိုက်၏ ပထမထပ်(၂–လွှာ)(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ပေခွဲx ၅၀ပေ) အပါအဝင် ရေမီးစုံလင်စွာ ပါရှိသော တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ် အဆက်အစပ်စာချုပ်စာတမ်းများဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်ထိ တရားဝင်လက်ရှိ အကျိုးခံစားလျက်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်နန်းထက်ဝင်း (ဘ) ဦးကျော်မောင် [၁၂/သလန(နိုင်)၂၁၀၅၅၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဒိမ်းငိုးကျိုန် (ဘ)ဦးငိုလ်းဇထန် [၉/မမန(နိုင်)၀၀၈၂၅၆] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေ ထားပြီးဖြစ်ပါသည်။ သို့ပါ၍ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဒိမ်းငိုးကျိုန်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကျိုန်ထိတ်ကိမ် (LL.B) အထက်တန်းရှေ့နေ (စဉ်–၅၅၇၀၁)**
**အမှတ်– ၂၉၊ ဘောဂလမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၅၆၆၄၃၄၃**

## အများသိစေရန် သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်သိန်း အမျိုးသားမှတ်ပုံတင်အမှတ် (အေအေ-၁၁၁၅၆၄)နှင့် ဇနီး ဒေါ်တင်မြင့် အမျိုးသားမှတ်ပုံတင်အမှတ် (အိပ်ချ်ဇက်အေ-၁၅၅၇၆၅) အမှတ်(မ-၂)၊ ကြေးတိုင်စု(၂)လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့ကွက်အမှတ်(၄)၊ ပိန္နဲကုန်းကွက်ဦးပိုင်အမှတ်(၅/ဇ-၁)၊ ဧရိယာဧက(၀.၀၃၅)ရှိ မြေပိုင်မြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက် မူလပိုင်ရှင်ဒေါ်ခင်သိန်း (အိုင်အက်စ်အင်-၁၂၈၀၁၅)ထံမှ ၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ (၄)ရက်နေ့တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၆၉၂/၈၃)ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ဒေါ်ခင်သိန်း အမည်မှ ဦးဟန်သိန်းနှင့် ဒေါ်တင်မြင့် အမည်သို့ (၅-၁၀-၁၉၉၂)ရက်နေ့တွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၌ အမည်ပြောင်းပြီး ယခုအချိန်ထိ အထက်ဖော်ပြပါ မြေ၏အမည်ပေါက်လက်ရှိပိုင်ဆိုင်နေထိုင်သူများမှာ- ဦးဟန်သိန်းနှင့် ဒေါ်တင်မြင့် တို့ဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ ဦးဟန်သိန်းနှင့် ဒေါ်တင်မြင့်တို့အမည်ပေါက်ပိုင်ဆိုင်နေထိုင်သည့် မြေအပါအဝင် ယင်းမြေပေါ်ရှိ ရွှေ့ပြောင်း/မရွှေ့ပြောင်းနိုင်သော အဆောက်အဦများ၊ ပစ္စည်းများနှင့်ပတ်သက်၍ အမည်ပေါက် ပိုင်ဆိုင်သည့် ပိုင်ရှင်များ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိ၊ မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်းနှင့် အဆောက်အဦများပြုပြင်၊ တိုးချဲ့ဆောက်လုပ်ခြင်းများ မပြုလုပ်ရန်နှင့် တားမြစ်ချက်များအပေါ် လိုက်နာဆောင်ရွက်မှုများမရှိပါက သက်ဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လက်ခံဆောင်ရွက်ပေးသူများရှိပါကလည်း ဆောင်ရွက်သူများ၏ တာဝန်သာဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**လေးလေးရီ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၃၄/၈၇)**
**(၁၁၇)၊ ၄လွှာ/B၊ ပြည်တော်အေးလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၁၉၁၀၉၇**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်မေဦးမောင် [၁၂/အစန(နိုင်)၁၉၃၅၇၄]၊ ဦးကျော်ဇေယျာမြင့်[၁၂/မဂဒ(နိုင်)၁၃၆၆၇၇]နှင့် ဒေါ်သွယ်ထက်ဦး [၁၂/ရပသ(နိုင်)၁၀၂၈၅၈] ကိုင်ဆောင်သူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်မေဦးမောင်၊ ဒေါ်သွယ်ထက်ဦးနှင့် ဦးကျော်ဇေယျာမြင့်တို့သည် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် လုပ်ငန်းသုံး Page များအဖြစ် MA May Oo (M O M)/MAY OO MAUNG Beauty Academy/ May Oo Maung Beauty Academy/ Chaw Su May Beauty Salon and Hair Profession/KK Hair Salon Supply Shop Yangon/M Myanmar Beauty SPMU အမည်ဖြင့် စီပွားရေးလုပ်ငန်းများကို ကောင်းသောဂုဏ်သတင်းဖြင့် လုပ်ကိုင်နေသူများဖြစ်ပါသည်။ ထို့အပြင် ၎င်းတို့ကိုယ်ပိုင်အသုံးပြုကိုင်ဆောင်သော ဖုန်းများနှင့် Page များတွင် ဖော်ပြထားသော လုပ်ငန်းသုံးဖုန်းများမှလွဲ၍ အခြားသောအကောင့်များ၊ ဖုန်းများသုံးစွဲခြင်းမရှိပါ။ ယခုအချိန်တွင် အခြားသော လူမှုကွန်ရက်များ၌ ကျွန်ုပ်မိတ်ဆွေများ၏ ရုပ်ပုံနှင့် လုပ်ငန်းပုံရိပ်များအား အသုံးပြု၍ မသမာသူများသည် မမှန်မကန်ဖော်ပြခြင်း၊ ငွေကြေးတောင်းခံခြင်း၊ ကျွန်ုပ်မိတ်ဆွေများ၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ ကြံစည်ဆောင်ရွက်နေသည်များကို မြင်တွေ့ကြားသိနေရပါသည်။

ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေများ၏ Customer များအနေဖြင့် အထက်ဖော်ပြပါ လုပ်ငန်းသုံး page များ၊ လုပ်ငန်းသုံးဖုန်းများကိုသာ တိုက်ရိုက်ဆက်သွယ်အကြောင်းကြားပြီးမှ လုပ်ကိုင်စေလိုပြီး၊ အခြားဖုန်းများ၊ Account အတုများအား ဆက်သွယ်ပြီး ဖြစ်ပေါ်လာမည့် မည်သည့်ကိစ္စအရပ်ရပ်ကိုမဆို ကျွန်ုပ်၏မိတ်ဆွေများဘက်မှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ပါ။ ထို့ပြင် ကျွန်ုပ်မိတ်ဆွေများ၏ ဓာတ်ပုံများကိုအသုံးပြု၍ Account အတုများ ဖွင့်လှစ်ကာ မမှန်မကန်သတင်းများကို ဆက်သွယ်ရေးကွန်ရက်မှ အသုံးပြုခြင်း၊ ရေးသားဖြန့်ဝေခြင်း၊ မှတ်ချက်ပေးခြင်းများ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာမှုမရှိဘဲ ဆက်လက်ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွယ်နွယ်ထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၃၅)**
**ဖုန်း-၀၉-၇၉၈၂၃၃၄၈၁၊ ၀၉-၄၃၀၅၂၃၈၅**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆၊ လူနေရပ်ကွက်အမှတ်-၅/၄၊ အင်ကြင်းလမ်း၊ မြေကွက်အမှတ်-၂၂၉(ခ)၊ အကျယ်ပေ(၂၀x၆၀)ရှိ ဒေါ်စန်းညွန့် အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေအား ဂရန်အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူ၍ လက်ဝယ်ထားရှိနေထိုင်ပိုင်ဆိုင်သူ ဦးအောင်မြင့်စိုး [၈/နမန(နိုင်)၁၀၅၈၁၄]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျင်မောင်မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေ၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးကျင်မောင်** | **ဒေါ်ခင်မာလွင်** |
| **[၉/တသန(နိုင်)၀၈၈၅၆၄]** | **(LL.B.,D.B.L)** |
| **အမှတ်-၂၈၆(က)၊ သီရိမင်္ဂလာပတ်လမ်း၊** | **တရားလွှတ်တော်ရှေ့နေ** |
| **(၅/၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** | **(စဉ်-၇၆၅၂)** |
| | **အမှတ်-၁၉၂၊ ဗိုလ်ချုပ်လမ်း၊** |
| | **(၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁၈)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၁၉၈)၊ (၄၀x၆၀)ပေရှိ ရန်ကုန်မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်ခင်စမ်းရီ(TKA-020577) အမည်ပေါက် ပါမစ်မြေအမျိုးအစားကို ဒေါ်စန္ဒာဦး [၇/ကပက(နိုင်)၁၀၁၅၉၂]က အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီး ၎င်းမှတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီရိကျော်[၈/ခမန(နိုင်)၂၂၀၅၃]က ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်သီရိကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စောယုနိုင် (LL.B,D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၉၉)**
**အမှတ်(၄၄၄)၊ သော်ကမြိုင်လမ်း၊ (၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၅၉၄၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ အင်းဝအိမ်ရာ၊ တိုက်အမှတ်(၄၂)၊ အခန်းအမှတ်(၁၀၂)၊ ပထမထပ်၊ ဧရိယာ(၇၄၀)စတုရန်းပေရှိ ရေမီးအစုံ ဦးဇေယျာမျိုးမြင့် [၁၂/တမန(နိုင်)၀၀၇၄၈၅] အမည်ပေါက် တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးစိုးသီဟ[၁၂/မရက(နိုင်)၁၁၀၇၉၄] မှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်သောင်း[၁၁/စတန(နိုင်)၀၄၅၈၈၇]က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှသန်း(LL.B) ဥပဒေဘွဲ့**
**အထက်တန်းရှေ့နေ (စဉ်-၄၉၇၀၀၊ ၂၇-၄-၁၈)**
**ဒုတိယထပ်၊ တိုက်-၄၉၀(B)၊ လယ်ယာရွှေမြေလမ်း၊**
**မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၃၁၀၃၃၈၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၁၄၂၉)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ဦးကျော်အေး (AA-034120) အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်သူမှ ရောင်းချခဲ့ပြီး ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည်ဟု ဆိုလာသူ **ဦးလှမျိုးခိုင် [၈/မကန(နိုင်)၁၂၈၇၉၃]မှ** ၎င်းလက်ဝယ်ရှိ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးမမစိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ( စဉ်-၁၈၅၁၈)**
**အမှတ်(၁၉၀)၊ စိန်ပန်းမြိုင်လမ်း၊ (၁၃၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-09-261818180**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၇၄)ရပ်ကွက်၊ မန္တလေးလမ်းရှိ အနံ့ဇုန် မြေကွက်အမှတ်(၈၃)နှင့် မော်လမြိုင်လမ်းရှိ အနံ့ဇုန် မြေကွက်အမှတ် (၉၈)ဟု အသီးသီးခေါ်တွင်သော အကျယ်အဝန်း(၆၀ x ၈၀)ပေ ကျစီဖြင့် စုစုပေါင်း အကျယ်အဝန်း (၆၀ x ၁၆၀)ပေရှိ ပါမစ်မြေကွက်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတို့တွင် ဦးမောင်မောင်နှင့်ညီအစ်ကိုများ အမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေကွက်များဖြစ်ကြပါသည်။ ဖော်ပြပါမြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ အပါအဝင် ရေ၊ မီးအစုံ၊ ခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဌေးအောင်(ခ) MUTHAYA [၁၂/ရကန(ပြု)၀၀၀၀၉၈]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးဇော်ဝင်း [၁၂/သဃက(နိုင်)၂၀၃၃၄၉]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူဘက်မှ အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**

| | |
|---|---|
| **ဦးမင်းသက်ဇင်(LL.B)** | **ဒေါ်မျိုးမမစိုး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၇၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၁၈)** |
| **ဖုန်း-09-251027511** | **ဖုန်း- 09-261818180** |

**အမှတ်(၁၉၀)၊ စိန်ပန်းမြိုင်လမ်း၊ (၁၃၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဖေ (မုဒုံမြို့)
## (မြေစာရင်းဦးစီးမှူး-ငြိမ်း)
## အသက်(၇၆)နှစ်

မုဒုံမြို့နယ်၊ ဘဲရမ်းကျေးရွာ၊ (၃)လမ်း၊ အိမ်အမှတ်(၂၁)နေ (ဒေါ်မြစိန်)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးမင်းဗညားတင်၊ ဦးမင်းရန်နောင်တင်-ဒေါ်နွေးအိခိုင်၊ ဦးမင်းအောင်နန္ဒာတင်-ဒေါ်ခင်စန္ဒာဦး၊ ဦးရဲမောင်မောင်တင်-ဒေါ်တင်ဇာလွင်၊ ဦးရဲအောင်အောင်တင်-ဒေါ်သင်းသင်းအိတို့၏ ကျေးဇူးရှင် ဖခင်ကြီး၊ မြေး ကိုးယောက်တို့၏ ချစ်လှစွာသော အဘိုးသည် ၈-၃-၂၀၂၅(စနေနေ့) နံနက် ၀၀:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၂၅ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ဘဲရမ်းသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၃-၂၀၂၅(သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သော စိတ်ထားဖြင့် အသိပေး ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မွှေးနီ[၁၂/သကတ(နိုင်)၀၁၉၁၆၀]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာသည်မှာ- ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ လူနေရပ်ကွက်အမှတ် ယမုံနာ(၁)ရပ်ကွက်၊ မြေကွက်အမှတ်(၂၈၂)၊ အိမ်အမှတ်(၄၀၉/ခ)၊ (၁၅)ကမ်းနားလမ်း၊ အကျယ်အဝန်း(၂၅ပေ x ၅၀ပေ)ပေအနက်မှ (ခြေရင်းဘက်ခြမ်း)အကျယ်အဝန်း(၁၂ပေခွဲx ၅၀ပေ)ရှိ ဦးထွန်းရွှေ၊ ဦးခင်မောင်အုန်း အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်လှဲ့လှဲ့ဝင်း[၁၂/ဒပန(ဧည့်)၀၀၀၀၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်/စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်မြတ်သိမ်း (LL.B) တရားလွှတ်တော်ရှေ့နေ (၁၀၃၇၈)**
**အမှတ်(၄၁၄)၊ ကျန်စစ်သားလမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၅၅၉၈၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၃)ရပ်ကွက်၊ မြခွာညို (၁)လမ်း၊ အမှတ်(၉၅)ဟုခေါ်တွင်သော (၁၀ပေx၆၀ပေ)ခေါင်းရင်းခြမ်းမြေ ဒေါ်မြင့်မြင့်အေး အမည်ပေါက် ပါမစ်မိတ္တူတစ်စုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား** စာချုပ်စာတမ်းအဆက်စပ်များနှင့် တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုနှင့်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဦးကျော်သက်အောင် [၁၂/သဃက(နိုင်)၀၄၄၂၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်သူ[၁၂/ဥကမ(နိုင်)၁၉၇၀၉၈]ကိုင်ဆောင်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေဝယ်ယူပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ရေးဆိုင်ခွင့် စာချုပ်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သော်သော်မင်းသူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၄၅)**
**အမှတ်(၆၂)၊ ရွှေလှိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်။ ဖုန်း-၀၉-၂၂၀၁၆၉၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/အေ)၊ မြေကွက်အမှတ်(6-I)၊ အကျယ်အဝန်း( ၅၆'/၅၇'.၆'' x၈၇'.၉'')ရှိ ဦးအေးထွဋ် [၁၂/ဥကတ(နိုင်)၀၇၃၀၁၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်(C-7)၊ မြို့တော်(၃)လမ်း၊ ချမ်းသာရွှေပြည်အိမ်ရာရှိ (၂-ထပ်)တိုက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးအေးထွဋ်** မှ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဟေမာန်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၈၁)**
**တိုက်(A-2)၊ အခန်း(၁၀၃)၊ ဗိုလ်မှူးဗထူးအိမ်ရာ၊ ၄၈U10)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၀၀၉၃၉၄၊ ၀၉-၂၅၀၂၃၀၁၂၅**

**သာလွန်ကျော်**
**အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
မြောက်ပိုင်း၊ တောင်ပိုင်း၊
ဆိပ်ကမ်း လေးမြို့နယ်ရှိ
မြေကွက်များ ဝယ်လိုသည်။
**Ph:09-420780797**
**09-261119599**

ဒဂုံမြို့သစ်တောင်ပိုင်း၊
မြောက်ပိုင်း၊ အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်များရှိ
မြေကွက်များ ဝယ်လိုသည်
ပိုင်ရှင်ကိုယ်တိုင်
ဆက်သွယ်ပါ။
**09260664480**
**09260664490**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၈၉၆)၊ ဒေါ်ဝါဝါအေး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ ဧရိယာ(၀.၀၅၅)ဧက အလျား(၄၀ပေxအနံ၆၀ပေ) အကျယ်အဝန်းရှိသော မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်လက်ရှိထားပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသူ ဒေါ်ဝါဝါအေး [၉/ပဥလ(နိုင်)၀၆၆၄၂၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ထွန်းလေး [၆/ပလန(နိုင်)၀၅၂၂၅၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း(မူရင်း)များ ယူဆောင်၍ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ကိုကိုဝင်း(LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၄၂၃)**
**အမှတ်(၀/၇၆)၊ တပင်ရွှေထီးလမ်း၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၁၈၉၅၄၂**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ MNDAA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့အား ၂-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်က အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီးဖြစ်...

❖ ထို့ကြောင့် ၎င်းတို့နှင့် ဆက်နွယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

### ယနေ့ ဖတ်စရာ


ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၁၄၂၈ ဒသမ ၄၃ တန် ပေးပို့ စာမျက်နှာ » ၇

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (၅) (ကုန်ထုတ်သမဝါယမအသင်းများနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ) ဆောင်းပါး စာမျက်နှာ » ၁၀

မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းသည် ပုဂံဒေသခံများအတွက် ဝင်ငွေရလုပ်ငန်းတစ်ခုဖြစ် စာမျက်နှာ » ၁၄

USAID ဘာလဲ...ဘယ်လဲ ဆောင်းပါး စာမျက်နှာ » ၁၈


## တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ဝိုင်ဘီအက်စ်ယာဉ်များ တိုးချဲ့ပြေးဆွဲပေးမည်

ရန်ကုန် မတ် ၈

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် ဝိုင်ဘီအက်စ်ယာဉ်များအား ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကာလအတွင်း တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ကြောင်း ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC)၌ ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်မှ ၂၂ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖြေဆိုကြမည်ဖြစ်ရာ စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ✻



## မိုချန်ဂလာဘတ်ချ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး မိန့်ဇ်အသင်း ဘွန်ဒက်လီဂါအမှတ်ပေးဇယား အဆင့်(၃)နေရာ တက်လှမ်း



မိုချန်ဂလာဘတ်ချ်အသင်းနှင့် မိန့်ဇ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၂၅)ရဲ့ အစောဆုံးပွဲစဉ်ဖြစ်တဲ့ မိုချန်ဂလာဘတ်ချ်အသင်းနဲ့ မိန့်ဇ်အသင်းတို့ပွဲစဉ်ကို မတ် ၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အဝေးကွင်းကို လာရောက်ကစားခဲ့ရတဲ့ မိန့်ဇ်အသင်းက အိမ်ရှင် မိုချန်ဂလာဘတ်ချ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဧည့်သည် မိန့်ဇ်အသင်းက ပထမပိုင်းပွဲကစားချိန် ၃၉ မိနစ်မှာ တိုက်စစ်မှူး နီဘယ်လ်ရဲ့သွင်းဂိုး၊ ဒုတိယပိုင်း ၄၉မိနစ်မှာ ကွင်းလယ်ကစားသမား ဒိုမိနစ်ခေါ်ရဲ့သွင်းဂိုးနဲ့ ၇၇ မိနစ်မှာ ကွင်းလယ်ကစားသမား နာဒီယမ် အမီရီက တစ်ဂိုး သွင်းယူပေးခဲ့ပြီး

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖

## ONE Fight Night-29 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ စိုးလင်းဦး အမှတ်ဖြင့်ရှုံးနိမ့်

ရန်ကုန် မတ် ၈

ONE Fight Night–29 ပြိုင်ပွဲကို မတ် ၈ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပရာ မြန်မာဖိုက်တာ စိုးလင်းဦး အမှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❑



စိုးလင်းဦးနှင့် ဒီမီထရီတို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်။